(အလုပ်ရှာနေသောပုဂ္ဂိုလ်များအတွက် )

**မထောက်ပံ့မှု မှန်ကန်စွာလက်ခံရန်အတွက် သေချာပေါက် ဖတ်ရှုပေးပါ။**

（ミャンマー語）

# အလုပ်အာမခံမှအလုပ်လက်မဲ့စသည့်ထောက်ပံ့မှုလက်ခံရန်အရည်အချင်းပြည့်မီသူများအတွက်လမ်းညွှန်

| ထောက်ပံ့မှုလက်ခံရန်အရည်အချင်းပြည့်မီမှုအားသတ်မှတ်သည့်ရက်စွဲ | ရေး၀    နှစ်    လ    ရက် | အသိအမှတ်ပြုရက် (အမျိုးအစား-နေ့) |
|---|---|---|
| ထောက်ပံ့မည့်နံပါတ် | □□ — □□□□□□ — □ | အမျိုးအစား<br>နေ့ |
| အမည် | | |

◎သင်၏အလုပ်အာမခံရှင်းလင်းပွဲသည် အောက်ပါအတိုင်းဖြစ်ပါသည်။

| အလုပ်အာမခံရှင်းလင်းပွဲ၏နေ့ရက်နှင့်အချိန် | လ    ရက် (    နေ့)    နာရီ    မိနစ် |
|---|---|

※ အလုပ်အာမခံရှင်းလင်းပွဲသို့ အဝိုင်းသင်္ကေတ○ဝိုင်းထားသည့်အရာများအားယူဆောင်လာခဲ့ပါ။

1 ထောက်ပံ့မှုလက်ခံရန်အရည်အချင်းပြည့်မီသူများအတွက်လမ်းညွှန်

2 စာရေးကိရိယာများ

3 ငွေလွှဲထည့်ပေးစေလိုသောဘဏ္ဍာရေးအဖွဲ့အစည်းကိုရွေးချယ်သတ်မှတ်သည့်လျှောက်လွှာ၊ သို့မဟုတ် ငွေအပ် (ငွေစု) ဘဏ်စာအုပ် (ကာယကံရှင်၏အမည်ဖြင့်)

4 ဓာတ်ပုံ ပုံ (ဒေါင်လိုက် 3cm x အလျားလိုက် 2.5cmခန့် ခန္ဓာကိုယ်အပေါ်ပိုင်းပုံ)

5 my number card၊ ကိုယ်ပိုင်နံပါတ်အကြောင်းကြားကဒ်၊ ကိုယ်ပိုင်နံပါတ်ရေးသွင်းထားသည့်နေထိုင်ခွင့်ကဒ် စသည်တို့ထဲမှတစ်ခု (*)

6 ယာဉ်မောင်းလိုင်စင်၊ အစိုးရရုံးမှထုတ်ပေးထားသည့်မှတ်ပုံတင်ကဒ်၊ အရည်အချင်းဖော်ပြချက်လက်မှတ် (ဓာတ်ပုံပါ) စသည်တို့ထဲမှတစ်ခု

(သင်္ဘောသားဖြစ်ပါက သင်္ဘောသားမှတ်ပုံတင်ကဒ်)

7 နေထိုင်ခွင့်ကဒ်တွင်ရေးသွင်းထားသည့်အချက်များအတွက် သက်သေခံစာရွက် (နေထိုင်ခွင့်ကဒ်မိတ္တူ၊ တံဆိပ်တုံးပါလက်မှတ်)

အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်ထားမှုကဒ် သို့မဟုတ် ကျန်းမာရေးအာမခံဝင်ရောက်ထားမှုကဒ်

8 အခြား ( )

(*)ထောက်ပံ့မှုလက်ခံရန်လုပ်ထုံးလုပ်နည်းများတွင် ကိုယ်ပိုင်နံပါတ်အတည်ပြုစာရွက်စာတမ်းများ (my number cardစသည်) တို့ လိုအပ်ပါသည်။

◎ သင်၏ပထမဦးဆုံးအလုပ်လက်မဲ့ထောက်ခံချက်ပေးမည့်ရက်သည် အောက်ပါအတိုင်းဖြစ်ပါသည်။

| ပထမဦးဆုံးအလုပ်လက်မဲ့ထောက်ခံချက်ပေးမည့်ရက် | လ    ရက် (    နေ့)    နာရီ    မိနစ် ~    နာရီ    မိနစ် |
|---|---|

※ ထောက်ခံချက်ပေးမည့်ရက်တွင် သေချာပေါက်အောက်ပါအရာများအားယူဆောင်လာခဲ့ပါ။

အလုပ်အာမခံထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ် ・ အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာ ・ အခြား ( )

**အလုပ်အာမခံရှင်းလင်းပွဲသို့မတက်ရောက်နိုင်ပါက သေချာပေါက်ကြိုတင်၍ဆက်သွယ်ပါ။**

※ အလုပ်အာမခံထောက်ပံ့မှုရရှိရန်လုပ်ထုံးလုပ်နည်းများပြုလုပ်ပါက လုပ်ထုံးလုပ်နည်းများအားပြုလုပ်သည့်နေ့မတိုင်မီရှိ အလုပ်အာမခံသို့ဝင်ရောက်ထားသည့် ကာလကို အခြေခံခံစားခွင့်များရှိမရှိ နှင့်မသက်ဆိုင်ပဲ ထိုနောက်ပိုင်း၏ အလုပ်အာမခံထောက်ပံ့မှုသတ်မှတ်ချက်အတွက် တွက်ချက်မှုတွင် ထည့်သွင်းတွက်ချက်မည် မဟုတ်သည့်အတွက် သတိထားပါ။

※ အကြောင်းအရာနှင့်ပတ်သက်၍မရှင်းလင်းသည့်အချက်များရှိပါက စိတ်ပေါ့ပေါ့ပါးပါးဖြင့် တာဝန်ရှိသူထံ မေးမြန်းပါ။

※ ကားရပ်နားရန်နေရာသည် အကန့်အသတ်ရှိသည့်အတွက်ကြောင့် တတ်နိုင်သမျှ အများပြည်သူသယ်ယူပို့ဆောင်ရေးကို အသုံးပြုပါ။

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏HPတွင် အလုပ်အာမခံ၏ Q&A အားရေးသားဖော်ပြထားသည့် အတွက်ကြောင့် ကြည့်ရှုပေးပါ။
"URLသည်ဤနေရာမှ" https://www.mhlw.go.jp/stf/seisakunitsuite/bunya/0000139508.html

# Hello Work ဝန်ဆောင်မှုကို အသုံးပြုပါ

Hello Work တွင် သင်တို့အားလုံး 1 ရက်ပဲဖြစ်ဖြစ် မြန်မြန် မိမိဆန္ဒရှိသော တည်ငြိမ်မှုရှိသည့်အလုပ်သို့ ဝင်ရောက်နိုင်စေရန် လုပ်ငန်းမိတ်ဆက်ခြင်း အစပြုသည့် အမျိုးမျိုးသောဝန်ဆောင်မှုများ ထောက်ပံ့ပေးလျက်ရှိပါသည်။

Hello Work သည် ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသော နိုင်ငံတော်အဖွဲ့အစည်းဖြစ်သည့်အတွက်ကြောင့် ဝန်ဆောင်မှုအားလုံးကို အခမဲ့အသုံးပြုနိုင်ပါသည်။ အောက်တွင် Hello Work ၏ အဓိကဝန်ဆောင်မှုများမိတ်ဆက်ပေးမည် ဖြစ်သည့်အတွက်ကြောင့် သေချာပေါက်အသုံးပြုပါ။

တစ်ဖန် Hello Work ကို အသုံးပြုမည့်အချိန်တွင် **"အလုပ်အာမခံထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်"** ကို ယူဆောင်လာခဲ့ပါ။

## အလုပ်နှင့်ပတ်သက်၍တိုင်ပင်ဆွေးနွေးခြင်း

Hello Work ၏ အလုပ်အကိုင်ဆွေးနွေးတိုင်ပင်မှုကောင်တာတွင် အလုပ်ရှာဖွေခြင်းနှင့်စပ်လျဉ်းသည့် အမျိုးမျိုးသောဆွေးနွေးတိုင်ပင်မှုများကို လက်ခံဆွေးနွေးလျက်ရှိပါသည်။ "လိုချင်တဲ့ အလုပ်ခေါ်ဆိုမှုကို ရှာမတွေ့ဘူး"၊ "စိတ်တိုင်းကျတဲ့ အလုပ်ခေါ်ဆိုမှုရှိတာ ဘယ်လိုလုပ်ရမလဲ...." စသည့် မည်သည့်အရာမဆို ရပါသည်။ စိတ်ပေါ့ပါးစွာဖြင့် ကောင်တာသို့ကြွရောက်လာခဲ့ပါ။

ထို့ပြင် ယခုလက်ရှိ အလုပ်ခေါ်ဆိုမှုအခြေအနေအားရှင်းပြခြင်းများ၊ 1 ရက်ပဲဖြစ်ဖြစ် မြန်မြန် အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်နိုင်ရန်အတွက် အကြံဉာဏ်ပေးခြင်း စသည်များလည်း ဆောင်ရွက်လျက်ရှိပါသည်။

## အလုပ်ခေါ်ဆိုမှု သတင်းအချက်အလက်များပေးအပ်ခြင်း

Hello Work တွင် အမျိုးမျိုးသောကုမ္ပဏီများမှ နေ့စဉ်အလုပ်ခေါ်ဆိုမှုအသစ်များ လက်ခံရရှိလျက်ရှိပါသည်။

အလုပ်ခေါ်ဆိုမှုသတင်းအချက်အလက်များသည် ကွန်ပျူတာကိုအသုံးပြု၍ အလွယ်တကူကြည့်ရှုနိုင်ပါသည်။

တစ်ဖန် Hello Work သည် အခြား Hello Work များတွင်ရရှိနိုင်သည့် အလုပ်ခေါ်ဆိုမှုသတင်းအချက်အလက်များပေးအပ်ခြင်းများလည်း ပြုလုပ်ပေးနေသည့်အတွက်ကြောင့် နယ်ပယ်ကျယ်ပြန့်သော အလုပ်ခေါ်ဆိုမှုသတင်းအချက်အလက်များကို လက်ဝယ်ရရှိနိုင်မည်ဖြစ်ပါသည်။

## ဆန္ဒရှိသည့်ကုမ္ပဏီသို့မိတ်ဆက်ပေးခြင်း

လျှောက်ထားလိုသောအလုပ်ခေါ်ဆိုမှုရှိပါက အလုပ်အကိုင်ဆွေးနွေးတိုင်ပင်မှုကောင်တာသို့ကြွရောက်လာခဲ့ပါ။

ထိုအလုပ်ခေါ်ဆိုမှုနှင့်ပတ်သက်သည့်ရှင်းလင်းချက်များ၊ အကြံဉာဏ်များ၊ မေးခွန်းများပါလက်ခံဖြေကြားပြီးနောက်တွင် ကုမ္ပဏီ၏တာဝန်ရှိသူနှင့် အင်တာဗျူးနေ့ရက်နှင့်အချိန်စသည်တို့ကို ညှိနှိုင်းဆောင်ရွက်ပေးပြီး မိတ်ဆက်စာ ပေးပါမည်။

ထို့ပြင် အလုပ်ခေါ်ဆိုမှု၏ သတ်မှတ်ချက်အမျိုးအစားအသီးသီးသည် မိမိဆန္ဒနှင့် အနည်းနှင့်အများမကိုက်ညီပါက ကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

## အလုပ်ရှာဖွေခြင်းအတွက်ထောက်ပံ့ပေးခြင်း

Hello Work တွင် အားလုံး၏အလုပ်ရှာဖွေမှုကို ထောက်ပံ့ပေးရန်အတွက် မိမိနဲ့ကိုက်ညီသောအလုပ်ကိုရှာဖွေသည့်နည်းလမ်းများ၊ အင်တာဗျူးဖြေပုံဖြေနည်းများနှင့်ပတ်သက်သည့် အကြံဉာဏ်များစသည့် အမျိုးအစားအမျိုးမျိုးသော နှီးနှောဖလှယ်ပွဲများ ကျင်းပလျက်ရှိပါသည်။ အမျိုးအစားအမျိုးမျိုးသော နှီးနှောဖလှယ်ပွဲများ၏ အချိန်ဇယားစသည်နှင့်ပတ်သက်၍် Hello Work အသီးသီးတွင် စုံစမ်းမေးမြန်းပါ။

## အခြားဝန်ဆောင်မှုများ

ထို့အပြင် Hello Work တစ်ခုစီတိုင်းတွင် အမျိုးမျိုးသောဝန်ဆောင်မှုများ ထောက်ပံ့ပေးလျက်ရှိပါသည်။

ဝန်ဆောင်မှု၏စာရင်းနှင့်အကြောင်းအရာများနှင့်ပတ်သက်သည်၍ Hello Work အသီးသီးတွင် စုံစမ်းမေးမြန်းပါ။

# ထောက်ပံ့မှုလက်ခံရရှိရန်လုပ်ထုံးလုပ်နည်းအဆင့်ဆင့်

**အလုပ်ထွက်ထားခြင်း**

↓

**အလုပ်ရှာဖွေခြင်းအတွက်လျှောက်လွှာတင်ခြင်းနှင့် ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီမှုကို ဆုံးဖြတ်ခြင်း**

ထောက်ပံ့မှုလက်ခံရရှိရန်လုပ်ထုံးလုပ်နည်းလုပ်ဆောင်ရာတွင် ကာယကံရှင်သည် လိုအပ်သော စာရွက်စာတမ်းများကို Hello Work သို့ယူဆောင်လာခဲ့ပါ။ Hello Work တွင် တင်ပြလာသည့် စာရွက်စာတမ်းစသည်တို့ဖြင့် ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီမှုအတွက် အတည်ပြုစစ်ဆေးခြင်း၊ ဆုံးဖြတ်ခြင်တို့ လုပ်ဆောင်ပါမည်။

↓

**အလုပ်အာမခံရှင်းလင်းပွဲ**

ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်စသည့် လိုအပ်သောစာရွက်စာတမ်းများအားလွှဲပေးပါမည်။
တစ်ဖန် အလုပ်အာမခံမှထောက်ပံ့မှုရရှိရန်လုပ်ထုံးလုပ်နည်းများ ဆက်လက်လုပ်ဆောင်နည်းနှင့် အလုပ်ရှာဖွေခြင်း လှုပ်ရှားမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြပါမည်။

※အလုပ်အာမခံရှင်းလင်းပွဲသည် စောင့်ဆိုင်းကာလပြီးဆုံးသည့်နောက်မှလည်း ဖြစ်တတ်ပါသည်။

↓

**စောင့်ဆိုင်းကာလပြီးဆုံးခြင်း**

ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီမှုအတွက်အဆုံးအဖြတ်ရယူသည့်နေ့မှစ၍ အလုပ်လက်မဲ့အခြေအနေ စုစုပေါင်း 7 ရက်ကျော်သည်အထိကို "စောင့်ဆိုင်းကာလ" ဟုခေါ် ပြီး ထိုကာလသည် အလုပ်အာမခံထောက်ပံ့ခြင်းအတွက်အကျုံးမဝင်ပါ။

↓

**အကျိုးခံစားခွင့်ကန့်သတ်ချက်**

မိမိအခြေအနေစသည်ကြောင့်အလုပ်ထွက်ခဲ့သည့်ပုဂ္ဂိုလ်သည် စောင့်ဆိုင်းကာလပြီးဆုံးသည့်နောက်တစ်ရက်မှစ၍ နောက်ထပ် 3 လအတွင်း အခြေခံခံစားခွင့် ထောက်ပံ့ခြင်းမခံရပါ။ ဤသည်ကို "အကျိုးခံစားခွင့်ကန့်သတ်ချက်" ဟုခေါ်ပါသည်။

↓

**အလုပ်လက်မဲ့အဖြစ်ထောက်ခံချက်ပေးခြင်း**

ထောက်ခံချက်ပေးသည့်ရက်တိုင်း (ယေဘူယျစည်းမျဉ်းအနေဖြင့် 4 ပတ်လျှင် 1 ကြိမ်) တွင် အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံလွှာကို တင်ပြပါ။
အလုပ်လုပ်နေခြင်း ရှိမရှိ၊ အလုပ်ရှာဖွေခြင်းလှုပ်ရှားမှု၏ အမှန်တကယ်ရလဒ်စသည်တို့ကိုအတည်ပြုစစ်ဆေးပြီး အလုပ်လက်မဲ့အဖြစ်ထောက်ခံချက်ပေးခြင်းကို လုပ်ဆောင်ပါသည်။

↓

**အခြေခံခံစားခွင့်ပေးချေခြင်း**

အလုပ်လက်မဲ့အဖြစ်ထောက်ခံချက်ရရှိခဲ့သည့်နေ့အရေအတွက်စာ၏ အခြေခံခံစားခွင့်ကို သင်၏ပုံမှန်ငွေစုဘဏ်အကောင့်ထဲသို့ လွှဲထည့်ပေးပါမည်။ (ငွေလွှဲထည့်ပြီးသည်အထိ အချိန်ကာလသည် ဘဏ္ဍာရေးအဖွဲ့အစည်းများအပေါ်မူတည်၍ ကွဲပြားမှုရှိပါသော်လည်း အကြမ်းဖျင်းအားဖြင့် 1 ပတ်ခန့်ကြာမြင့်တတ်သည့်အတွက်ကြောင့် နားလည်ပေးပါ)

↓

**အခြေခံမှုအားဖြင့် 4 ပတ်ကြာတိုင်းတွင် သင့်အတွက် ထောက်ခံချက်ပေးသည့်ရက် သတ်မှတ်ပေးပါမည်။**

***အလုပ်အကိုင်ဆွေးနွေးတိုင်ပင်ခြင်းကို အသုံးပြုပါ***

အလုပ်ခေါ်ဆိုမှုရှာဖွေဖော်ထုတ်ခြင်း၊ အလုပ်အကိုင်ဆွေးနွေးတိုင်ပင်ခြင်း စသည်တို့သည် ထောက်ခံချက်ပေး သည့်နေ့အပြင် အခြားရက်များတွင်လည်း အသုံးပြုနိုင်ပါသည်။
တက်ကြွသော အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုဖြင့် 1 ရက်ပဲဖြစ်ဖြစ်မြန်မြန် အလုပ်သစ်ပြန်လုပ်ခြင်းသို့။

↓

**အလုပ်ဝင်ခြင်း**

အလုပ်ပြန်လည်ဝင်ရောက်ခြင်းအတွက် အကျိုးခံစားခွင့်ငွေအနေဖြင့် အလုပ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်၊ အလုပ်အကိုင်မြှင့်တင်ရေးသတ်မှတ်ထားသည့်ထောက်ပံ့ကြေး၊ အလုပ်အကိုင်ခံစားခွင့်၊ ပုံမှန်အလုပ်အကိုင်ထောက်ပံ့မှုခံစားခွင့်၊ သက်ကြီးရွယ်အို အလုပ်ပြန်လည်ဝင်ရောက်ခြင်းအကျိုးခံစားခွင့်ငွေစသည်တို့ကို လျှောက်ထားနိုင်သည့်အခါများ ရှိပါသည်။

↓

**ထောက်ပံ့မှုပြီးဆုံးခြင်း**

***ထောက်ပံ့မှုပြီးဆုံးသွားသည့်နောက်တွင်လည်း အလုပ်အကိုင်ဆွေးနွေးတိုင်ပင်ခြင်းကို အသုံးပြုနိုင်ပါသည်။***
***အားမနာဘဲ Hello Work သို့ကြွလှမ်းခဲ့ပါ။***

## 1 အလုပ်အာမခံမှအကျိုးခံစားခွင့်ရရှိနိုင်သည့်ပုဂ္ဂိုလ်ဆိုသည်မှာ?

အလုပ်အာမခံတွင် အလုပ်လက်မဲ့ဖြစ်နေစဉ်အတွင်းနေထိုင်စားသောက်မှုအတွက်စိတ်ပူစရာမလိုဘဲ အလုပ်အကိုင်ရှာဖွေခြင်းတွင် အာရုံစူးစိုက်နိုင်ပြီး 1 ရက်ပင်ဖြစ်ဖြစ်စောစီးစွာ အလုပ်သစ်သို့ပြန်လည်ဝင်ရောက်နိုင်ရန်အတွက် "**အလုပ်ရှာဖွေသူအကျိုးခံစားခွင့်**" ကို ထောက်ပံ့ပေးပါသည်။

ဤအလုပ်ရှာဖွေသူခံစားခွင့်သည် **အလုပ်ထွက်လိုက်လျှင်သေချာပေါက်ထောက်ပံ့ခြင်းရရှိနိုင်သောအရာမဟုတ်ပါ။**

အလုပ်ရှာဖွေသူခံစားခွင့် ထောက်ပံ့ခြင်းရရှိနိုင်သည်မှာ **အလုပ်လက်မဲ့အခြေအနေတွင်ရှိသောပုဂ္ဂိုလ်**သာလျှင် ဖြစ်ပါသည်။

## 2 အလုပ်လက်မဲ့အခြေအနေဆိုသည်မှာ?

အလုပ်လက်မဲ့အခြေအနေဆိုသည်မှာ အောက်ပါသတ်မှတ်ချက်များအားလုံးပြည့်စုံသည့်အခြေအနေကို ဆိုလိုခြင်းဖြစ်ပါသည်။

- **တက်ကြွစွာဖြင့် အလုပ်ရှာဖွေမည်ဆိုသည့်ဆန္ဒရှိခြင်း**
- **အချိန်မရွေးအလုပ်ဝင်နိုင်သည့်အရည်အချင်း (ကျန်းမာရေးအခြေအနေ၊ ပတ်ဝန်းကျင်စသည်တို့) ရှိခြင်း**
- **တက်ကြွစွာအလုပ်ရှာဖွေနေသော်လည်း လက်ရှိတွင်အလုပ်လုပ်နေမှုမရှိခြင်း**

**အောက်ဖော်ပြပါ တစ်ခုခု၏အခြေအနေနှင့်ကိုက်ညီသည့်ပုဂ္ဂိုလ်သည် အခြေခံမူအားဖြင့် အလုပ်ရှာဖွေသူအကျိုးခံစားခွင့်ကို မရရှိနိုင်ပါ။**

1　နာမကျန်းဖြစ်ခြင်းများ၊ ဒဏ်ရာရခြင်းများကြောင့် ချက်ချင်းအလုပ်မဝင်နိုင်ခြင်း (လုပ်ငန်းခွင်မတော်တဆမှုအာမခံမှ အလုပ်မှခွင့်ယူခြင်း "လျော်ကြေး"အကျိုးခံစားခွင့်များ၊ ကျန်းမာရေးအာမခံမှ ဒဏ်ရာနှင့် ဖျားနာမှုခံစားခွင့် စသည့် ထောက်ပံ့မှုများကို ရယူနေသည့်အခြေအနေများပါဝင်သည်)

2　ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်း၊ ကလေးပြုစုစောင့်ရှောက်ခြင်းစသည်တို့ကြောင့် ချက်ချင်းအလုပ်ဝင်၍မရနိုင်ခြင်း

3　ဆွေမျိုးသားချင်းများအားပြုစုစောင့်ရှောက်ခြင်းစသည်တို့ကြောင့်ချက်ချင်းအလုပ်ဝင်၍မရနိုင်ခြင်း

4　အငြိမ်းစားယူခြင်းစသည်တို့ကြောင့် အလုပ်ထွက်ပြီး ခဏတာ အနားယူနေခြင်း

5　လက်ထပ်ပြီးအိမ်မှုကိစ္စများတွင်အာရုံစိုက်ပြီး အလုပ်ဝင်ရန်ဆန္ဒမရှိခြင်း

6　အိမ်မှုကိစ္စကူညီခြင်းများ၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းစသည့် မိသားစုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ပြီး အလုပ်မဝင်ရောက်နိုင်ခြင်း

7　ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း (ကြိုတင်ပြင်ဆင်မှုအပါအဝင်) လုပ်ဆောင်နေခြင်း ※ဝင်ငွေရှိခြင်း၊ မရှိခြင်းနှင့် မသက်ဆိုင်ပါ။

8　ကုမ္ပဏီစသည်တို့တွင် အရာထမ်းအဖြစ် အလုပ်ခန့်အပ်မှုခံရခြင်း (လှုပ်ရှားမှုများ၊ အခကြေးငွေများမရှိပါက Hello Work တွင် အတည်ပြုစစ်ဆေးပါ)

9　အလုပ်ဝင် (အလုပ်သင်၊ အစမ်းခန့်ကာလ၊ သင်တန်းကာလအပါအဝင် ဝင်ငွေရှိ၊မရှိနှင့်မသက်ဆိုင်ပါ) နေခြင်း

※တစ်ပတ်လျှင်အလုပ်ချိန်နာရီ 20 မပြည့်ပါက အလုပ်လုပ်ခဲ့သည့်ရက်၊ ဝင်ငွေပမာဏအစီရင်ခံခြင်းလိုအပ်သော်လည်း အခြားအလုပ်လက်မဲ့ဖြစ်နေသည့်ရက်များနှင့်ပတ်သက်၍ အခြေခံခံစားခွင့်အတွက်ထောက်ပံ့ခြင်း ရရှိနိုင်သည့် အခြေအနေများလည်း ရှိပါသည်။

10　စာလေ့လာခြင်းတွင် အာရုံစိုက်နေခြင်း (နေ့ကျောင်းသို့တက်ရောက်နေပြီး ချက်ချင်းအလုပ်မဝင်နိုင်ခြင်း)

11　နောက်အလုပ်ဝင်ရောက်ရန်ဆုံးဖြတ်ထားခြင်း (အလုပ်အကိုင်ကြိုတင်ကတိပြုထားခြင်း၊ အလုပ်ခန့်အပ်မှုသဘောတူထားခြင်းများပါဝင်သည်)

※ 1.2.3.4 မှအကြောင်းပြချက်များကြောင့် ချက်ချင်းအလုပ်မဝင်နိုင်ပါက **ထောက်ပံ့မှုလက်ခံရယူမည့်အချိန်ကာလကို တိုးမြှင့်**နိုင်သည့်အခါများလည်း ရှိပါသည်။ (စာမျက်နှာ 17 ကို ကြည့်ရှုပါ)

### အာမခံကြေးပေးဆောင်နေခဲ့ပါသော်လည်း အလုပ်ရှာဖွေသူအကျိုးခံစားခွင့်အတွက် ထောက်ပံ့မှုမရရှိနိုင်ခြင်းများ ရှိပါသလား?

အလုပ်အာမခံသည် အရစ်ကျငွေစုသကဲ့သို့ အာမခံကြေးပေးဆောင်နေပါက သေချာပေါက် ထောက်ပံ့ခြင်းရရှိနိုင်မည်ဆိုသည့် စနစ်မဟုတ်ပါ။

အလုပ်အာမခံသည် သင်ကိုယ်တိုင်ပေးဆောင်ထားခဲ့ရသည့် အာမခံကြေးအပြင် အခြားအလုပ်လုပ်နေသည့်ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းပိုင်ရှင်များထံမှ အာမခံကြေးနှင့် အခွန်ငွေများဖြင့် နိုင်ငံမှစီမံခန့်ခွဲနေသော နှစ်ဖက်အပြန်အလှန်ထောက်ပံ့ခြင်း (အပြန်အလှန်ကူညီခြင်း) စနစ်ဖြစ်သည်။

ထို့အတွက်ကြောင့် ဥပဒေဖြင့်သတ်မှတ်ထားသော လိုအပ်ချက်များနှင့်မကိုက်ညီသရွေ့ ထောက်ပံ့ခြင်းရရှိနိုင်မည်မဟုတ်ပါ။

## အလုပ်လုပ်ချင်သည့်စိတ်ရှိပါသော်လည်း လတ်တလော နာမကျန်းဖြစ်ခြင်းစသည်တို့ကြောင့် အလုပ်မလုပ်နိုင်ပါက မည်သို့လုပ်သင့်ပါသလဲ?

အလုပ်ရှာဖွေသူခံစားခွင့်အားလက်ခံနိုင်သည်မှာ အခြေခံမူအားဖြင့် အလုပ်မရှိတော့သည့်ရက်၏နောက်တစ်ရက်မှစ၍ 1 နှစ်အတွင်းဖြစ် သည်။ ထိုကာလကို "ထောက်ပံ့မှုရရှိနိုင်သည့်ကာလ" ဟုခေါ်ပါသည်။

အလုပ်ထွက်ပြီးသည့်နောက် နာမကျန်းဖြစ်ခြင်း၊ ကိုယ်ဝန်ဆောင်ခြင်းစသည့် အကြောင်းပြချက်များကြောင့် ချက်ချင်းအလုပ်မလုပ်နိုင်သည့် ကာလအတွင်းတွင် ထောက်ပံ့မှုရရှိနိုင်သည့်ကာလကျော်လွန်သွားပါက ရတောင့်ရခဲအာမခံစနစ်သည် အသုံးမပြုနိုင်ဘဲဖြစ်သွားပါမည်။

ထို့ကြောင့် သတ်မှတ်ထားသောစံနှုန်းများနှင့်ပြည့်စုံပါက ဤထောက်ပံ့မှုရရှိနိုင်သည့်ကာလကို သတ်မှတ်အချိန်ကာလတစ်ခုတိုးမြှင့်ပြီး ထိုနောက်ပိုင်း အလုပ်လုပ်လာနိုင်သည့်အချိန်မှစ၍ အလုပ်အာမခံမှထောက်ပံ့မှုရရှိရန် လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်သွားရမည့်စနစ်ရှိပါသည် (အသေးစိတ်ကို စာမျက်နှာ 17 တွင်ကြည့်ပါ)။

## အလုပ်ထွက်ပြီး အရည်အချင်းဖြည့်ဆည်းရန်အတွက်နေ့ကျောင်းတွင်တက်ရောက်နေပါက အာမခံရရှိနိုင်ပါသလား?

နေ့ခင်းဘက်ကျောင်းတက်နေခြင်းကြောင့် အရှေ့စာမျက်နှာတွင်ဖော်ပြထားသည့် "အလုပ်လက်မဲ့အခြေအနေ" မဟုတ်တော့ပါက အလုပ်ရှာဖွေသူ ခံစားခွင့်ကို ရရှိနိုင်မည်မဟုတ်ပါ။

ထို့ပြင် ကျောင်းပညာရေးဥပဒေပုဒ်မ 1 တွင် ပြဋ္ဌာန်းထားသော ကျောင်း၊ ယင်းဥပဒေပုဒ်မ 124 တွင် သတ်မှတ်ထားသော သက်မွေးကျောင်း သို့မဟုတ် ယင်းဥပဒေပုဒ်မ 134 ပုဒ်မခွဲ 1 တွင် ပြဋ္ဌာန်းထားသော ကျောင်းအမျိုးအစား အသီးသီးမှကျောင်းသား သို့မဟုတ် တပည့်စသည် (စာပေးစာယူ စနစ်၊ ညကျောင်းစနစ်၊ အချိန်ပိုင်းစနစ်များကိုချန်လှပ်ထားမည်။ အောက်တွင် "နေ့ကျောင်းကျောင်းသား" ဟုခေါ်မည်) နှင့် အမှန်တကယ် နေ့ကျောင်း ကျောင်းသားနှင့်တူညီသောပုဂ္ဂိုလ်များနှင့်ပတ်သက်၍ အခြေခံမူအားဖြင့် အလုပ်အာမခံဥပဒေအရ အလုပ်သမားမဟုတ်သည့်အတွက် ကြောင့် အလုပ်ရှာဖွေသူခံစားခွင့်မှထောက်ပံ့မှုကို ရရှိနိုင်မည်မဟုတ်ပါ။

## မည်သည့်အခြေအနေသည် "အလုပ်ဝင်ခြင်း" ဖြစ်ပါမည်နည်း?

အလုပ်အာမခံဥပဒေတွင်ရည်ညွှန်းထားသော "အလုပ်ဝင်ခြင်း" ဆိုသည်မှာ အများအခေါ် အမြဲတမ်းဝန်ထမ်းများသာမက အချိန်ပိုင်းအလုပ်များ၊ part-time နှင့် အလုပ်သင်များလည်း ပါဝင်ပါသည်။

တစ်ဖန် ကုမ္ပဏီအရာထမ်းအဖြစ် အလုပ်ဝင်ထားသောအခြေအနေမှာပြောစရာပင်မလိုဘဲ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအတွက်ကြိုတင်ပြင်ဆင်ခြင်း နှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းစသည့် မိသားစုစီးပွားရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ခြင်း၊ တစ်ဆင့်ခံစာချုပ်ချုပ်ဆိုခြင်း - ကိုယ်စားလှယ်အဖြစ်တာဝန်ပေးအပ်ခြင်းအားဖြင့် အလုပ်ပေးခြင်း၊ အိမ်တွင်းလုပ်ငန်း၊ စေတနာ့ဝန်ထမ်းလုပ်ဆောင်ခြင်းစသည်တို့နှင့် ပတ်သက်၍လည်း "အလုပ်ဝင်ခြင်း" ဖြစ်သွားသည့် အခြေအနေများရှိပါသည်။ အသေးစိတ်ကို "၁၂ အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာ ရေးပုံရေးနည်း" တွင်ကြည့်ရှုပေးပါ။

# 3 အလုပ်အာမခံထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်၏ကြည့်ပုံကြည့်နည်း

◎မျက်နှာဖုံးဘက်

雇用保険受給資格者証 （第１面）

| | | | | |
|---|---|---|---|---|
| 1. 支給番号 (1) | 2. 氏名 (2) | | | |
| 3. 被保険者番号 (3) | 4. 性別 | 5. 離職時年齢 (5) | 6. 生年月日 (6) | 7. 求職番号 |
| 8. 住所又は居所 | | | | |
| 9. 支払方法（記号（口座）番号 - 金融機関名 - 支店名） (9) | | | | |
| 10. 資格取得年月日 | 11. 離職年月日 (11) | 12. 離職理由 (12) | | |
| 13. 60歳到達時賃金日額 | 14. 離職時賃金日額 (14) | 15. 給付制限 (15) | | |
| 16. 求職申込年月日 (16) | 17. 認定日 (17) | 18. 受給期間満了年月日 (18) | | |
| 19. 基本手当日額 (19) | 20. 所定給付日数 (20) | 21. 通算被保険者期間 (21) | | |
| 22. 離職前事業所名 | | | | |
| 23. 再就職手当支給歴 (23) | 24. 特殊表示（災害時、一括、巡相、市町村） | | | |

◎နောက်ကျောဘက်

## "အလုပ်ထွက်ရသည့်အကြောင်းပြချက် ၁၁၊ ၁၂၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၃၁၊ ၃၂၊ ၃၃ ဖြစ်ပါက"

| 行数 | 処理月日 | 認定（支給）期間 | 日数 | 種類 | 支給金額 | 残日数 | 備考 |
|---|---|---|---|---|---|---|---|
| 1 | 0530 | 20-012345-6 | | Koyo Taro | | | နောက်တစ်ကြိမ်ထောက်ခံချက်ပေးမည့်ရက်06လ27ရက် |
| 2 | | စောင့်ဆိုင်းကာလပြီးဆုံးခြင်း | | စောင့်ဆိုင်းကာလပြီးဆုံးသည့်နေ့ 020508 | | | |
| 3 | | 020509-0529 | 21 | အခြေခံခံစားခွင့် | | 69 | |
| 4 | | | | | | | |

「020509-0529」「21」 ဆိုသည်မှာ ထောက်ခံချက်ကာလ(2020 ခုနှစ် 5 လ 9 ရက် ~ 5 လ 29 ရက်)ဟု ထောက်ခံချက်ပေးထားသည့် ထောက်ပံ့မှုပေးမည့်နေ့အရေအတွက်(21 ရက်)ဖြစ်သည်။

ကျန်ရှိနေသည့်ထောက်ပံ့မှုပေးမည့်နေ့အရေအတွက်ဖြစ်သည်။

## "အလုပ်မရှိဖြစ်ရခြင်းအကြောင်းပြချက် ၄၀၊ ၅၀ ဖြစ်ပါက" (အကျိုးခံစားခွင့်ကန့်သတ်ချက်ရှိပါက)

| 行数 | 処理月日 | 認定（支給）期間 | 日数 | 種類 | 支給金額 | 残日数 | 備考 |
|---|---|---|---|---|---|---|---|
| 1 | 0530 | 20-012345-6 | | Koyo Taro | | | နောက်တစ်ကြိမ်ထောက်ခံချက်ပေးမည့်ရက်08လ |
| 2 | | စောင့်ဆိုင်းကာလပြီးဆုံးခြင်း | | စောင့်ဆိုင်းကာလပြီးဆုံးသည့်နေ့ 020508 | | | |
| 3 | | အကျိုးခံစားခွင့်ကန့်သတ်ချက်ကာလ 020509-020808 အလုပ်မရှိဖြစ်ရခြင်းအကြောင်းရင်း40 | | | | | |
| 4 | | | | | | | |

「020509-020808」 ဆိုသည်မှာ အကျိုးခံစားခွင့်ကန့်သတ်ချက်ကိုလက်ခံခဲ့ပါက ဖော်ပြခြင်းခံရမည်ဖြစ်ပြီး ဤကာလ (2020 ခုနှစ် 5 လ 9 ရက် ~ 8 လ 8 ရက်) အတွက် အခြေခံခံစားခွင့် ထောက်ပံ့ပေးမည်မဟုတ်ပါ။

## အကြောင်းအရာမှားယွင်းနေခြင်းရှိပါသလား သေချာပေါက်စစ်ဆေးပါ။ အကယ်၍ မှားနေခဲ့ပါက တာဝန်ရှိသူထံ သတင်းပို့ပါ။

| | | |
|---|---|---|
| 1 | ထောက်ပံ့မှုနံပါတ် | ထောက်ပံ့မှုလက်ခံရန်နံပါတ်ဖြစ်သည်။ Hello Work စသည် (Hello Work သို့မဟုတ် ဒေသန္တရသယ်ယူပို့ဆောင်ရေးဌာန၊ ပင်လယ်ရေကြောင်းရုံး) တို့သို့ စုံစမ်းမေးမြန်းခြင်းနှင့် အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာတွင်ရေးသွင်းရမည့် နံပါတ်ဖြစ်သည်။ |
| 2 | အမည် | အမည်၏အသံထွက်မှားယွင်းနေပါသလား? (ဘဏ္ဍာရေးအဖွဲ့အစည်းတွင်မှတ်ပုံတင်ထားသည့်အသံထွက်နှင့် ကွဲပြားနေပါက ငွေလွှဲထည့်ပေး၍မရနိုင် သောကြောင့် သတိပြုပါ) |
| 3 | အာမခံနံပါတ် | အလုပ်အာမခံတွင် ယခုနောက်ပိုင်းအလုပ်လုပ်မည့်အခါတွင်လည်း ဤနံပါတ်ကို အသုံးပြုမည်။ |
| 5 | အလုပ်ထွက်ချိန်အသက် | သင်၏အလုပ်ထွက်ချိန်တွင်ပြည့်ထားသည့်အသက်ဖြစ်သည်။ |
| 6 | မွေးသက္ကရာဇ် | ပထမမြောက်ဂဏန်း၏ "3" သည် "ရှောဝ"၊ "4" သည် "ဟေးဆေး" ကို ဖော်ပြသည်။ "-" ၏ညာဘက်ခြမ်းသည် မွေးသက္ကရာဇ်ကိုဖော်ပြသည်။ |
| 9 | ငွေပေးချေသည့်နည်းလမ်း | သတ်မှတ်ထားသည့်ဘဏ္ဍာရေးအဖွဲ့အစည်းအမည်၊ ဌာနခွဲအမည်၊ ဘဏ်အကောင့်နံပါတ် ဖြစ်သည်။ |
| 11 | အလုပ်ထွက်သည့်ရက်စွဲ | သင်အလုပ်ထွက်ခဲ့သည့်ရက်ဖြစ်သည်။ |
| 12 | အလုပ်ထွက်ရခြင်းအကြောင်းပြချက် | အလုပ်ထွက်ရခြင်းအကြောင်းပြချက်ကိုနံပါတ်ဖြင့် ဖော်ပြထားပါသည်။<br>11,12 : ထုတ်ပယ်ခြင်း (50 ကိုချန်လှပ်သည်)<br>21 : စာချုပ်ရပ်စဲခြင်း (တူညီသောလုပ်ငန်းပိုင်ရှင်ထံတွင် 3 နှစ်ကျော်အလုပ်လုပ်ခြင်း)<br>22 : စာချုပ်ရပ်စဲခြင်း (တူညီသောလုပ်ငန်းပိုင်ရှင်ထံတွင် 3နှစ်မပြည့်ဘဲအလုပ်လုပ်ခြင်း၊ သက်တမ်းတိုးခြင်းအားရှင်းလင်းစွာဖော်ပြထားခြင်းရှိ)<br>23 : ကာလပြီးဆုံးခြင်း (တူညီသောလုပ်ငန်းပိုင်ရှင်ထံတွင် 3 နှစ်မပြည့်ဘဲအလုပ်လုပ်ခြင်း၊ သက်တမ်းတိုးနိုင်ကြောင်းကို ရှင်းလင်းစွာဖော်ပြထားခြင်းရှိ)<br>24 : ကာလပြီးဆုံးခြင်း (21~23 မှအပ)<br>25 : အငြိမ်းစားယူခြင်း (သင်္ဘောသားများကိုချန်လှပ်သည်) ၊ အလုပ်ခန့်အပ်မှုစာချုပ်လွှဲပြောင်းခြင်း<br>31,32 : သင့်တော်သောအကြောင်းပြချက်ရှိသည့်မိမိအခြေအနေအရအလုပ်ထွက်ခြင်း (စီးပွားရေးလုပ်ငန်းပိုင်ရှင်မှ ဖိအားပေးတောင်းဆိုခြင်းစသည်)<br>33 : သင့်တော်သောအကြောင်းပြချက်ရှိသည့်မိမိအခြေအနေအရအလုပ်ထွက်ခြင်း (31,32 မှအပ)<br>40,45 : သင့်တော်သောအကြောင်းပြချက်မရှိသည့်မိမိအခြေအနေအရအလုပ်ထွက်ခြင်း<br>50,55 : မိမိကိုယ်ကိုယ်ကိုအပြစ်တင်သင့်သည့်ကြီးမားသောအကြောင်းပြချက်ကြောင့်ထုတ်ပယ်ခြင်း |
| 14 | အလုပ်ထွက်ချိန်ရှိ တစ်နေ့လုပ်အားခပမာဏ | အခြေခံမူအားဖြင့် အလုပ်မှမထွက်မီအရှေ့6 လအတွင်းတွင်ပေးချေခံရသော လုပ်အားခစုစုပေါင်းကို 180 ဖြင့်စားထားသည့် ပမာဏဖြစ်သည်။ |
| 15 | အကျိုးခံစားခွင့်ကန့်သတ်ချက် | အကျိုးခံစားခွင့်ကန့်သတ်ချက်ရှိပါက ထိုအကျိုးခံစားခွင့်ကန့်သတ်ချက်ကာလဖြစ်သည်။ |
| 16 | အလုပ်ရှာရန်လျှောက်လွှာတင်သည့်ရက်စွဲ | သင်သည် Hello Work စသည်တွင် အလုပ်ထွက်ထားကြောင်းကဒ်ပြားကို တင်ပြပြီး အလုပ်ရှာရန်လျှောက်လွှာတင်ခဲ့သည်နေ့ဖြစ်သည်။ |
| 17 | ထောက်ခံချက်ပေးသည့်ရက် | ဘယ်ဘက်သည် ရက်သတ္တပတ်အမျိုးအစား၊ ညာဘက်သည် ရက်သတ္တပတ်၏နေ့ ကိုဖော်ပြသည် (စာမျက်နှာ 11ကိုကြည့်ပါ)။ |
| 18 | ထောက်ပံ့မှုရရှိနိုင်သည့်ကာလပြီးဆုံးသည့်ရက် | သင်သည်အခြေခံခံစားခွင့်အားရရှိနိုင်သည့်ကာလ၏နောက်ဆုံးရက်ဖြစ်သည်။ |
| 19 | အခြေခံခံစားခွင့်တစ်ရက်စာငွေပမာဏ | သင်ရရှိမည့်အခြေခံခံစားခွင့်အတွက် 1 ရက်စာငွေပမာဏဖြစ်သည်။ |
| 20 | သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက် | သင်၏အခြေခံခံစားခွင့်အားရရှိနိုင်သည့်အများဆုံးရက်အရေအတွက်ဖြစ်ပါသည် (စာမျက်နှာ 8 ကိုကြည့်ပါ)။ |
| 21 | စုစုပေါင်းအာမခံဝင်ရောက်ထားသူကာလ | သင်သည်အာမခံဝင်ရောက်ထားသူအနေဖြင့်အလုပ်ခန့်အပ်ခံထားရသည့်စုစုပေါင်းကာလဖြစ်သည် (စာမျက်နှာ 7 ကိုကြည့်ပါ)။ |
| 23 | အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်ထောက်ပံ့မှုမှတ်တမ်း | သင်သည်ယခင်ကအလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် ထောက်ပံ့မှုရယူခဲ့ဖူးခြင်းရှိပါက နောက်ဆုံးထောက်ပံ့မှုရရှိခဲ့သည့်နေ့ဖြစ်သည်။ |

☆ **အလုပ်အာမခံထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်သည် အခြားသူထံသို့ ငှားရမ်းခြမ်း၊ လွှဲပြောင်းခြင်းများပြုလုပ်၍မရပါ။ တစ်ဖန် ပျောက်ဆုံးသွားခဲ့ပါက ချက်ချင်း Hello Work စသည်သို့ အကြောင်းကြားပါ။**

☆ **အလုပ်အာမခံထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်ကို ကွန်ပျူတာဖြင့်လုပ်ဆောင်မည်ဖြစ်သောကြောင့် ခေါက်ရိုးလိုင်းကြောင်းမှလွဲ၍ ခေါက်ချိုးခြင်း၊ ညစ်ပေစေခြင်းများ မပြုလုပ်ပါနှင့်။**

☆ **အလုပ်အာမခံထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်ကို ထောက်ပံ့မှုပြီးဆုံးသည့်နောက်တွင်လည်း သေချာစွာသိမ်းဆည်းထားပါ။**

# 4 အခြေခံခံစားခွင့်မှ တစ်ရက်စာငွေပမာဏနှင့် အကျိုးခံစားခွင့်ရက်အရေအတွက်ဆိုသည်မှာ?

အလုပ်ရှာဖွေသူအကျိုးခံစားခွင့်များထဲမှ အလုပ်လက်မဲ့အခြေအနေတွင်ရှိသည့်ရက်များနှင့်ပတ်သက်၍ထောက်ပံ့သည့်ခံစားခွင့်ကို "**အခြေခံခံစားခွင့်**" ဟုခေါ်သည်။

(1) **အခြေခံခံစားခွင့်မှတစ်ရက်စာငွေပမာဏ**သည် အခြေခံစည်းမျဉ်းအနေဖြင့် အလုပ်မှမထွက်မီအရှေ့ 6 လအတွင်းတွင်ပေးချေခံရသော လုပ်အားခစုစုပေါင်းကို 180 ဖြင့်စားထားသည့် ငွေပမာဏ(**လုပ်အားခတစ်နေ့စာပမာဏ**)၏ ခန့်မှန်းခြေ **80%~45%** ဖြစ်ပါသည် (အခြေခံခံစားခွင့်မှ တစ်ရက်စာငွေပမာဏနှင့်ပတ်သက်၍ သီးခြားအမြင့်ဆုံးကန့်သတ်ချက်ဖြင့် သတ်မှတ်ထားပါသည်)။

※ **အခြေခံခံစားခွင့်မှတစ်ရက်စာငွေပမာဏကို "လစဉ်အလုပ်စာရင်းအင်း"၏ ရလဒ်အပေါ်အခြေခံ၍ နှစ်စဉ် 8 လပိုင်း 1 ရက်နေ့တွင် ပြန်လည်သတ်မှတ်ပါသည်။**

(2) အခြေခံခံစားခွင့်မှတစ်ရက်စာငွေပမာဏသည် အသက်အရွယ်အလျှာတစ်ခုစီတွင်လည်း အမြင့်ဆုံးကန့်သတ်ချက်ကို သတ်မှတ်ထားပါသည်။
(အခြေခံခံစားခွင့်အတွက်ထောက်ပံ့မှုပေးချေမည့်နေ့သည် 2020 ခုနှစ် 8 လ 1 ရက်နေ့မှစ၍ 2021 ခုနှစ် 7 လ 31 ရက်နေ့အထိဖြစ်ပါက)

| လုပ်အားခတစ်ရက်စာပမာဏ (wယန်း) | အကျိုးခံစားခွင့်နှုန်း | အခြေခံခံစားခွင့်တစ်ရက်စာငွေပမာဏ (yယန်း) |
|---|---|---|
| **●အလုပ်ထွက်ချိန်ရှိအသက်သည် ၃၀နှစ်မပြည့်သူ သို့မဟုတ် ၆၅နှစ်နှင့်အထက်ရှိသောပုဂ္ဂိုလ်များ** | | |
| 2,574 ယန်းနှင့်အထက် 5,030 ယန်းမပြည့် | 80% | 2,059 ယန်း ~ 4,023 ယန်း |
| 5,030 ယန်းနှင့်အထက် 12,390 ယန်းနှင့်အောက် | 80%～50% | 4,024 ယန်း ~ 6,195 ယန်း (*1) |
| 12,390 ယန်းကျော် 13,700 ယန်းနှင့်အောက် | 50% | 6,195 ယန်း ~ 6,850 ယန်း |
| **13,700 ယန်း (အများဆုံးပမာဏ)**ကျော် | — | **6,850 ယန်း (အများဆုံးပမာဏ)** |
| **●အလုပ်ထွက်ချိန်ရှိအသက်သည် ၃၀နှစ်နှင့်အထက် ၄၅နှစ်မပြည့်သည့်ပုဂ္ဂိုလ်များ** | | |
| 2,574 ယန်းနှင့်အထက် 5,030 ယန်းမပြည့် | 80% | 2,059 ယန်း ~ 4,023 ယန်း |
| 5,030 ယန်းနှင့်အထက် 12,390 ယန်းနှင့်အောက် | 80%～50% | 4,024 ယန်း ~ 6,195 ယန်း (*1) |
| 12,390 ယန်းကျော် 15,210 ယန်းနှင့်အောက် | 50% | 6,195 ယန်း ~ 7,605 ယန်း |
| **15,210 ယန်း (အများဆုံးပမာဏ)**ကျော် | — | **7,605 ယန်း (အများဆုံးပမာဏ)** |
| **●အလုပ်ထွက်ချိန်ရှိအသက်သည် ၄၅နှစ်နှင့်အထက် ၆၀နှစ်မပြည့်သည့်ပုဂ္ဂိုလ်များ** | | |
| 2,574 ယန်းနှင့်အထက် 5,030 ယန်းမပြည့် | 80% | 2,059 ယန်း ~ 4,023 ယန်း |
| 5,030 ယန်းနှင့်အထက် 12,390 ယန်းနှင့်အောက် | 80%～50% | 4,024 ယန်း ~ 6,195 ယန်း (*1) |
| 12,390 ယန်းကျော် 16,740 ယန်းနှင့်အောက် | 50% | 6,195 ယန်း ~ 8,370 ယန်း |
| **16,740 ယန်း (အများဆုံးပမာဏ)**ကျော် | — | **8,370 ယန်း (အများဆုံးပမာဏ)** |
| **●အလုပ်ထွက်ချိန်ရှိအသက်သည် ၆၀နှစ်နှင့်အထက် ၆၅နှစ်မပြည့်သည့်ပုဂ္ဂိုလ်များ** | | |
| 2,574 ယန်းနှင့်အထက် 5,030 ယန်းမပြည့် | 80% | 2,059 ယန်း ~ 4,023 ယန်း |
| 5,030 ယန်းနှင့်အထက် 11,140 ယန်းနှင့်အောက် | 80%～45% | 4,024 ယန်း ~ 5,013 ယန်း (*2) |
| 11,140 ယန်းကျော် 15,970 ယန်းနှင့်အောက် | 45% | 5,013 ယန်း ~ 7,186 ယန်း |
| **15,970 ယန်း (အများဆုံးပမာဏ)**ကျော် | — | **7,186 ယန်း (အများဆုံးပမာဏ)** |

＊1 $y= 0.8w-0.3 \{(w-5{,}030)/7{,}360\} w$

＊2 $y=0.8w-0.35 \{(w-5{,}030)/6{,}110\} w$, $y= 0.05w+4{,}456$ တို့တစ်ခုခုမှ နည်းသည့်ငွေပမာဏ

(3) အခြေခံအကျိုးခံစားခွင့်အားရရှိနိုင်သည့်ရက်အရေအတွက်၏အများဆုံးကန့်သတ်ချက်သည် **အလုပ်ထွက်သည့်နေ့ရှိ အသက်၊ အာမခံဝင်ရောက်ထားသူအနေဖြင့် အလုပ်ခံအပ်ခြင်းခံထားရသည့်ကာလနှင့် အခြေခံမူအားဖြင့် လတ်တလောအလုပ်ထွက်ရခြင်းအကြောင်းပြချက်စသည်တို့အပေါ်မူတည်၍** နောက်စာမျက်နှာပါဇယားအတိုင်းသတ်မှတ်ထားပါသည် (ဤသည်ကို "**သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်**" ဟုခေါ်ပါသည်)။

**အာမခံထားရှိသူအနေဖြင့်အလုပ်လုပ်ခဲ့သည့်ကာလ**

အလုပ်ပြောင်းခြင်းစသည်တို့ကြောင့် အာမခံထားရှိသူအဖြစ်ကာလတွင် လစ်လပ်မှုရှိခဲ့ပြီး ထိုလစ်လပ်မှုကာလသည် 1 နှစ်အတွင်းဖြစ်ပါက လစ်လပ်ကာလ၏ရှေ့နှင့်နောက်ရှိ အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလကို ပေါင်းစည်းတွက်ချက်မည်။ သို့သော် ယခင်က အခြေခံခံစားခွင့် (အလုပ်အသစ်ဝင်ရောက်ခြင်းခံစားခွင့်စသည်တို့အပါအဝင်) သို့မဟုတ် အထူးပေးချေသောတစ်လုံးတစ်ခဲတည်းငွေတို့ကိုရရှိခဲ့ပါက ထိုထောက်ပံ့ခြင်းကိုလက်ခံပြီးနောက်ရှိ အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလကိုသာလျှင် ပေါင်းစည်းတွက်ပါမည်။

တစ်ဖန် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းတို့အကြား ဝန်ထမ်းရေးရာဖလှယ်မှုဥပဒေပုဒ်မ 21 ပုဒ်မခွဲ 1 တွင် ပြဋ္ဌာန်းထားသည့် ဝန်ထမ်းဖလှယ်ရေးအစီအစဉ်အရ အလုပ်ဆက်လက်ခန့်ထားခြင်းခံရသောဖလှယ်ဝန်ထမ်းဖြစ်ခဲ့သည့်ကာလနှင့် ကလေးပြုစုစောင့်ရှောက်နေခြင်း အလုပ်နားမှုအကျိုးခံစားခွင့်၏ထောက်ပံ့ခြင်းများရရှိခဲ့သည့်ကာလ (2007 ခုနှစ် 10 လ 1 ရက်နေ့နောက်ပိုင်း) တို့ကိုလည်း သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက် တွက်ချက်သည့်တွက်ချက်မှုမှ ဖယ်ထုတ်လိုက်ပါမည်။

### သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်

**① စာချုပ်ကာလပြီးဆုံးခြင်း၊ သက်ပြည့်အငြိမ်းစားယူခြင်း၊ မိမိဆန္ဒအလျောက်အလုပ်ထွက်ခဲ့သည့်ပုဂ္ဂိုလ်များ (②နှင့်③မှအပ အလုပ်ထွက်သူ အားလုံး)**

| အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလ / အလုပ်ထွက်ချိန်ရှိအသက် | 10 နှစ်မပြည့် | 10 နှစ်နှင့်အထက် 20 နှစ်မပြည့် | 20 နှစ်နှင့်အထက် |
|---|---|---|---|
| **အသက်အရွယ်အားလုံး** | **90 ရက်** | **120 ရက်** | **150 ရက်** |

**② ဒေဝါလီခံရခြင်း၊ ထုတ်ပယ်ခြင်း၊ သတ်မှတ်ထားသောလိုအပ်ချက်များအားဖြည့်ဆည်းရန်စာချုပ်ရပ်စဲခြင်းကြောင့် အလုပ်ထုတ်ခံရသည့်ပုဂ္ဂိုလ်များ (③ကို ချန်လှပ်ထားသည်)**

<table>
<tr><th>အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလ / အလုပ်ထွက်ချိန်ရှိအသက်</th><th>1 နှစ်မပြည့်</th><th>1 နှစ်နှင့်အထက် 5 နှစ်မပြည့်</th><th>5 နှစ်နှင့်အထက် 10 နှစ်မပြည့်</th><th>10 နှစ်နှင့်အထက် 20 နှစ်မပြည့်</th><th>20 နှစ်နှင့်အထက်</th></tr>
<tr><td>အသက် 30 နှစ်မပြည့်</td><td rowspan="5">90 ရက်</td><td>90 ရက်</td><td>120 ရက်</td><td>180 ရက်</td><td>—</td></tr>
<tr><td>အသက် 30 နှစ်နှင့်အထက် 35 နှစ်မပြည့်</td><td>120 ရက်</td><td rowspan="2">180 ရက်</td><td>210 ရက်</td><td>240 ရက်</td></tr>
<tr><td>အသက် 35 နှစ်နှင့်အထက် 45 နှစ်မပြည့်</td><td>150 ရက်</td><td>240 ရက်</td><td>270 ရက်</td></tr>
<tr><td>အသက် 45 နှစ်နှင့်အထက် 60 နှစ်မပြည့်</td><td>180 ရက်</td><td>240 ရက်</td><td>270 ရက်</td><td>330 ရက်</td></tr>
<tr><td>အသက် 60 နှစ်နှင့်အထက် 65 နှစ်မပြည့်</td><td>150 ရက်</td><td>180 ရက်</td><td>210 ရက်</td><td>240 ရက်</td></tr>
</table>

※ သတ်မှတ်ထားသောလိုအပ်ချက်များအားဖြည့်ဆည်းရန်စာချုပ်ရပ်စဲခြင်းကြောင့် အလုပ်ထုတ်ခံရသည့်ပုဂ္ဂိုလ်များအတွက် ဇယား②ကို အသုံးပြုခြင်းမှာ ယာယီအစီအမံဖြစ်သည် (2022 ခုနှစ် 3 လ 31 ရက်နေ့အထိကာလအတွင်း အလုပ်ထုတ်ခြင်းခံရသည့်ပုဂ္ဂိုလ်များကို ရည်ရွယ်ခြင်း)

**③ မသန်စွမ်းသူများစသည့်အလုပ်ဝင်ရန်ခက်ခဲသောပုဂ္ဂိုလ်များ (ကာယကံရှင်ကိုယ်တိုင်မှတောင်းဆိုရန်လိုအပ်သည်)**

<table>
<tr><th>အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလ / အလုပ်ထွက်ချိန်ရှိအသက်</th><th>1 နှစ်မပြည့် ※</th><th>1 နှစ်နှင့်အထက်</th></tr>
<tr><td>အသက် 45 နှစ်မပြည့်</td><td rowspan="2">150 ရက်</td><td>300 ရက်</td></tr>
<tr><td>အသက် 45 နှစ်နှင့်အထက် 65 နှစ်မပြည့်</td><td>360 ရက်</td></tr>
</table>

※"1နှစ်မပြည့်" ကော်လံသည် ② နှင့်ကိုက်ညီသောအကြောင်းပြချက် သို့မဟုတ် အခြားရှောင်လွှဲမရနိုင်သောအကြောင်းပြချက်ကြောင့် အလုပ်ထုတ်ခြင်းခံရသော ပုဂ္ဂိုလ်များအတွက်သာသက်ဆိုင်ပါသည်။

## 5 အခြေခံခံစားခွင့်အတွက် ထောက်ပံ့မှုရရှိနိုင်သည့်အချိန်ကာလဆိုသည်မှာ?


အခြေခံခံစားခွင့်ရရှိနိုင်သည့်ကာလသည် **အခြေခံမူအားဖြင့် အလုပ်ထွက်ပြီးနောက်တစ်ရက်မှ 1 နှစ်အတွင်း (သက်မှတ်ထားသည့် အကျိုးခံစားခွင့်ရက်အရေအတွက် 330 ရက်ရှိသည့်ပုဂ္ဂိုလ်များသည် 1 နှစ်တာ + 30 ရက်၊ 360 ရက်ရှိသည့်ပုဂ္ဂိုလ်များသည် 1 နှစ်တာ + 60 ရက်)** ဖြစ်သည်။ ထိုကာလကို "**ထောက်ပံ့မှုရရှိနိုင်သည့်ကာလ**" ဟုခေါ်သည်။

ဤကာလအတွင်း အလုပ်လက်မဲ့အခြေအနေဖြစ်နေသည့်ရက်များနှင့်ပတ်သက်၍ သတ်မှတ်ထားသောအကျိုးခံစားခွင့်ရက်အရေအတွက်အား အကန့်အသတ်အဖြစ်ထားရှိပြီး အခြေခံခံစားခွင့်အတွက်ထောက်ပံ့ခြင်းကိုလက်ခံနိုင်သည်။

ဤသတ်မှတ်ကာလကျော်လွန်လျှင် သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်ပမာဏအတွက် ထောက်ပံ့ခြင်းရရှိရန်မပြီးဆုံးသေးသော်လည်း ထိုနောက်ပိုင်း အခြေခံခံစားခွင့်ထောက်ပံ့ခြင်းရရှိနိုင်မည်မဟုတ်ပါ။

**ဥပမာ**


မိမိအခြေအနေအရအလုပ်မှထွက်ပြီးနောက် Hello Work စသည်တို့တွင် လုပ်ထုံးလုပ်နည်းများလုပ်ဆောင်ရန် နောက်ကျသွားခဲ့ပါက။
သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်သည် 150 ရက်ရှိသော်လည်း...




ဤအခြေအနေတွင် 120 ရက်စာထောက်ပံ့မှုရယူပြီးချိန်၌ ထောက်ပံ့မှုရရှိနိုင်သည့်ကာလသည်ပြီးဆုံးမည်ဖြစ်သည့်အတွက်ကြောင့် 30 ရက်စာသည် ထောက်ပံ့မှုရရှိနိုင်မည်မဟုတ်ပါ။

သို့သော် နာမကျန်းဖြစ်ခြင်း၊ ဒဏ်ရာရခြင်း၊ ကိုယ်ဝန်ဆောင်ခြင်းစသည်တို့ကြောင့် **ဆက်လက်၍ ရက် 30 နှင့်အထက်ပိုပြီးအလုပ်မလုပ်နိုင်တော့ပါက ထောက်ပံ့မှုရရှိနိုင်သည့် ကာလကို တိုးမြှင့်နိုင်ပါသည်** ("16 ထောက်ပံ့မှုရရှိနိုင်သည့်ကာလတိုးမြှင့်ခြင်းဆိုသည်မှာ" ကိုကြည့်ရှုပါ) ။

တစ်ဖန် စာမျက်နှာ 8 ③ မှပုဂ္ဂိုလ်ဖြစ်ပြီး သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်သည် 300 ရက် သို့မဟုတ် 360 ရက်ဖြစ်ပြီး 3 လတာအတွက် အကျိုးခံစားခွင့်ကန့်သတ်ချက်ရရှိထားပါက အောက်ပါထောက်ပံ့မှုရရှိနိုင်သည့်ကာလအတွက်ချွင်းချက်ကို အသုံးပြုခြင်းခံရမည်။




ဤအခြေအနေတွင် ကနဦးထောက်ပံ့မှုရရှိနိုင်သည့်ကာလ၌ Aကိုထပ်ပေါင်းထားသည့်ကာလသည် ထောက်ပံ့မှုရရှိနိုင်သည့်ကာလဖြစ်သည်။

※ A = 21 ရက် + 3 လတာ (အကျိုးခံစားခွင့်ကန့်သတ်ချက်) + 300 ရက် (သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်) – 1 နှစ်

## 6 အလုပ်ရှာဖွေရန်လျှောက်လွှာတင်ခြင်းမှစတင်ခြင်း

အလုပ်အာမခံ၏လုပ်ထုံးလုပ်နည်းမှာ Hello Work စသည် (အလုပ်ထွက်လိုက်သည့်သင်္ဘောသားသည် ဆက်လက်၍သင်္ဘောသားအနေဖြင့်အလုပ်ရှာဖွေရန် ဆန္ဒရှိပါက ဒေသန္တရသယ်ယူပို့ဆောင်ရေးဌာန) သို့ အလုပ်ထွက်ထားကြောင်းကဒ်ပြားကိုတင်ပြပြီး တစ်ချိန်တည်းတွင် အလုပ်ရှာဖွေရန်လျှောက်လွှာတင်သည့်အချိန်မှစ၍ စတင်မည်။

ထိုလုပ်ထုံးလုပ်နည်းများစတင်သည့်နေ့ကို "**ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီမှုဆုံးဖြတ်သည့်ရက်**" ဟုခေါ်သည်။

အလုပ်ရှာဖွေရန်လျှောက်လွှာတင်သည့်အချိန်တွင် "**အလုပ်ရှာဖွေခြင်းလျှောက်လွှာ**" ၌ ဆန္ဒရှိသောအလုပ်၏ အလုပ်အမျိုးအစားနှင့် ဝင်ငွေစသည်တို့ကို ဖြည့်သွင်းပါ။

## 7 ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီမှုဆုံးဖြတ်သည့်ရက်မှစ၍ "စောင့်ဆိုင်းကာလ"


**ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီမှုဆုံးဖြတ်သည့်ရက်မှစ၍ အလုပ်လက်မဲ့အခြေအနေဖြစ်နေသည့်ရက် စုစုပေါင်း 7 ရက်ကျော်သည်အထိ** အခြေခံခံစားခွင့်အတွက် ထောက်ပံ့ခြင်းအားရရှိနိုင်မည်မဟုတ်ပါ။ ထိုကာလကို "**စောင့်ဆိုင်းကာလ**" ဟုခေါ်ပါသည်။

ထို့ကြောင့် ထို "**စောင့်ဆိုင်းကာလ**" ၏ နောက်ဆုံးရက်၏နောက်တစ်ရက်မှစ၍နောက်ပိုင်းရက်များသည် ထောက်ပံ့ခြင်းအတွက် အကျုံးဝင်သည့်ရက်များဖြစ်သွားပြီး Hello Work စသည်တို့တွင် အလုပ်လက်မဲ့ ထောက်ခံချက်ယူခဲ့သည့်နေ့နှင့်ပတ်သက်၍ အခြေခံခံစားခွင့် ထောက်ပံ့ခြင်းခံရပါမည်။

## 8 ထောက်ပံ့မှုစတင်သည်ဆိုသည်မှာ (အကျိုးခံစားခွင့်ကန့်သတ်ချက်မရှိပါက)

စောင့်ဆိုင်းကာလကျော်လွန်(ဤအရာကို "**စောင့်ဆိုင်းကာလပြီးဆုံးခြင်း**" ဟုခေါ်သည်) သွားပြီးနောက်တွင် ဆက်လက်၍ အလုပ်လက်မဲ့အခြေအနေဖြစ်နေပါက အခြေခံခံစားခွင့်အတွက်ထောက်ပံ့ခြင်းတွင်အကျုံးဝင်သည်။

ဤထောက်ခံချက်ပေးသည့်ရက်တွင် ရုံးသို့လာရောက်ပြီး အလုပ်လက်မဲ့ထောက်ခံချက်ရရှိပါက "7 ရက်ကြာစောင့်ဆိုင်းကာလ" နှင့် "စောင့်ဆိုင်းကာလပြီးဆုံးသည့်နေ့၏နောက်တစ်ရက်မှစ၍ ထောက်ခံချက်ပေးသည့်ရက်၏ရှေ့တစ်ရက်အထိ အလုပ်လက်မဲ့အခြေအနေ" တို့မှာ ထောက်ခံခြင်းခံရပြီး အခြေခံခံစားခွင့်ထောက်ပံ့ခြင်းစတင်ပါမည်။





## 9 အလုပ်ထွက်ရသည့်အကြောင်းအရင်းအပေါ်မူတည်၍ 3 လတာ အကျိုးခံစားခွင့်ကန့်သတ်ချက်ရှိပါသည်။

အောက်တွင်ဖော်ပြထားသော တစ်ခုခုနှင့်ကိုက်ညီသည့်ပုဂ္ဂိုလ်သည် စောင့်ဆိုင်းကာလကျော်လွန် (ဤသည်ကို "**စောင့်ဆိုင်းကာလပြီးဆုံးခြင်း**" ဟုခေါ်သည်) ပြီးနောက်တစ်ရက်မှစ၍ 3 လကြာကျော်လွန်သွားပြီးနောက် ဆက်လက်၍အလုပ်လက်မဲ့အခြေအနေတွင်ရှိနေပါက အခြေခံခံစားခွင့်ထောက်ပံ့ခြင်း စတင်ပါမည်။

① **သင့်လျော်သောအကြောင်းပြချက်မရှိဘဲမိမိအခြေအနေအရအလုပ်ထွက်ခဲ့ပါက**

② **မိမိကိုယ်ကိုအပြစ်တင်သင့်သည့်ကြီးမားသောအကြောင်းပြချက်ကြောင့်ထုတ်ပယ်ခြင်းခံရပါက**




ထောက်ပံ့မှုရရှိနိုင်သည်မှာ အကျိုးခံစားခွင့်ကန့်သတ်ချက်ကာလကျော်လွန်ပြီးနောက်ပိုင်း ထောက်ခံချက်ပေးသည့်ရက်တွင် ထောက်ခံချက်ရယူပြီးမှဖြစ်သော်လည်း **ပထမဆုံးထောက်ခံချက်ပေးသည့်ရက်တွင် အလုပ်လက်မဲ့ ထောက်ခံချက်ကို မရယူထားပါက စောင့်ဆိုင်းကာလဖြတ်သန်းခဲ့ခြင်းမရှိဖြစ်သွားပါမည်။** အကျိုးခံစားခွင့်ကန့်သတ်ချက်ရှိသည့်ပုဂ္ဂိုလ်များလည်းပဲ သတ်မှတ်ထားသည့်ထောက်ခံချက်ပေးသည့်ရက်တွင် သေချာပေါက် Hello Work စသည် သို့လာရောက်ပြီး အလုပ်လက်မဲ့ထောက်ခံချက် ရယူပါ။

## 10 ထောက်ပံ့မှုလုံးဝလက်မခံရသေးခင်အတွင်းတွင် နောက်အလုပ်အားဆုံးဖြတ်လိုက်ပါက?

အလုပ်သစ်ပြန်လည်ဝင်ရောက်ရန်ဆုံးဖြတ်လိုက်ပါက အလုပ်မဝင်မီရှေ့တစ်ရက်တွင် Hello Work စသည်တို့ထံ အလုပ်ဝင်မည့်အကြောင်းကြားစာ ပေးပို့ခြင်းပြုရန်လိုအပ်ပါသည် (အသေးစိတ်ကို "၂၀ အလုပ်ဝင်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းစတင်ရန် ဆုံးဖြတ်လိုက်ပါက?" တွင်ကြည့်ရှုပါ။)

အခြေခံခံစားခွင့်များ၊ အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်စသည့် ထောက်ပံ့မှုများကို လက်ခံရယူခြင်းမရှိဘဲအလုပ်သစ်ပြန်လည်ဝင်ရောက်ပါက ယခုချိန်အထိ အလုပ်အာမခံဝင်ရောက်ခဲ့သည့်ကာလကို စုစည်းတွက်ချက်ပေးသွားမည်ဖြစ်ပြီး ယခုနောက်ပိုင်း အကယ်၍ အလုပ်လက်မဲ့ဖြစ်သွားခဲ့ပါက အလုပ်အာမခံအတွက် သတ်မှတ်ထားသည့် အကျိုးခံစားခွင့်ရက်အရေအတွက် တွက်ချက်သည့်အခါ အာမခံဝင်ရောက်ထားသူအနေဖြင့် အလုပ်လုပ်နေခဲ့သောကာလတွင် ထည့်သွင်းတွက်ချက်ပေးသွားမည်ဖြစ်ပါသည်။

စုစည်းတွက်ချက်နိုင်သည့် အချိန်ကာလ၏ပမာဏနှင့် သတ်မှတ်ချက်များနှင့်ပတ်သက်၍ စည်းမျဉ်းအချို့ရှိသည့်အတွက်ကြောင့် အသေးစိတ်အား Hello Work စသည်တို့မှ တာဝန်ရှိသူထံ စုံစမ်းမေးမြန်းပါ။

# 11 အလုပ်လက်မဲ့အတွက် ထောက်ခံချက်ပေးခြင်းဆိုသည်မှာ?

အခြေခံခံစားခွင့်မှထောက်ပံ့မှုရရှိရန်အတွက် **အခြေခံမူအားဖြင့် 4 ပတ် (28 ရက်) တွင်တစ်ကြိမ် သတ်မှတ်ထားသည့်ရက်** (ဤသည်ကို **အလုပ် လက်မဲ့အတွက် ထောက်ခံချက်ပေးသည့်ရက်** ဟုခေါ်သည်) တွင် သေချာပေါက် သင်ကိုယ်တိုင် Hello Work စသည်သို့ လာရောက်ပြီးနောက် အလုပ်လက်မဲ့ အခြေအနေတွင်ရှိခဲ့ကြောင်း (ရှိကြောင်း)ကို "**အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာ**" တွင် အစီရင်ခံရန်လိုအပ်ပါသည်။

"အလုပ်လက်မဲ့အခြေအနေ" တွင်ရှိ၊ မရှိကို ဓမ္မဓိဋ္ဌာန်ကျကျ၊ တိကျမှန်ကန်စွာ အတည်ပြုပြီးမှ ထောက်ပံ့မှုပေးခြင်းသည် အရေးကြီးသည့် အတွက်ကြောင့် အလုပ်လက်မဲ့အတွက် ထောက်ခံချက်ပေးရာတွင် **ပုံသေအတိုင်းအတာအတွင်းရှိ အလုပ်ရှာဖွေခြင်းလှုပ်ရှားမှု၏ဖြစ်ထွန်းမှုရလဒ်**များအပေါ်မူတည်၍ အကဲဖြတ်မှု စံနှုန်းများကို ချမှတ်ထားသည်။ အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာတွင် အလုပ်လက်မဲ့အဖြစ်ထောက်ခံချက် ရယူရန်လုပ်ဆောင်နေစဉ် ကာလအတွင်း ပြုလုပ်ခဲ့ သည့် အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအား မှန်ကန်စွာ ရေးသွင်းပါ (အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာနှင့်ပတ်သက်၍ "၁၂ အလုပ်လက်မဲ့ထောက်ခံချက် တောင်းခံမှုအစီရင်ခံစာရေးပုံရေးနည်း"တွင်၊ အလုပ်ရှာဖွေခြင်းလှုပ်ရှားမှု၏ဖြစ်ထွန်းမှုရလဒ်နှင့် ပတ်သက်၍ "၁၃ အလုပ်ရှာဖွေခြင်းလှုပ်ရှားမှု၏ ဖြစ်ထွန်းမှုရလဒ် ဆိုသည် မှာ?" တွင်ကြည့်ရှုပါ။

Hello Work စသည်တို့တွင် ထိုအစီရင်ခံစာကို အခြေခံ၍ အလုပ်လက်မဲ့အခြေအနေတွင်ရှိသည့်ရက်နှင့်ပတ်သက်ပြီး အလုပ်လက်မဲ့အဖြစ် ထောက်ခံချက်ပေးခြင်းကို ပြုလုပ်၍ အခြေခံခံစားခွင့်အတွက် ထောက်ပံ့ခြင်းလုပ်ထုံးလုပ်နည်းများ လုပ်ဆောင်ပါမည်။

## " အလုပ်လက်မဲ့အဖြစ် ထောက်ခံချက်ပေးသည့်ရက်" နှင့်ပတ်သက်၍

သင်၏အလုပ်အာမခံထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်ရှိ ထောက်ခံချက်ပေးမည့်ရက်ကော်လံတွင် ထောက်ခံချက်ပေးမည့်ရက်၏ ရက်သတ္တပတ်**အမျိုးအစား**နှင့်ရက်သတ္တပတ်၏**နေ့** အားပြသထားပါသည်။

ပူးတွဲပြက္ခဒိန်အားအသုံးပြု၍ အသိအမှတ်ပြုရက်ကို စစ်ဆေးပါမည်။




"**အမျိုးအစား2-အင်္ဂါ**" ဟုပုံနှိပ်ထားပါက

"**အမျိုးအစား2**" သည် ထောက်ခံချက်ပေးမည့်ရက်၏ ရက်သတ္တပတ်အမျိုးအစားကို ဖော်ပြသည် (အမျိုးအစား 1 မှ အမျိုးအစား 4 အထိ)။

"**အင်္ဂါ**" သည် ရက်သတ္တပတ်၏နေ့ကို ဖော်ပြသည် (တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ)။

**※ဒုတိယမြောက်အင်္ဂါနေ့အားဆိုလိုခြင်းမဟုတ်သည့်အတွက်ကြောင့် သတိထားပါ။**

ဘက်ဖက်ရှိပြက္ခဒိန်ကိုကြည့်ပါက ရက်သတ္တပတ်အမျိုးအစား 2 (အလျားလိုက်) နှင့် အင်္ဂါနေ့ (ဒေါင်လိုက်)တို့ ဆုံနေသည့် 9 လ 16 ရက်သည် ထောက်ခံချက်ပေးမည့်ရက်ဖြစ်ပါသည်။

တစ်ဖန် နောက်တစ်ကြိမ်ထောက်ခံချက်ပေးသည့်ရက်သည် 10 လ14 ရက် ဖြစ်ပါမည်။

**သတိပြုပါ**

★ထောက်ခံချက်ပေးမည့်ရက်သည် 1 လတွင် 2 ကြိမ်ရှိသည့်လများလည်းရှိပါသည်။

★ထောက်ခံချက်ပေးမည့်ရက်သည် စနေ၊ တနင်္ဂနွေနှင့် အများပြည်သူရုံးပိတ်ရက်များတွင် ကျရောက်နေပါက Hello Work စသည်တွင် ထောက်ခံချက်ပေးမည့်ရက်ကို ကြိုတင်ပြောင်းလဲပြီး ဌာနတွင်းကြေညာမှုများပြုလုပ်ကာ အသိပေးအကြောင်းကြားပါမည်။ ကြေညာချက်အမျိုးအစားများကို သေချာပေါက် စစ်ဆေးပါ။

★ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်တွင် နောက်တစ်ကြိမ်ထောက်ခံချက်ပေးမည့်ရက် ကို ပုံနှိပ်ထားပါသည်။

# 12 အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာရေးပုံရေးနည်း

## "အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာ" နှင့်ပတ်သက်၍

အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာသည် အခြေခံခံစားခွင့်ရရှိရန်အရေးကြီးသည့် စာရွက်စာတမ်းဖြစ်သည့်အတွက် သက်ဆိုင်သည့်ကော်လံတွင် မှန်ကန်စွာ ရေးသွင်းပါ။ အကယ်၍ မမှန်မကန်အစီရင်ခံပါက တရားမဝင်ထောက်ပံ့မှုလက်ခံရယူခြင်းအဖြစ် ပြစ်ဒဏ်ပေးခြင်းခံရမည်။

1 ထောက်ခံချက်ပေးမည့်ရက်တွင် ① အလုပ်အာမခံထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ် ② အလုပ်လက်မဲ့ထောက်ခံချက်တောင်း
ခံမှုအစီရင်ခံစာ ③ တံဆိပ်တုံး (Stamp မရပါ) အားယူဆောင်လာခဲ့ပါ။

2 အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာကို အနက်ရောင် Ball Pen သို့မဟုတ် ဖောင်တိန်ဖြင့် ရေးသွင်းပါ။
အကယ်၍ **မှားယွင်းသွားခဲ့ပါက အမှားပြင်ဆင်သည့်တံဆိပ်တုံးထုနှိပ်ခြင်း သို့မဟုတ် ကိုယ်ပိုင်လက်ရေးဖြင့်လက်မှတ်ရေးထိုးခြင်းဖြင့် ပြင်ဆင်ပါ။**

3 အောက်ဖော်ပြပါအခြေအနေတွင် ဝင်ငွေမရရှိသေးသော်လည်း ကိုက်ညီသည့်ကော်လံတွင် မှန်ကန်စွာရေးသွင်းပါ။

(1) **အလုပ်ဝင် (အလုပ်သင်၊ အစမ်းခန့်ကာလအပါအဝင်)** ခဲ့ပါက **အလုပ်ခန့်ခဲ့သည့်ရက်စွဲ**

(2) **အပိုဝင်ငွေရသည့်အလုပ်၊ အကူအလုပ်များ**ပြုလုပ်ခဲ့ပါက **ထိုရက်စွဲ**

(3) **part-time၊ အချိန်ပိုင်းအလုပ်၊ ယာယီအလုပ်**နှင့် **ရက်ရှည်နေ့စားအလု**ပ်စသည်တို့အား လုပ်ကိုင်ခဲ့ပါက **အလုပ်လုပ်ခဲ့သည့်ရက်စွဲ**
(ထိုအလုပ်များအား အချိန်ကြာမြင့်စွာ ထပ်ခါတလဲလဲပြုလုပ်နေပါက "**အလုပ်လုပ်နေခြင်း**" ဟု မှတ်ယူသည့်အခါလည်းရှိပါသည်။)

(4) **ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း**အားစတင် (**ကြိုတင်ပြင်ဆင်သည့်ကာလအပါအဝင်**) ခဲ့ပါက၊ **ကုမ္ပဏီအရာထမ်းစသည်အဖြစ်** တာဝန်ယူခဲ့ပါက၊ **စိုက်ပျိုးရေးလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းစသည့် မိသားစုလုပ်ငန်းများတွင် ဝင်ရောက်**လုပ်ကိုင်ခဲ့ ပါက၊ **တစ်ဆင့်ခံစာချုပ် ချုပ်ဆိုခြင်း- ကိုယ်စားလှယ်အဖြစ်တာဝန်ပေးအပ်ခြင်း**အားဖြင့် အလုပ်ပေးခြင်းပြုလုပ်ခဲ့ပါက၊ **စေတနာ့ ဝန်ထမ်း**လုပ်ဆောင်ခဲ့ပါက **ထိုရက်စွဲများ**

### သတိပြုပါ

★ အလုပ်လုပ်သည့်နေ့နှင့်ပတ်သက်၍ အခြေခံခံစားခွင့်မှထောက်ပံ့မှုမရရှိနိုင်သော်လည်း သတ်မှတ်ထားသောလိုအပ်ချက်များနှင့် ပြည့်စုံပါက နေ့စားအလုပ်ဝင်မှုခံစားခွင့်" ထောက်ပံ့မှုရရှိနိုင်သည့် အခြေအနေများလည်း ရှိပါသည်။ ("25 နေ့စားအလုပ်ဝင်မှုခံစားခွင့်နှင့်ပတ်သက်၍" တွင်ကြည့်ရှုပါ)။

★ အပိုဝင်ငွေရသည့်အလုပ်၊ အကူအလုပ်များလုပ်ခြင်းဖြင့် ဝင်ငွေရရှိခဲ့ပါက သတ်မှတ်ထားသည့်စံချိန်စံနှုန်းဖြင့် တွက်ချက်၍ အခြေခံခံစားခွင့်အား လျော့ချခြင်း သို့မဟုတ် မထောက်ပံ့ခြင်း များရှိတတ်ပါသည်။ အသေးစိတ်ကို Hello Work စသည်မှ တာဝန်ရှိသူများထံသို့ စုံစမ်းမေးမြန်းပါ။

★ လိုအပ်ပါက ထောက်ခံချက်ပေးမည့်အချိန်တွင် ယာဉ်မောင်းလိုင်စင်နှင့် ကာယကံရှင်ဖြစ်ကြောင်းအတည်ပြုစစ်ဆေးနိုင်မည့် အခြားစာရွက်စာတမ်းများအား တင်ပြစေခြင်းများလည်း ရှိတတ်ပါသည်။

### ကောင်တာတွင်လှမ်းခေါ်ခြင်းနှင့်ပတ်သက်၍

အလုပ်လက်မဲ့ထောက်ခံချက်ပေးမည့်ကောင်တာသို့ထောက်ပံ့မှုလက်ခံမည့်ပုဂ္ဂိုလ်အား လှမ်းခေါ်သည့်အခါတွင် ကောင်တာအလုပ်အားလွယ်ကူချောမွေ့စေခြင်းအားဖြင့် စောင့်ဆိုင်းရသည့်အချိန်အားချုံ့ခြင်း၊ စာရွက်စာတမ်းစသည်အား အခြားပုဂ္ဂိုလ်များထံသို့ မှားယွင်း၍ပို့ခြင်းမှကာကွယ်ရန်အတွက် နာမည်အပြည့်အစုံဖြင့် လှမ်းခေါ်ခြင်းအား ပြုလုပ်လျက်ရှိပါသည်။ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်ပေးရန် မေတ္တာရပ်ခံအပ်ပါသည်။

တစ်ဖန် အမျိုးမျိုးသောအခြေအနေများကြောင့် နာမည်အပြည့်အစုံဖြင့် လှမ်းမခေါ်စေလိုသည့်ပုဂ္ဂိုလ်သည် ကြိုတင်၍ တာဝန်ရှိဝန်ထမ်းများနှင့် ဆွေးနွေးတိုင်ပင်ပါ။

ပုံစံအမှတ် 14 (ပုဒ်မ 22 နှင့်ဆက်စပ်) (ပထမစာမျက်နှာ)

# အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာ

(ဒုတိယစာမျက်နှာပါသတိပြုရမည့်ဖော်ပြချက်များအားသေချာပေါက်ကောင်းစွာဖတ်ရှုပြီးနောက်မှရေးသွင်းပါ။)

※ပုံစံစာရွက်အမျိုးအစား 11203

①
1 အလုပ်လက်မဲ့ထောက်ခံချက်ရရှိရန်ပြုလုပ်နေသည့်အချိန်ကာလအတွင်းတွင်အမြဲတမ်း (သို့မဟုတ်) နေ့စား အလုပ်ဝင်ခြင်း သို့မဟုတ် အပိုဝင်ငွေရသည့်အလုပ်အကူအလုပ်များ ပြုလုပ်ခဲ့ပါသလား။

- က ပြုလုပ်ခဲ့ပါသည် (အမြဲတမ်း (သို့မဟုတ်) နေ့စား အလုပ်ဝင်ခြင်းပြုလုပ်ခဲ့သည့်နေ့ကို ○ သင်္ကေတ၊ အပိုဝင်ငွေရသည့်အလုပ်သို့မဟုတ်အကူ အလုပ်အား ပြုလုပ်ခဲ့သည့်နေ့ကို × သင်္ကေတဖြင့် ညာဘက်ပြက္ခဒိန်တွင်ရေးသွင်းပါ။)
- ခ မပြုလုပ်ခဲ့ပါ

4 လ

| | | | | | | |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | 31 | | | | |

5 လ

| | | | | | | |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| X 15 | 16 | 17 | X 18 | 19 | (20) | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | 31 | | | | |

②
2 အပိုဝင်ငွေရသည့်အလုပ်သို့မဟုတ်အကူအလုပ်ကိုပြုလုပ်ပြီးဝင်ငွေရရှိခဲ့သူသည် ဝင်ငွေရရှိခဲ့သည့်နေ့၊ဝင်ငွေပမာဏ(ဘယ်နှစ်ရက်စာ) စသည်တို့အား ရေးသွင်းပါ။

| | | |
|---|---|---|
| ဝင်ငွေရရှိခဲ့သည့်နေ့ 5 လ 25 ရက် | ဝင်ငွေပမာဏ 2000 ယန်း | ဘယ်နှစ်ရက်စာဝင်ငွေလဲ 2 ရက်စာ |
| ဝင်ငွေရရှိခဲ့သည့်နေ့ လ ရက် | ဝင်ငွေပမာဏ ယန်း | ဘယ်နှစ်ရက်စာဝင်ငွေလဲ ရက်စာ |
| ဝင်ငွေရရှိခဲ့သည့်နေ့ လ ရက် | ဝင်ငွေပမာဏ ယန်း | ဘယ်နှစ်ရက်စာဝင်ငွေလဲ ရက်စာ |

③
3 အလုပ်လက်မဲ့ထောက်ခံချက်ရရှိရန်ပြုလုပ်နေသည့်အချိန်ကာလအတွင်းတွင် အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအား ပြုလုပ်ခဲ့ပါသလား။

(က) အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအား ပြုလုပ်ခဲ့သည်

(1) အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအားမည်သည့်နည်းလမ်းဖြင့် ပြုလုပ်ခဲ့ပါသနည်း။

| အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုနည်းလမ်း | လှုပ်ရှားခဲ့သည့်နေ့ | အသုံးပြုခဲ့သည့် အဖွဲ့အစည်းအမည် | အလုပ်ရှာဖွေခြင်းလှုပ်ရှားမှု၏အကြောင်းအရာ |
|---|---|---|---|
| (က) ပြည်သူ့အလုပ်အကိုင်တည်ငြိမ်ရေးဌာန သို့မဟုတ် ဒေသန္တရသယ်ယူပို့ဆောင်ရေးဌာနမှ ပြုလုပ်သော အလုပ်အကိုင်ဆွေးနွေးတိုင်ပင်ခြင်းအလုပ်အကိုင်မိတ်ဆက်ပေးခြင်းစသည် (ခ) အလုပ်အကိုင်မိတ်ဆက်စီးပွားရေးလုပ်ငန်းရှင်မှ ပြုလုပ်သော အလုပ်အကိုင်ဆွေးနွေးတိုင်ပင်ခြင်း၊ အလုပ်အကိုင်မိတ်ဆက်ပေးခြင်းစသည် (ဂ) ဝန်ထမ်းစေလွှတ်သည့်ကုမ္ပဏီစီးပွားရေး လုပ်ငန်းရှင်မှ စေလွှတ်ဝန်ထမ်းအလုပ်ဝင်ရောက်ခြင်းဆိုင်ရာဆွေးနွေးတိုင်ပင်ခြင်းစသည် (ဃ) ပြည့်သူ့အဖွဲ့အစည်းစသည်တို့မှ အလုပ်အကိုင်ဆွေးနွေးတိုင်ပင်ခြင်း၊ အလုပ်အကိုင်မိတ်ဆက်ပေးခြင်းစသည် | 5/20 | **Hello Work** ○○ | **အလုပ်အကိုင်ဆွေးနွေးတိုင်ပင်မှုရလဒ် △△ကုမ္ပဏီသို့ မိတ်ဆက်ပေးခြင်းအားရရှိပြီး 5 လ 23 ရက်နေ့အင်တာဗျူး၊ အလုပ်ခန့်ခြင်း၊ မခန့်ခြင်းရလဒ်စောင့်ဆိုင်း။ (5 လ 29 ရက်နေ့တွင် အလုပ်ခန့်၊ မခန့်အကြောင်းကြားရန် လျှာထား)** |

(2) (1)၏ အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအပြင်စီးပွားရေးအလုပ်ဌာနများ၏အလုပ်ရှာဖွေခြင်းတွင်လျှောက်ထားခဲ့ဖူးပါကအောက်ပါကော်လံတွင်ရေးသွင်းပါ။

| အလုပ်ဌာနအမည်၊ ဌာန | လျှောက်ထားသည့်နေ့ | လျှောက်ထားသည့်နည်းလမ်း | အလုပ်အမျိုးအစား | လျှောက်ထားဖြစ်သည့်အကြောင်းရင်း | လျှောက်ထားမှုရလဒ် |
|---|---|---|---|---|---|
| **(ကုမ္ပဏီလီမိတက်) □□စက်မှုလုပ်ငန်း** (ဖုန်းနံပါတ် **03-5253-1111** ) | **5/6** | **တိုက်ရိုက်သွားရောက်တွေ့ဆုံခြင်း** | **အရောင်း** | (က) မိတ်ဆွေမှမိတ်ဆက်ပေးခြင်း (ခ) သတင်းစာကြော်ငြာ (ဂ) အလုပ်အကိုင်သတင်းအချက်အလက်မဂ္ဂဇင်း (ဃ) အင်တာနက် (င) အခြား | **5 လ 16 ရက်နေ့ အလုပ်ခန့်၊ မခန့်အကြောင်းကြားမှုရှိခြင်း** |
| (ဖုန်းနံပါတ် ) | | | | (က) မိတ်ဆွေမှမိတ်ဆက်ပေးခြင်း (ခ) သတင်းစာကြော်ငြာ (ဂ) အလုပ်အကိုင်သတင်းအချက်အလက်မဂ္ဂဇင်း (ဃ) အင်တာနက် (င) အခြား | |

ခ အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအား မပြုလုပ်ခဲ့ပါ (ထိုအကြောင်းရင်းအားအသေးစိတ်ရေးသွင်းပါ။ )

④
4 ယခု ပြည်သူ့အလုပ်အကိုင်တည်ငြိမ်ရေးဌာန သို့မဟုတ် ခရိုင်သယ်ယူပို့ဆောင်ရေးဌာနမှ မိမိနှင့်ကိုက်ညီသည့်အလုပ်အားမိတ်ဆက်ပေးပါက ချက်ချင်းလက်ခံနိုင်ပါသလား။

- (က) လက်ခံနိုင်ပါသည်
- (ခ) လက်မခံနိုင်ပါ — ခ တွင် ○ သင်္ကေတပြထားသူသည်ချက်ချင်းလက်မခံနိုင်ရသည့်အကြောင်းရင်းအားဒုတိယစာမျက်နှာပါသတိပြုရန်အချက်8 ချက်အတွင်းမှရွေးချယ်၍ထိုဂဏန်းအား ○ ဖြင့် ဝိုင်းပေးပါ။ (က) (ခ) (ဂ) (ဃ) (င)

⑤
5 အလုပ်ဝင်ခြင်းသို့မဟုတ် ကိုယ်ပိုင်လုပ်ငန်းလုပ်ခဲ့သည့်သူတစ်နည်းအားဖြင့် ထိုသို့လုပ်ရန်အစီအစဉ်ရှိသူသည်ရေးသွင်းပါ။

- (က) အလုပ်ဝင်ခြင်း — (1) ပြည်သူ့အလုပ်အကိုင်တည်ငြိမ်ရေးဌာန သို့မဟုတ် ဒေသန္တရသယ်ယူပို့ဆောင်ရေးဌာနမှ မိတ်ဆက်ပေးခြင်း (2) ဒေသခံပြည်သူ့အဖွဲ့အစည်း သို့မဟုတ် အလုပ်အကိုင်မိတ်ဆက်စီးပွားရေးလုပ်ငန်းရှင်မှ မိတ်ဆက်ပေးခြင်း (3) ကိုယ်တိုင်ရှာဖွေခြင်း; လ ရက်တွင်အလုပ်ဝင်ရောက်ခြင်း(လျှာထား)
- (ခ) ကိုယ်ပိုင်လုပ်ငန်းလုပ်ခြင်း — လ ရက်တွင်ကိုယ်ပိုင်လုပ်ငန်းစတင်ခြင်း(လျှာထား)

(အလုပ်ဝင်မည့်အလုပ်ဌာန)
အလုပ်ဌာနအမည်( )
တည်နေရာ (〒 )
ဖုန်းနံပါတ် ( )

⑥
အလုပ်အာမခံဥပဒေနည်းဥပဒေပုဒ်မ22 ပုဒ်မခွဲ 1ပါပြဋ္ဌာန်းချက်အရ အထက်ပါအတိုင်းအစီရင်ခံပါသည်၊

ရေးဝ 2 နှစ် 5 လ 28 ရက်

(ဤအစီရင်ခံစာအားတင်ပြသည့်ရက်)

○○ ပြည်သူ့အလုပ်အကိုင်တည်ငြိမ်ရေးဌာန / ဒေသန္တရသယ်ယူပို့ဆောင်ရေးဌာန သို့

ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူအမည် **Tarou Koyou** တံဆိပ်တုံး

ထောက်ပံ့မှုနံပါတ်( **20-123456-7** )

| ※ပြည်သူ့အလုပ်အကိုင်တည်ငြိမ်ရေးဌာန သို့မဟုတ် ဒေသန္တရသယ်ယူပို့ဆောင်ရေးဌာနမှဖြည့်သွင်းရန်ကော်လံ | | | |
|---|---|---|---|
| 1.ထောက်ပံ့မှုနံပါတ် – – | 2.မထောက်ပံ့ရသေးသည့်ကဏ္ဍ (ကွက်လပ်မထောက်ပံ့ရသေးခြင်းမှအခြား 1 မထောက်ပံ့ရသေးခြင်း) | 2.စောင့်ဆိုင်းကာလပြီးဆုံးသည့်ရက်စွဲ နှစ် လ ရက် | |
| 4.ထောက်ပံ့မည့်ကာလ (ပထမနေ့) နှစ် လ ရက် ~ (နောက်ဆုံးနေ့) လ ရက် | 5. အပိုဝင်ငွေရသည့်အလုပ် သို့မဟုတ် အကူအလုပ်မှဝင်ငွေ (အလုပ်နေ့ရက်အရေအတွက်) ရက် (ဝင်ငွေပမာဏ) ယန်း | 6.အခြေခံခံစားခွင့်ထောက်ပံ့မှုရက်အရေအတွက် ရက် | |
| 7.အလုပ်ရှာဖွေခြင်းထောက်ပံ့မှုရက်အရေအတွက် ရက် | 8.အလုပ်ရှာဖွေခြင်းထောက်ပံ့မှုအတွက်ကိုက်ညီသည့်အထူးအကျိုးခံစားခွင့်ထောက်ပံ့မှုရက်အရေအတွက် ရက် | 9.အလုပ်ဝင်ရောက်သည့်ရက်စွဲလမ်းကြောင်း နှစ် လ ရက် – | |

| နောက်တစ်ကြိမ်အသိအမှတ်ပြုရက်၊ အချိန် | |
|---|---|
| လ ရက် အချိန်မှ အချိန်ထိ | |

| အသိအမှတ်ပြုအကျုံးဝင်ကာလ | လ ရက်~ လ ရက် | ※ ဆက်သွယ်ရန်အချက်အလက် |
|---|---|---|
| မှတ်ချက် | ထောက်ပံ့ခံစားခွင့်ဝန်ထမ်း | အသိအမှတ်ပြုဝန်ထမ်း |

## ◎ အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာတွင် အရှိအတိုင်းရေးသွင်းကြရအောင်။

**ရေးသွင်းမှုနှင့်ပတ်သက်သည့်အသေးစိတ်ရှင်းလင်းချက်ကို အလုပ်အာမခံရှင်းလင်းပွဲတွင် ရှင်းလင်းပြပါမည်။**

① အလုပ်လက်မဲ့ထောက်ခံချက်ပေးခြင်းအားရရှိရန်ပြုလုပ်နေသည့်အချိန်ကာလအတွင်းတွင် အမြဲတမ်းအလုပ်ဝင်ခြင်း၊ နေ့စားအလုပ်ဝင်ခြင်း၊ အပိုဝင်ငွေရသည့်အလုပ်၊ အကူအလုပ်များ ပြုလုပ်ခဲ့ပါက "ア した**(က လုပ်ခဲ့သည်)**" တွင် ○ သင်္ကေတအား ဝိုင်းပေးပါ။

အလုပ်လက်မဲ့ထောက်ခံချက်ပေးခြင်းအားရရှိရန်ပြုလုပ်နေသည့်အချိန်ကာလအတွင်းဆိုသည်မှာ

အခြေခံမှုအားဖြင့် ယခင်အကြိမ်ထောက်ခံချက်ပေးသည့်ရက်မှ ယခုအကြိမ်ထောက်ခံချက်ပေးသည့်ရက်၏ ရှေ့တစ်ရက်အထိအား ဆိုလိုသည်။

အမြဲတမ်း သို့မဟုတ် နေ့စားအလုပ်ဝင်ခြင်းပြုလုပ်ခဲ့သည့်နေ့ (〇)၊ အပိုဝင်ငွေရသည့်အလုပ် သို့မဟုတ် အကူအလုပ်များ ပြုလုပ်ခဲ့သည့်နေ့ (×)

စာမျက်နှာ 15 ပါလိုအပ်ချက်များအားကိုးကားပြီး ပြက္ခဒိန်တွင် ○ သင်္ကေတ သို့မဟုတ် × သင်္ကေတအား မှတ်သားပါ။

**※မည်သည့်အခြေအနေမျိုးတွင်မဆို ဝင်ငွေရှိ၊မရှိနှင့်မသက်ဆိုင်ဘဲ သေချာပေါက်ရေးသွင်းပါ။**

**တစ်ဖန် အမြဲတမ်း သို့မဟုတ် နေ့စားအလုပ်ဝင်ခြင်း၊ တစ်နည်းအားဖြင့် အပိုဝင်ငွေရသည့်အလုပ် သို့မဟုတ် အကူအလုပ်များ ဖြစ်သလားဆိုတာ မဆုံးဖြတ်တတ်သည့်အခါ Hello Work စသည်၏ တာဝန်ရှိသူ ထံသို့ စုံစမ်းမေးမြန်း၍ ရေးသွင်းပါ။**

② အလုပ်လက်မဲ့ထောက်ခံချက်ပေးခြင်းအားရရှိရန်ပြုလုပ်နေသည့်အချိန်ကာလအတွင်းတွင် အပိုဝင်ငွေရသည့်အလုပ် သို့မဟုတ် အကူအလုပ်အား ပြုလုပ်၍ဝင်ငွေရရှိခဲ့ပါက ထိုအပိုဝင်ငွေရသည့်အလုပ်၊ အကူအလုပ်များအတွက် ကျေးဇူးတင်သည့်အနေနှင့်ပေးအပ်သည့်ငွေ လက်ခံခဲ့သည့်နေ့နှင့် ဝင်ငွေပမာဏ၊ ထိုဝင်ငွေသည် ဘယ်နှရက်စာ ဖြစ်သလဲဆိုသည်ကို သေချာပေါက်ရေးသွင်းပါ။

③ အလုပ်ရှာဖွေခြင်းလှုပ်ရှားမှု၏အခြေအနေအား အသေးစိတ်ရေးသွင်းပါ ("အလုပ်ရှာဖွေခြင်းလှုပ်ရှားမှု" အနေဖြင့်အသိအမှတ်ပြုခံရသည့်ကိစ္စများနှင့်ပတ်သက်၍ စာမျက်နှာ 6 အားကြည့်ရှုပါ)။

အသေးစိတ်ရေးသွင်းရန်လိုအပ်သောအချက်များသည်အောက်ပါအတိုင်းဖြစ်ပါသည်။

〇အလုပ်လက်မဲ့ထောက်ခံချက်ပေးခြင်းအားရရှိရန်ပြုလုပ်နေသည့်အချိန်ကာလအတွင်းတွင် အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုကို ပြုလုပ်ခဲ့ပါက (1)ကော်လံနှင့်ကိုက်ညီသည့်အချက်ကို ရေးသွင်းပါ။

(1)ကော်လံ၏အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအပြင် လုပ်ငန်းဌာနများ၏အလုပ်ခေါ်ဆိုမှုတွင်လျှောက်ထားခဲ့ပါက (2)ကော်လံတွင်ကိုက်ညီသောအချက်အားရေးသွင်းပါ။

〇အလုပ်မရှိဖြစ်ရခြင်းအကြောင်းရင်းဖြင့်အကျိုးခံစားခွင့်ကန့်သတ်ချက်အားရယူနေသည့်ပုဂ္ဂိုလ်သည် အကျိုးခံစားခွင့်ကန့်သတ်ချက်နောက်၏ပထမဆုံးအလုပ်လက်မဲ့ထောက်ခံချက်ပေးသည့်ရက်တွင် အကျိုးခံစားခွင့်ကန့်သတ်ချက်ကာလအတွင်းရှိအလုပ်ရှာဖွေခြင်းလှုပ်ရှားမှု အခြေအနေကိုလည်း ရေးသွင်းပါ။

〇 (1)ကော်လံတွင် (က)~(ဃ)ဖြင့်အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအားပြုလုပ်ခဲ့ပါက ကိုက်ညီသည့်နေရာတွင် ○ သင်္ကေတအားမှတ်သားပြီး "လှုပ်ရှားခဲ့သည့်နေ့"၊ "အသုံးပြု ခဲ့သည့် အဖွဲ့အစည်းအမည်" နှင့် "အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအကြောင်းအရာ" အားအသေးစိတ်ရေးသွင်းပါ။

(က)~(ဃ)၏ ပုဂ္ဂလိကအလုပ်အကိုင်မိတ်ဆက်အဖွဲ့အစည်း၊ အလုပ်သမားစေလွှတ်သည့်အဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်းအားအသုံးပြုခဲ့ပါက "အသုံးပြုခဲ့သည့် အဖွဲ့အစည်းအမည်" ကော်လံတွင် အဖွဲ့အစည်းအမည်အပြင် ထိုအဖွဲ့အစည်း၏ဖုန်းနံပါတ်ကိုပါ ရေးသွင်းပါ။

〇(2)ကော်လံ၏ "လုပ်ငန်းဌာနအမည်၊ ဌာန" ကော်လံတွင် လျှောက်ထားခဲ့သည့်လုပ်ငန်းဌာနအမည်နှင့်ဌာနအမည်အပြင် ထိုဌာန၏ဖုန်းနံပါတ်အားအတူတကွဖြည့်သွင်းပါ။

တစ်ဖန် "အလုပ်လျှောက်ထားသည့်နည်းလမ်း" ကော်လံတွင် စာရွက်စာတမ်းပို့ဆောင်ခြင်း၊ တိုက်ရိုက်သွားရောက်ခြင်းစသည်ဖြင့် အလုပ်ခေါ်ဆိုမှုအတွက် လျှောက်ထားခဲ့သည့်နည်းလမ်းအား အသေးစိတ်ရေးသွင်းပါ။

"လျှောက်ထားမှုရလဒ်" ကော်လံတွင် ဥပမာ "လက်ရှိတွင်အလုပ်ခန့်မခန့်ရလဒ်အားစောင့်ဆိုင်းနေခြင်း (×လ×ရက်အလုပ်ခန့် မခန့်ရလဒ်အကြောင်းကြားရန် လျာထား)"၊ "×လ×ရက်အလုပ်ခန့်(အလုပ်မခန့်)အကြောင်းကြားမှုရှိခြင်း" စသည်ဖြင့် ထိုအခြေအနေအား အသေးစိတ်ရေးသွင်းပါ။

④ Hello Work၏အလုပ်အကိုင်မိတ်ဆက်ပေးခြင်းအားလက်ခံလိုပါက "**ア 応じられる(က လက်ခံလိုပါသည်)**" တွင် ○ သင်္ကေတအားမှတ်သားပါ။ မိတ်ဆက်ခြင်း အား လက်မခံလိုပါက "**イ 応じられない(ခ လက်မခံလိုပါ)**" တွင်○သင်္ကေတအားမှတ်သားပြီး ထိုအကြောင်းပြချက်အား နောက်ကျောဘက် 8 ၏ (က)~(င) မှရွေးချယ် ပြီး ○ သင်္ကေတအားမှတ်သားပါ။

⑤ အလုပ်ဝင်ရန်ဆုံးဖြတ်ပြီးပါက အလုပ်ဝင်မည့်(လျာထား)ရက်စွဲ၊ အလုပ်ဝင်မည့်လုပ်ငန်းဌာနအမည်စသည်ကိုတိကျမှန်ကန်စွာ ရေးသွင်းပါ (အလုပ်သင်၊ အစမ်းခန့်ကာလစသည်တို့ရှိပါက ထိုပထမဆုံးနေ့အားရေးသွင်းပါ)။

⑥ ထောက်ခံချက်ပေးသည့်ရက်၏ရက်စွဲ၊ ထောက်ပံ့မှုနံပါတ်အားရေးသွင်းပါ။ ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူအမည်ကော်လံတွင် လက်မှတ်တံဆိပ်တုံး သို့မဟုတ် လက်ရေးဖြင့်လက်မှတ်ထိုးပါ။

**အမြဲတမ်း သို့မဟုတ် နေ့စားအလုပ်ဝင်ခြင်းဆိုသည်မှာ (အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာ၏ပြက္ခဒိန်တွင်◯သင်္ကေတအားမှတ်သားခဲ့ပါက)**

① အလုပ်အာမခံတွင် အာမခံထည့်ဝင်ထားသူဖြစ်ပါက (အမြဲတမ်းအလုပ်ဝင်သည့်အခါတွင် အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာမှ 5 က ကော်လံတွင်လည်းရေးသွင်းပါ)။

② အလုပ်ရှင်ထံတွင် အလုပ်ခန့်အပ်ခြင်းခံရပြီး 1ရက်တာရှိ အလုပ်ချိန်သည် 4 နာရီနှင့်အထက်ရှိပါက။

※စာချုပ်ကာလ 7 ရက်နှင့်အထက်ရှိသည့်အလုပ်ခန့်အပ်စာချုပ်တွင် တစ်ပတ်လျှင်သတ်မှတ်ထားသည့်အလုပ်ချိန်နာရီ 20 နှင့်အထက် သို့မဟုတ် တစ်ပတ်လျှင်အလုပ်လုပ်ရသည့်ရက် 4 ရက်နှင့်အထက်ရှိပါက အလုပ်အမှန်တကယ်မလုပ်သည့်နေ့များကိုပါထည့်သွင်းပြီး အလုပ်လုပ်နေခြင်းဖြစ်သည်ဟု မှတ်ယူပါမည်။

③ ကုမ္ပဏီတွင် အရာထမ်းအဖြစ် အလုပ်ခန့်အပ်မှုခံရခြင်း (1 ရက်တာရှိ အလုပ်လုပ်ချိန်နှင့်မသက်ဆိုင်ပါ)။

④ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအားကြိုတင်ပြင်ဆင်ခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအား လုပ်ကိုင်ခြင်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းစသည့်မိသားစုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း၊ တစ်ဆင့်ခံစာချုပ်ချုပ်ဆိုခြင်း- ကိုယ်စားလှယ်အဖြစ်တာဝန်ပေးအပ်ခြင်းအားဖြင့် အလုပ်ပေးခြင်း၊ အပိုဝင်ငွေရသည့်အိမ်တွင်းလုပ်ငန်း၊ စေတနာ့ဝန်ထမ်းလုပ်ဆောင်ခြင်းတို့အား လုပ်ဆောင်ခဲ့ပါက အခြေခံမှုအားဖြင့် 1 ရက်တာရှိအလုပ်ချိန်သည် 4 နာရီနှင့်အထက်ရှိပါက။

⑤ ④တွင်ဖော်ပြထားသည့်လှုပ်ရှားမှုများအားလုပ်ဆောင်ပြီး 1ရက်တာရှိအလုပ်ချိန်သည် 4 နာရီမပြည့်သော်လည်း ထိုလှုပ်ရှားမှုများတွင်သာအာရုံစိုက်နိုင်ရန် Hello Work ၏မိတ်ဆက်ပေးခြင်းအား ချက်ချင်းလက်မခံနိုင်ခြင်းစသည်ဖြင့် အခြားအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုများအား မပြုလုပ်ခဲ့ပါက။

**※ ①၊ ②၊ ③ဖြစ်ပါက လုပ်ခစသည့် အခကြေးငွေများမရှိသော်လည်း အမြဲတမ်း သို့မဟုတ် နေ့စားအလုပ်ဝင်ခဲ့ခြင်း သဘောသက်ရောက်မည်။**

**အပိုဝင်ငွေရသည့်အလုပ် သို့မဟုတ် အကူအလုပ်များ (အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာ၏ပြက္ခဒိန်တွင် × သင်္ကေတအားမှတ်သားခဲ့ပါက)**

① အလုပ်ရှင်ထံတွင် အလုပ်ခန့်အပ်ခြင်းခံရပါက ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအားကြိုတင်ပြင်ဆင်ခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအား လုပ်ကိုင်ခြင်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းစသည့် မိသားစုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း၊ တစ်ဆင့်ခံစာချုပ်ချုပ်ဆိုခြင်း–ကိုယ်စားလှယ်အဖြစ်တာဝန်ပေးအပ်ခြင်းအားဖြင့် အလုပ်ပေးခြင်း၊ အပိုဝင်ငွေရသည့်အိမ်တွင်းလုပ်ငန်း၊ စေတနာ့ဝန်ထမ်းလုပ်ဆောင်ခြင်းတို့အား လုပ်ဆောင်ခဲ့ပါက အခြေခံမှုအားဖြင့် 1 ရက်တာရှိအလုပ်ချိန်သည် 4 နာရီမပြည့် (အလုပ်အာမခံတွင် အာမခံထည့်ဝင်ထားသူမှအပ) ခဲ့ပါက။

② ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအားကြိုတင်ပြင်ဆင်ခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအား လုပ်ကိုင်ခြင်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းစသည့်မိသားစုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း၊ တစ်ဆင့်ခံစာချုပ်ချုပ်ဆိုခြင်း-ကိုယ်စားလှယ်အဖြစ်တာဝန်ပေးအပ်ခြင်းအားဖြင့် အလုပ်ပေးခြင်း၊ အပိုဝင်ငွေရသည့်လုပ်ငန်း၊ စေတနာ့ဝန်ထမ်း လုပ်ဆောင်ခြင်းတို့အား လုပ်ဆောင်ခဲ့ပြီး 1 ရက်တာရှိအလုပ်ချိန်သည် 4 နာရီနှင့်အထက်ရှိသော်လည်း 1 ရက်စာအတွက်ဝင်ငွေပမာဏသည် တစ်ရက်စာလုပ်အားခ၏အနိမ့်ဆုံးပမာဏ (*) မပြည့်ခဲ့ပါက။

*2,574 ယန်း။ ဤပမာဏသည်နှစ်စဉ် 8 လပိုင်း 1 ရက်နေ့တွင် ပြောင်းလဲသည့်အခါမျိုးရှိပါသည်။

**※အပိုဝင်ငွေရသည့်အလုပ် သို့မဟုတ် အကူအလုပ်လုပ်ခြင်းအားဖြင့် ဝင်ငွေမရရှိသော်လည်း အပိုဝင်ငွေရသည့်အလုပ် သို့မဟုတ် အကူအလုပ် လုပ်ခဲ့ သည့်ကိစ္စအား အစီရင်ခံရန် လိုအပ်**ပါသည်။ တစ်ဖန် အပိုဝင်ငွေရသည့်အလုပ် သို့မဟုတ် အကူအလုပ်ဖြင့် ဝင်ငွေရရှိ **(မိမိလုပ်အားဖြင့်ဝင်ငွေရရှိခဲ့ခြင်း)** ခဲ့ပါက ထို**ဝင်ငွေပမာဏအား အစီရင်ခံရန်လိုအပ်**ပါသည်။

## 13 အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအမှန်တကယ်ရလဒ်ဆိုသည်မှာ?

အလုပ်ရှာဖွေမှုနည်းလမ်းများတွင် Hello Work စသည်မှ ပြင်ဆင်ထားသည့် Menu အမျိုးမျိုး၊ သတင်းစာကြော်ငြာ၊ အင်တာနက်ပေါ်မှ အလုပ်ခေါ်ဆိုမှုသတင်းအချက်အလက်များရှာဖွေခြင်း၊ အသိမိတ်ဆွေထံသို့မိတ်ဆက်ပေးရန်တောင်းဆိုခြင်းစသည်ဖြင့် အမျိုးမျိုးရှိပါသော်လည်း အခြေခံခံစားခွင့်အတွက်ထောက်ပံ့ခြင်း ရရှိရန်အလို့ငှာ **စမ္မဓိဌာန်ကျကျအတည်ပြုစစ်ဆေးနိုင်သည့် အလုပ်ရှာဖွေခြင်း၏အမှန်တကယ်ရလဒ်**သည် လိုအပ်ပါသည်။ ဤအမှန်တကယ်ရလဒ်အား "**အလုပ်ရှာဖွေခြင်းလှုပ်ရှားမှု အမှန်တကယ်ရလဒ်**" ဟုခေါ်ပါသည် (အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအမှန်တကယ်ရလဒ်အနေဖြင့် အသိအမှတ်ပြုခြင်းခံထားရသည့် လှုပ်ရှားမှုများ အား နောက်စာမျက်နှာ တွင်ကြည့်ရှုပါ)။

အခြေခံခံစားခွင့်အတွက်ထောက်ပံ့ခြင်းရရှိရန်အလို့ငှာ

**အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအမှန်တစ်ကယ်ရလဒ်အဖြစ်အသိအမှတ်ပြုထားခြင်းခံထားရသည့် လှုပ်ရှားမှုများကို အခြေခံမှုအားဖြင့် ယခင် အကြိမ်ထောက်ခံချက်ပေးသည့်ရက်မှ ယခုအကြိမ်ထောက်ခံချက်ပေးမည့်ရက်ကာလအတွင်း အနည်းဆုံး 2 ကြိမ် နှင့်အထက် ပြုလုပ်ရန် လိုအပ်** ပါသည်။

တစ်ဖန် အကျိုးခံစားခွင့်ကန့်သတ်ချက်ရှိပါက ထိုအကျိုးခံစားခွင့်ကန့်သတ်ချက်ကာလနှင့် ထိုကာလပြီးပြီးချင်းနောက်ရှိ ထောက်ခံချက်ပေးခြင်းနှင့် အကျုံးဝင်သည့်ကာလတို့ ပေါင်းစည်းထားသည့်ကာလအတွင်းတွင် **အခြေခံမှုအားဖြင့် အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအမှန်တစ်ကယ်ရလဒ်အဖြစ် အသိအမှတ်ပြုထားခြင်းခံရသည့် လှုပ်ရှားမှုတို့ကို အနည်းဆုံး 3 ကြိမ်နှင့်အထက်ပြုလုပ်ရန်လိုအ**ပ်ပါသည်။

## 14 အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအမှန်တကယ်ရလဒ်တွင် မည်သည့်အရာများရှိပါသနည်း?

အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအမှန်တကယ်ရလဒ်အဖြစ်အသိအမှတ်ပြုထားခြင်းခံရသည့် အဓိကအရာများသည် အောက်ပါအတိုင်းဖြစ်ပါသည်။ **Hello Work၊ သတင်းစာ၊ အင်တာနက်စသည်ဖြင့် အလုပ်ရှာဖွေမှုသတင်းအချက်အလက်များအား ကြည့်ရှုခဲ့ခြင်း၊ အသိမိတ်ဆွေများထံသို့ မိတ်ဆက်ပေးရန်တောင်းဆိုခြင်းစသည်တို့သည် အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအမှန်တကယ်ရလဒ်တွင် မပါဝင်ပါ။**

① အလုပ်ခေါ်ဆိုမှုသို့လျှောက်လွှာတင်ခြင်း

② Hello Workစသည် သဘော်သားအလုပ်အကိုင်မြှင့်တင်ရေးစင်တာမှပြုလုပ်သည့်အလုပ်အကိုင်ဆွေးနွေးတိုင်ပင်မှုများ၊ အလုပ်အကိုင်မိတ်ဆက်ခြင်းများစသည်

③ Hello Workစသည် သဘော်သားအလုပ်အကိုင်မြှင့်တင်ရေးစင်တာမှပြုလုပ်သည့် အမျိုးမျိုးသောဟောပြောပွဲများ၊ နီးနှောဖလှယ်ပွဲများသို့တက်ရောက်ခြင်း

④ ဝန်ကြီးဌာနမှ ခွင့်ပြုချက်ရထားသော၊ ဝန်ကြီးဌာနသို့ သတင်းပို့မှုများရှိသော ပုဂ္ဂလိကအဖွဲ့အစည်း (အလုပ်အကိုင်မိတ်ဆက်ပေးသည့်ပုဂ္ဂလိကရုံး၊ အလုပ်သမားစေလွှတ်သည့်ရုံး) မှပြုလုပ်သည့် အလုပ်အကိုင်ဆွေးနွေးတိုင်ပင်မှုများ၊ အလုပ်အကိုင်မိတ်ဆက်ခြင်းများစသည်

⑤ ဝန်ကြီးဌာနမှ ခွင့်ပြုချက်ရထားသော၊ ဝန်ကြီးဌာနသို့ သတင်းပို့မှုများရှိသော ပုဂ္ဂလိကအဖွဲ့အစည်း (အလုပ်အကိုင်မိတ်ဆက်ပေးသည့်ပုဂ္ဂလိကရုံး၊ အလုပ်သမားစေလွှတ်သည့်ရုံး) မှပြုလုပ်သည့် အလုပ်အကိုင်ရှာဖွေခြင်းလှုပ်ရှားမှုနည်းလမ်းစသည်အား လမ်းညွှန်ပေးသည့် နီးနှောဖလှယ်ပွဲများသို့တက်ရောက်ခြင်း

⑥ အများပြည်သူဆိုင်ရာအဖွဲ့အစည်းစသည် (လွတ်လပ်စွာစီမံခန့်ခွဲမှုပြုနိုင်သောအဖွဲ့အစည်းဖြစ်သည့် သက်ကြီးရွယ်အို၊ မသန်စွမ်းသူ၊ အလုပ်ရှာဖွေနေသူများအား အလုပ်ခန့်ထားရေးထောက်ပံ့မှုအဖွဲ့အစည်း၊ ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဖွဲ့အစည်း၊ အလုပ်ခေါ်ဆိုမှုသတင်းအချက်အလက်ပေးအပ်သည့်ကုမ္ပဏီ၊ သတင်းစာကုမ္ပဏီစသည်) တို့မှ ပြုလုပ်သည့် အလုပ်အကိုင်ဆွေးနွေးတိုင်ပင်မှုများ

⑦ အများပြည်သူဆိုင်ရာအဖွဲ့အစည်းစသည် (လွတ်လပ်စွာစီမံခန့်ခွဲမှုပြုနိုင်သောအဖွဲ့အစည်းဖြစ်သည့် သက်ကြီးရွယ်အို၊ မသန်စွမ်းသူ၊ အလုပ်ရှာဖွေနေသူများအား အလုပ်ခန့်ထားရေးထောက်ပံ့မှုအဖွဲ့အစည်း၊ ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဖွဲ့အစည်း၊ အလုပ်ခေါ်ဆိုမှုသတင်းအချက်အလက်ပေးအပ်သည့်ကုမ္ပဏီ၊ သတင်းစာကုမ္ပဏီစသည်) တို့မှ ပြုလုပ်သည့် အမျိုးမျိုးသောဟောပြောပွဲများ၊ နီးနှောဖလှယ်ပွဲများ၊ သီးသန့်ဆွေးနွေးမှုများပြုလုပ်နိုင်သည့် ကော်ပိုရေးရှင်းလုပ်ငန်းများ၏ရှင်းလင်းပွဲ စသည်တို့အားတက်ရောက်ခြင်း၊ ပါဝင်ခြင်းစသည်

⑧ အလုပ်အသစ်ဝင်ရောက်ရန်အထောက်အကူပြုသော အမျိုးမျိုးသောနိုင်ငံစာမေးပွဲများ၊ အရည်အချင်းစစ်စာမေးပွဲများစသည်တို့ကဲ့သို့သော အရည်အချင်း ပြည့်မီကြောင်းစာမေးပွဲများအား ဖြေဆိုခြင်းစသည်

※အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအမှန်တကယ်ရလဒ်ဖြင့်ကိုက်ညီမှုရှိမရှိမသေချာပါက Hello Workစသည်ထံ စုံစမ်းမေးမြန်းပါ။

ဤအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအမှန်တကယ်ရလဒ်အဖြစ်အသိအမှတ်ပြုထားခြင်းခံရသောအရာများသည် 1 ရက်ပင်ဖြစ်ဖြစ် စောစီးစွာ အလုပ်အသစ်ဝင်ရောက်ခြင်းအကောင်အထည်ဖော်ရန် အလွန်ပင်အကျိုးသက်ရောက်မှု ရှိသောကြောင့် နေ့စဉ်အလုပ်ရှာဖွေမှုနည်းလမ်းအတွင်းတွင် တက်ကြွစွာ ထည့်သွင်းကြရအောင်။

<u>တစ်ဖန် အစီရင်ခံထားသောအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအမှန်တကယ်ရလဒ်နှင့်ပတ်သက်၍ အသုံးပြုသည့်အဖွဲ့အစည်းစသည်တို့ထံသို့ စုံစမ်းမေးမြန်းခြင်းအားဖြင့် အမှန်တကယ်ဟုတ်မဟုတ်အတည်ပြုစစ်ဆေးခြင်းများရှိမည်ဖြစ်ပြီး</u> **<u>အမှန်တကယ်နှင့်ကွဲပြားနေပါကအစီရင်ခံခြင်းသည် မမှန်မကန်ထောက်ပံ့မှုရယူခြင်းဖြစ်သွားသည့်အခါမျိုးရှိတတ်ပါသည်။</u>**

## 15 အခြေခံခံစားခွင့်ပေးချေမှုနှင့်ပတ်သက်၍

အခြေခံခံစားခွင့်သည် **အလုပ်လက်မဲ့ထောက်ခံချက်ပေးခြင်းအားရရှိပြီးသည့်နောက် ထိုထောက်ခံချက်ပေးခြင်းခံရသည့်ရက်အရေအတွက်စာ**နှင့်ပတ်သက်၍ သင်ရွေးချယ်သတ်မှတ်ထားသော ဘဏ္ဍာရေးအဖွဲ့အစည်း၏ငွေစုဘဏ်အကောင့်သို့ **ငွေလွှဲထည့်ပေးပါမည်။**

တစ်ဖန် ငွေစုဘဏ်အကောင့်သို့ငွေလွှဲထည့်ပေးခြင်းသည် **<u>အလုပ်လက်မဲ့ထောက်ခံချက်ပေးသည့်ရက်၏နောက် 7 ရက်ခန့်အကြာတွင်</u>** ဖြစ်ပါမည် (ဘဏ္ဍာရေးအဖွဲ့အစည်းပေါ်မူတည်၍ငွေလွှဲဝင်သည်အထိကာလသည်ကွဲပြားမှုရှိမည်။ တစ်ဖန် စနေ၊ တနင်္ဂနွေ၊ အများပြည်သူရုံးပိတ်ရက်စသည်တို့ပေါ်မူတည်၍ ဘဏ္ဍာရေးအဖွဲ့အစည်း၏ ရုံးပိတ်ရက်ရှိခဲ့ပါက ထိုပိတ်ရက်အရေအတွက်စာသာလျှင် ငွေထည့်သွင်းခြင်းနောက်ကျပါလိမ့်မည်)။

ထို့နောက် ငွေအပ်(ငွေစု)ဘဏ်အကောင့်သည် ကာယကံရှင်အမည်ဖြင့်သာမန်ငွေစုဘဏ်စာအုပ်(အတိုးနှုန်းမြင့်အပ်ငွေမှလွဲ၍) မဟုတ်ပါကငွေထည့်သွင်းပေးနိုင်မည်မဟုတ်သည့်အတွက်ကြောင့် သတိပြုပါ။

တစ်ဖန် ငွေလွှဲထည့်သွင်းပေးမည့်အမည်သည် "Kousei Roudoushou Shokugyou anteishoku" ဖြစ်ပါသည်။ ဘဏ်စာအုပ်တွင် အထက်ပါနာမည်၏တစ်ဝက်အထိ ရိုက်နှိပ်ထားပါသည်။ ※ဘဏ္ဍာရေးအဖွဲ့အစည်းအပေါ်မူတည်၍ကွဲပြားသည့်အခါရှိပါသည်။

**သတိပြုပါ**

☆အမည်အားပြောင်းလဲလိုက်သည့်အခါတွင် ဘဏ်စာအုပ်အမည်အားပြောင်းလဲရုံဖြင့် ငွေလွှဲထည့်သွင်းခြင်းမပြုလုပ်နိုင်သည့်အတွက်ကြောင့် သေချာပေါက်အမည်အသစ်ပါဘဏ်စာအုပ်အားပူးတွဲ၍ Hello Workစသည်၏ တာဝန်ရှိသူထံ တင်ပြပါ။

☆လွှဲထည့်ပေးလိုက်သည့်အကျိုးခံစားခွင့်ငွေပမာဏနှင့်ပတ်သက်၍ အလုပ်အာမခံထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်ရှိငွေပမာဏနှင့်ငွေစုဘဏ်စာအုပ်ရှိငွေပမာဏသည် မှားယွင်းမှုရှိနေပါသလား အတည်ပြုစစ်ဆေးပါ။

☆မရှင်းလင်းသည့်အချက်ရှိပါက Hello Workစသည်၏ တာဝန်ရှိသူထံသို့ စုံစမ်းမေးမြန်းပါ။

# 16 ထောက်ပံ့မှုရရှိနိုင်သည့်ကာလတိုးမြှင့်ခြင်းဆိုသည်မှာ?

အခြေခံခံစားခွင့်ထောက်ပံ့မှုရရှိနိုင်သည့်ကာလသည် အခြေခံမူအားဖြင့် အလုပ်ထွက်သည့်နေ့၏နောက်တစ်နေ့မှစ၍ 1 နှစ်အတွင်း (စာမျက်နှာ 8 အားကြည့်ရှုပါ) ဖြစ်သော်လည်း အောက်ပါအခြေအနေများတွင် ထောက်ပံ့မှုရရှိနိုင်သည့်ကာလတိုးမြှင့်ခြင်းပြုလုပ်နိုင်သည်။ ဤကာလအတွင်းတွင် ဖျားနာခြင်း၊ ဒဏ်ရာရခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးခြင်း၊ ကလေးပြုစုစောင့်ရှောက်ခြင်း ( 3 နှစ်အောက်)၊ မူလတန်းကျောင်းမတက်ရသေးခင်ကလေးအားစောင့်ရှောက်ခြင်း၊ ဆွေမျိုးသားချင်းများအားပြုစုစောင့်ရှောက်ခြင်း၊ အိမ်ထောင်ဖက်၏နိုင်ငံခြားအလုပ်အတွက်ကာယကံရှင်မှအတူလိုက်ရမည့်အခါ၊ သတ်မှတ်ထားသည့် စေတနာ့ဝန်ထမ်းလှုပ်ရှားမှုစသည်တို့ကြောင့် ဆက်လက်၍ ရက် 30 နှင့်အထက်အလုပ်မဝင်နိုင်သည့်ကာလရှိပါက ထိုအလုပ်မဝင်နိုင်သည့်ရက်အရေအတွက်အား ထောက်ပံ့မှုရရှိနိုင်သည့်ကာလတွင် ပေါင်းထည့်နိုင်ပါသည် (**ထောက်ပံ့မှုရရှိနိုင်သည့်ကာလတွင်ပေါင်းထည့်နိုင်သည့်ကာလသည် အများဆုံး 3 နှစ်ဖြစ်သည်**)

**ထောက်ပံ့မှုရရှိနိုင်သည့်ကာလတိုးမြှင့်ခြင်းအတွက် လျှောက်လွှာလုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍**

ထောက်ပံ့မှုရရှိနိုင်သည့်ကာလတိုးမြှင့်ခြင်းအတွက် လျှောက်လွှာတင်သည့်အခါတွင် **ဆက်လက်၍ရက် 30 နှင့်အထက်အလုပ်မလုပ်နိုင်သည့်နေ့၏ နောက်တစ်နေ့နောက်ပိုင်း စောစီးစွာလျှောက်ထားရန်မှာ အခြေခံမူ**ဖြစ်သော်လည်း တိုးမြှင့်ပြီးနောက်ရှိ ထောက်ပံ့မှုရရှိနိုင်သည့်ကာလ၏ နောက်ဆုံးရက်မတိုင်မီကာလအတွင်းဖြစ်ပါက လျှောက်ထားနိုင်ပါသည်။ Hello Workစသည်ထံသို့ အောက်ပါစာရွက်စာတမ်းများအား တင်ပြပါ။


1 "ထောက်ပံ့မှုရရှိနိုင်သည့်ကာလတိုးမြှင့်ခြင်းလျှောက်လွှာ"

2 "အလုပ်အာမခံထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်"

3 "တိုးမြှင့်သည့်အကြောင်းပြချက်နှင့်ကိုက်ညီကြောင်းအမှန်တရားအားအတည်ပြုစစ်ဆေးနိုင်သည့်စာရွက်စာတမ်းများ"

(စာဖြင့်ပေးပို့ခြင်း သို့မဟုတ် ကိုယ်စားဖြင့် တင်ပြ၍ရနိုင်သော်လည်း ကိုယ်စားဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ လိုအပ်ပါသည်။

**ဥပမာ**




ထောက်ပံ့မှုရရှိနိုင်သည့်ကာလတိုးမြှင့်ခြင်းကို အတည်ပြုထောက်ခံလိုက်ပါက "ထောက်ပံ့မှုရရှိနိုင်သည့်ကာလတိုးမြှင့်ခြင်းအကြောင်းကြားစာ" အားလွှဲပေးမည်ဖြစ်ပါသော်လည်း ထိုတိုးမြှင့်ကာလ၏အကြောင်းပြချက်ပြီးဆုံးသွားသည့်အချိန်တွင် ချက်ချင်း Hello Work စသည်သို့ အစီရင်ခံတင်ပြပါ။

တစ်ဖန် တိုးမြှင့်သည့်အကြောင်းပြချက်စသည်တို့အပေါ်မူတည်၍ ဆရာဝန်၏ဆေးလက်မှတ်စသည့် အထောက်အထားစာရွက်စာတမ်းများအား တင်ပြရန်လိုအပ်ပါသည်။

ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီမှုအဆုံးအဖြတ်အားရရှိပြီးသည့်နောက် ဖျားနာခြင်း၊ ဒဏ်ရာရခြင်းများကြောင့် 15 ရက်နှင့်အထက် အလုပ်မလုပ်နိုင်သည့်အခြေအနေဖြစ်ပါက အခြေခံခံစားခွင့်အစားပမာဏတူညီသော ဒဏ်ရာနှင့်နာမကျန်းမှုခံစားခွင့်ထောက်ပံ့မှုအားရရှိနိုင်သည့်အခါမျိုးလည်းရှိပါသည်။ အသေးစိတ်ကို "31 ဖျားနာခြင်း၊ ဒဏ်ရာရခြင်းကြောင့် အလုပ်မလုပ်နိုင်တော့ပါက?" တွင်ကြည့်ရှုပါ။

**အသက်60နှင့်အထက်သက်ပြည့်အငြိမ်းစားယူသူများ၏ ထောက်ပံ့မှုရရှိနိုင်သည့်ကာလတိုးမြှင့်ခြင်းနှင့်ပတ်သက်၍**

အသက် 60 နှင့်အထက်(သင်္ဘောသားများအတွက်မှာအသက် 50 နှင့်အထက်) သက်ပြည့်အငြိမ်းစားယူခြင်းနှင့် အငြိမ်းစားယူပြီးနောက်အလုပ်ဆက်လက်လုပ်ဆောင်မှုပြီးဆုံးခြင်းကြောင့် အလုပ်ထွက်ခြင်း၊ အလုပ်ထွက်ပြီးနောက်သတ်မှတ်ကာလအတွင်း အလုပ်ရှာဖွေခြင်းလျှောက်လွှာတင်ထားခြင်းမရှိကြောင်းအား အစီရင်ခံခဲ့ပါက ထိုအစီရင်ခံခဲ့သည့်ကာလ(အကြာဆုံး 1 နှစ်)စာအတွက် ထောက်ပံ့မှုရရှိနိုင်သည့်ကာလအားတိုးမြှင့်နိုင်ပါသည်။ လျှောက်လွှာတင်ရမည့်နောက်ဆုံးရက်သည် အလုပ်ထွက်လိုက်သည့်နေ့၏နောက်တစ်နေ့မှစ၍ 2 လအတွင်းဖြစ်ပါသည်။ ဤဝန်ဆောင်မှုအား ဆန္ဒရှိပါက Hello Work စသည်ထံသို့ အလုပ်ထွက်ထားကြောင်းကဒ်ပြားအား တင်ပြသည့်အချိန်တွင် တာဝန်ရှိသူထံသို့ သေချာပေါက် အသိပေးပါ။ (အလုပ်ရှာဖွေမှုလျှောက်လွှာတင်ပြီးနောက်ပိုင်းတွင် ဤဝန်ဆောင်မှုအားမရရှိနိုင်တော့သည့်အတွက်ကြောင့် သတိပြုပါ။)

## 17 မိတ်ဆက်ပေးခြင်းအားငြင်းပယ်မှုစသည်များကြောင့်အကျိုးခံစားခွင့်ကန့်သတ်ချက်ဆိုသည်မှာ?

Hello Work စသည်မှ မိတ်ဆက်ပေးသည့်လုပ်ငန်းတွင်ဝင်ရောက်ခြင်း၊ ညွှန်ကြားထားသည့် အများပြည်သူအသက်မွေးဝမ်းကျောင်းသင်တန်းအားတက်ရောက်ခြင်း၊ Hello Work စသည်မှ ပြုလုပ်သည့် အလုပ်အကိုင်ဆိုင်ရာလမ်းညွှန်များခံယူခြင်းတို့ကို သင့်လျော်သည့်အကြောင်းပြချက်မရှိဘဲငြင်းပယ်ခဲ့ပါက သို့မဟုတ် အများပြည်သူအသက်မွေးဝမ်းကျောင်းသင်တန်းအား မိမိအခြေအနေအရ တစ်ဝက်တစ်ပျက်ဖြင့်ကျောင်းထွက်လိုက်ပါက ထိုနေ့မှစ၍ 1 လကြာ အခြေခံခံစားခွင့်ထောက်ပံ့ခြင်းအား ရရှိနိုင်မည်မဟုတ်ပါ။


## 18 ထောက်ခံချက်ပေးသည့်ရက်တွင် Hello Workစသည့်ရုံးသို့ မလာရောက်ခဲ့ပါက?

**ထောက်ခံချက်ပေးသည့်ရက်တွင် Hello Workစသည့်ရုံးသို့ မလာရောက်ခဲ့ပါက** ထိုထောက်ခံချက်ပေးသည့်ရက်မတိုင်မီအထိကာလနှင့် ရုံးသို့မလာရောက်ခဲ့သည့် ထောက်ခံချက်ပေးသည့်ရက်တို့နှင့် ပတ်သက်၍ **အလုပ်လက်မဲ့ထောက်ခံချက် (အခြေခံခံစားခွင့်ထောက်ပံ့ခြင်း) အားရရှိနိုင်မည်မဟုတ်ပါ။**

ထို့ပြင် နောက်တစ်ကြိမ် ထောက်ခံချက်ပေးမည့်ရက်၏ရှေ့တစ်ရက်မတိုင်မီအတွင်း Hello Work စသည့်ရုံးသို့လာရောက်၍ အလုပ်အကိုင်ဆွေးနွေးတိုင်ပင်ခြင်းစသည့် တက်ကြွသော အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအားမပြုလုပ်ခဲ့ပါက **ထိုနောက်တစ်ကြိမ် ထောက်ခံချက်ပေးမည့်ရက်၏ရှေ့တစ်ရက်မတိုင်မီကာလနှင့် ပတ်သက်၍လည်း အလုပ်လက်မဲ့ ထောက်ခံချက်ပေးခြင်းအား လက်ခံနိုင်မည်မဟုတ်ပါ။**


အောက်ပါဥပမာကို ကိုးကားပါ။

① **ထောက်ခံချက်ပေးသည့်ရက် 10 လ 15 ရက်တွင် ရုံးသို့မလာရောက်ခဲ့ဘဲ နောက်တစ်ကြိမ်ထောက်ခံချက်ပေးသည့်ရက် 11 လ 12 ရက်တွင် ရုံးသို့လာရောက်ခဲ့ပါက**




ရုံးသို့မလာရောက်နိုင်ခဲ့သည့် ထောက်ခံချက်ပေးသည့်ရက် (10/15) ၏နောက်ရှိ ထောက်ခံချက်ပေးသည့်ရက် (11/12) ၏အရှေ့ရက် (11/11) မတိုင်မီ ရုံးသို့မလာရောက်ခဲ့ပါက 9 လ 17 ရက်မှ 11 လ 11 ရက်အထိ 56 ရက်သည် ထောက်ပံ့ခြင်းရရှိနိုင်မည်မဟုတ်ပါ။


② **ထောက်ခံချက်ပေးသည့်ရက်10 လ 15 ရက်တွင် ရုံးသို့မလာရောက်ခဲ့ဘဲ 10 လ 16 ရက်မှ 11 ရက် 11 လအတွင်း ရုံးသို့လာရောက်ပြီး အလုပ်အကိုင်ဆွေးနွေးတိုင်ပင်မှု များ လက်ခံပြီးနောက် နောက်တစ်ကြိမ်ထောက်ခံချက်ပေးသည့်ရက် 11 လ 12 ရက်တွင် လာရောက်ခဲ့ပါက**




9 လ 17 ရက်မှစ၍ 10 လ 15 ရက်အထိ 29 ရက်သည် ထောက်ပံ့ခြင်းရရှိနိုင်မည်မဟုတ်ပါ။

တစ်ဖန် 10 လ 16 ရက် ~ 11 လ 11 ရက်ကာလသည်လည်း အခြေခံမူအားဖြင့် 2 ကြိမ်နှင့်အထက်အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအမှန်တကယ်ရလဒ် လိုအပ်ပါသည်။

③ **အကျိုးခံစားခွင့်ကန့်သတ်ချက် 3 လစာရှိသည့်ပုဂ္ဂိုလ်သည် သတ်မှတ်ထားသည့်ထောက်ခံချက်ပေးသည့်ရက်တွင်ရုံးသို့မလာရောက်ဘဲ 3 လတာကျော်လွန်ပြီးနောက်မှ ရုံးသို့လာရောက်ခဲ့ပါက**




စောင့်ဆိုင်းကာလနှင့်အကျိုးခံစားခွင့်ကန့်သတ်ချက် မပြီးဆုံးသေးဘဲ ထောက်ပံ့မှုအကျုံးဝင်ခြင်းဆိုသည်မှာ မရှိနိုင်ပါ။ (စာမျက်နှာ10အားကြည့်ရှုပါ)။

# 19 ထောက်ခံချက်ပေးသည့်ရက်ပြောင်းလဲခြင်းနှင့်ပတ်သက်၍

သတ်မှတ်ထားသောထောက်ခံချက်ပေးသည့်ရက်တွင်ရုံးသို့မလာရောက်နိုင်ခဲ့ပါက အောက်ဖော်ပြပါ <u>မလွှဲမရှောင်သာအကြောင်းပြချက်ရှိသည့်အခြေအနေတွင်</u>**သာလျှင်အထူးဝန်ဆောင်မှု**အနေဖြင့် **ထောက်ခံချက်ပေးသည့်ရက် ပြောင်းလဲခြင်း**ကို ပြုလုပ်နိုင်ပါသည်။

ထိုအခြေအနေတွင် **သေချာပေါက် ကြိုတင်၍ Hello Workစသည်သို့ ဆက်သွယ်ပြီး ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ပါ။**

တစ်ဖန် ထောက်ခံချက်ပေးသည့်ရက်ပြောင်းလဲခြင်းဝန်ဆောင်မှုအားရယူမည့်အခါတွင် အခြေခံမူအားဖြင့် <u>ထိုဖြစ်ရပ်မှန်အားသိရှိနိုင်သည့်</u> <u>**သက်သေခံလက်မှတ်စသည်တို့**</u> <u>လိုအပ်ပါသည်</u> (လိုအပ်သည့်သက်သေခံလက်မှတ်စသည်နှင့်ပတ်သက်၍ Hello Workစသည်၏ ကောင်တာမှ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ပါ။)

**မလွှဲမရှောင်သာအကြောင်းပြချက်ဆိုသည်မှာ?**

☆အလုပ်ဝင်ခြင်း

☆အလုပ်ခေါ်သူများနှင့်အင်တာဗျူးခြင်း၊ ရွေးချယ်ခြင်း၊ အလုပ်ခန့်အပ်သည့်စာမေးပွဲစသည်

☆အမျိုးမျိုးသောနိုင်ငံ့စာမေးပွဲများ၊ အရည်အချင်းစစ်စာမေးပွဲစသည့် အရည်အချင်းပြည့်မီမှုကို စစ်ဆေးသည့် စာမေးပွဲများဖြေဆိုခြင်း

☆Hello Workစသည်၏ လမ်းညွှန်မှုများဖြင့် ဟောပြောပွဲအမျိုးမျိုးသို့တင်ရောက်နေပါက

☆အလုပ်မလုပ်နိုင်သည့်ကာလသည် 14 ရက်အတွင်းဖြစ်သည့် နာမကျန်းဖြစ်ခြင်း၊ ဒဏ်ရာရခြင်း

☆ကာယကံရှင်၏လက်ထပ်ထိမ်းမြားခြင်း


☆ဆွေမျိုးများအားပြုစုစောင့်ရှောက်ခြင်း၊ အပြင်းအထန်ဖျားခြင်း သို့မဟုတ် ကွယ်လွန်ခြင်း၊ လက်ထပ်ထိမ်းမြားခြင်း (မိသားစုဝင်အားလုံးအတွက်မဟုတ်ဘဲ အတိုင်းအတာကန့်သတ်ထားပါသည်)

☆အလယ်တန်းကျောင်းသားအရွယ်နှင့်အောက် ကလေးများ၏ ကျောင်းဝင်ပွဲအခမ်းအနား သို့မဟုတ် ကျောင်းဆင်းပွဲအခမ်းအနား

စသည်

**ဥပမာ**

နာမကျန်းဖြစ်ခြင်းကြောင့် ထောက်ခံချက်ပေးသည့်ရက် 10 လ 15 ရက်တွင် မလာရောက်နိုင်ဘဲ Hello Workစသည်၏ ညွှန်ကြားချက်များဖြင့် 10 လ 17 ရက်နေ့တွင် ထိုဖြစ်ရပ်မှန်အားသိရှိနိုင်သည့် လက်မှတ်စာရွက်စာတမ်းများအားယူဆောင်ပြီး ရုံးသို့လာရောက်ခဲ့ပါက




10 လ 17 ရက်နေ့တွင် 9 လ 17 ရက်နေ့မှစ၍ 10 လ 16 ရက်အထိ ရက် 30 စာအတွက် ထောက်ခံချက်ရယူပြီး 11 လ 12 ရက်နေ့တွင် 10 လ 17 ရက်နေ့မှစ၍ 11 လ 11 ရက်အတွက် 26 ရက်စာ ထောက်ခံချက်ရယူနိုင်ပါသည်။

ထို့အပြင် သတ်မှတ်ထားသောထောက်ခံချက်ပေးသည့်ရက်တွင် ရုံးသို့မလာရောက်ခဲ့ပါက ထိုအကြောင်းပြချက်သည် အောက်ဖော်ပြပါ①မှ③ထဲမှ တစ်ခုခုဖြစ်ပါက ထိုအကြောင်းပြချက်ကိုသက်သေပြနိုင်မည့် သက်သေခံအထောက်အထားပေါ်မူတည်၍ နောက်တစ်ကြိမ်ထောက်ခံချက်ပေးသည့်ရက်တွင် တစ်ပေါင်းတည်းပြု၍လည်း ထောက်ခံချက်ရယူနိုင်ပါသည်။

၎င်းအခြေအနေတွင်လည်း သေချာပေါက် Hello Workစသည်သို့ အကြောင်းကြားပြီး ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ပါ။

① အလုပ်မလုပ်နိုင်သည့်ကာလသည်14 ရက်အတွင်းဖြစ်သည့် နာမကျန်းဖြစ်ခြင်း၊ ဒဏ်ရာရခြင်းဖြစ်ခဲ့ပါလျှင် (ထိခိုက်ဖျားနာမှုထောက်ခံစာ)

② Hello Workစသည်၏မိတ်ဆက်ပေးမှုဖြင့် အလုပ်ခေါ်ဆိုသူနှင့်အင်တာဗျူးရှိခဲ့ပါလျှင် (အင်တာဗျူးထောက်ခံစာ)

③ သဘာဝဘေးအန္တရာယ်၊ အခြားရှောင်လွှဲ၍မရနိုင်သော မတော်တဆမှု (ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်း၊ ယာဉ်တိုက်မှုစသည်) တို့ကြောင့် ရုံးသို့မလာရောက်နိုင်ခဲ့ပါလျှင် (အစိုးရအုပ်ချုပ်ရေးရုံး၏ထောက်ခံစာ)

## 20 အလုပ်ဝင်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းစတင်ရန် ဆုံးဖြတ်လိုက်ပါက?

အလုပ်ဝင်ခြင်း (အစမ်းခန့်ကာလ၊ အလုပ်သင်ကာလ၊ အချိန်ပိုင်းအလုပ်၊ part-time အပါအဝင်) သို့မဟုတ် စီးပွားရေးလုပ်ငန်းစတင်ရန် ဆုံးဖြတ်လိုက်ပါက အခြေခံမူအားဖြင့် အလုပ်ဝင်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်း (စီးပွားရေးလုပ်ငန်းစတင်ရန်အတွက် ကြိုတင်ပြင်ဆင်သည့်ကာလရှိပါက ကြိုတင်ပြင်ဆင်ခြင်း) အား စတင်မည့်ရက်၏ ရှေ့တစ်ရက်တွင် Hello Work စသည့်ရုံးများသို့ လာရောက်ပြီး အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာအရ အလုပ်ဝင်မည့်အကြောင်းကြားစာပေးပို့ရန်လုပ်ဆောင်ပြီး အလုပ်လက်မဲ့ ထောက်ခံချက်အား ရယူပါ။

**အလုပ်ဝင်မည့်အကြောင်းကြားစာပေးပို့ရာတွင်လိုအပ်သောအရာများ**

- ☐ **အလုပ်အာမခံထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်**
- ☐ **အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာ**
- ☐ **အလုပ်ခန့်အပ်မှုထောက်ခံစာစသည်**

တစ်ဖန် အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်မှုခံစားခွင့်စသည့် ထောက်ပံ့မှုအတွက် လိုအပ်ချက်များနှင့်ကိုက်ညီသည်ဟုယူဆပါက အလုပ်လက်မဲ့အဖြစ်ထောက်ခံချက်ပေးခြင်းကို လုပ်ဆောင်ပြီး နောက်တွင် ထောက်ပံ့မှုလျှောက်လွှာကို လွှဲပေးပါမည်။

**※ အလုပ်အာမခံဆွေးနွေးပွဲမတိုင်မီ အလုပ်ဝင်ရောက်ရန်ဆုံးဖြတ် (အလုပ်ဝင်သည့်ရက်သည် အလုပ်အာမခံဆွေးနွေးပွဲထက်စောသည့် ရက်စွဲ) ခဲ့ပါက ဤ "လမ်းညွှန်ချက်" နှင့် ဆွေးနွေးပွဲတွင် ယူဆောင်လာရန်ညွှန်ကြားထားသည့်အရာများအား ယူဆောင်လာပြီး အလုပ်ဝင်သည့်ရက်မတိုင်မီရက်တွင် Hello Work စသည့်ရုံးများသို့ လာရောက်ပြီး အလုပ်ဝင်မည့်အကြောင်းကြားစာပေးပို့ခြင်းအား လုပ်ဆောင်ပါ။**

**※ အလုပ်ဝင်သည့်ရက်မတိုင်မီတွင် ထောက်ခံချက်ပေးသည့်ရက်ကို သတ်မှတ်ထားပါက ထိုထောက်ခံချက်ပေးသည့်ရက်တွင် Hello Work စသည့်ရုံးသို့လာရောက်ပြီး အလုပ်လက်မဲ့အဖြစ်ထောက်ခံပေးခြင်းအား ရယူရန် လိုအပ်ပါသည်။**

**※ Hello Work စသည့်ရုံးသို့လာရောက်ပြီး သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအား မလုပ်ဆောင်ခဲ့ပါက အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်စသည်အတွက် လျှောက်လွှာတင်ခြင်းကို လုပ်ဆောင်၍မရနိုင်သောကြောင့် သတိပြုပါ။**

## 21 အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်နှင့်ပတ်သက်၍

အခြေခံခံစားခွင့်အတွက် သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်၏ **3 ပုံ 1 ပုံနှင့်အထက်ရှိသည့် ထောက်ပံ့မှုရရက်အရေအတွက်ကျန်နေပြီး တည်ငြိမ်မှုရှိသည့်အလုပ်သို့ဝင်ရောက်ကာ ထောက်ပံ့မှုအတွက်လိုအပ်ချက်များအားလုံးပြည့်မီပါက အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်း ခံစားခွင့်** အတွက် ထောက်ပံ့မှုကို ရရှိနိုင်ပါသည်။

ထောက်ပံ့မှုပမာဏသည် သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်၏ 3 ပုံ 1 ပုံနှင့်အထက်ကျန်ရှိပြီး အလုပ်ဝင်ခဲ့ပါက ထောက်ပံ့မှုကျန်ရှိသည့် ရက်အရေအတွက်၏ **60%**၊ သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်၏ 3 ပုံ 2 ပုံနှင့်အထက်ကျန်ရှိပြီး အလုပ်ဝင်ခဲ့ပါက ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်၏ **70%** တို့နှင့်အခြေခံခံစားခွင့်တစ်ရက်စာငွေပမာဏကို မြှောက်ပြီးရရှိလာသည့်ငွေပမာဏ ဖြစ်ပါမည်။

| သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက် | ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက် | | အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်ပမာဏ |
|---|---|---|---|
| | ထောက်ပံ့မှုနှုန်း60%ဖြစ်ပါက | ထောက်ပံ့မှုနှုန်း70%ဖြစ်ပါက | |
| 90 ရက် | 30 ရက်နှင့်အထက် | 60 ရက်နှင့်အထက် | အခြေခံခံစားခွင့် တစ်ရက်စာငွေ ပမာဏ (※အများဆုံးကန့်သတ်ချက်ရှိ) × သတ်မှတ်ထားသည့်အကျိုးခံစားခွင့် ရက်အရေအတွက်မှ ထောက်ပံ့မှု ကျန်ရှိသည့်ရက်အရေအတွက် × 60% သို့မဟုတ် 70%<br>(1ယန်းမပြည့်သည့်အပိုင်းဂဏန်းငယ်များအား ဖြုတ်ပစ်ပါမည်) |
| 120 ရက် | 40 ရက်နှင့်အထက် | 80 ရက်နှင့်အထက် | |
| 150 ရက် | 50 ရက်နှင့်အထက် | 100 ရက်နှင့်အထက် | |
| 180 ရက် | 60 ရက်နှင့်အထက် | 120 ရက်နှင့်အထက် | |
| 210 ရက် | 70 ရက်နှင့်အထက် | 140 ရက်နှင့်အထက် | |
| 240 ရက် | 80 ရက်နှင့်အထက် | 160 ရက်နှင့်အထက် | |
| 270 ရက် | 90 ရက်နှင့်အထက် | 180 ရက်နှင့်အထက် | |
| 300 ရက် | 100 ရက်နှင့်အထက် | 200 ရက်နှင့်အထက် | |
| 330 ရက် | 110 ရက်နှင့်အထက် | 220 ရက်နှင့်အထက် | |
| 360 ရက် | 120 ရက်နှင့်အထက် | 240 ရက်နှင့်အထက် | |

※ အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်ကို တွက်ချက်သည့်အချိန်တွင် အခြေခံခံစားခွင့်တစ်ရက်စာငွေပမာဏသည် အများဆုံးကန့်သတ်ချက်ရှိပါသည်။

○ အလုပ်ထွက်ချိန်ရှိအသက်သည် 60 မပြည့်သည့်ပုဂ္ဂိုလ်များ ........ **6,195ယန်း**

○ အလုပ်ထွက်ချိန်ရှိအသက်သည် 60 နှင့်အထက် 65 မပြည့်သည့်ပုဂ္ဂိုလ်များ ........ **5,013ယန်း**

(အခြေခံခံစားခွင့်၏အများဆုံးကန့်သတ်ချက်သည် နှစ်စဉ် 8 လ 1 ရက်နေ့တွင် အပြောင်းအလဲရှိသည့်အခါလည်းရှိပါသည်)

အလုပ်သစ်သို့ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့် ထောက်ပံ့ခြင်းကို ရရှိခဲ့ပါက ခံစားခွင့်ပမာဏကို အခြေခံခံစားခွင့်တစ်ရက်စာငွေပမာဏဖြင့် စားပြီး ရရှိလာသည့် အရေအတွက်နှင့် ညီမျှသောရက်အရေအတွက်စာအတွက် အခြေခံခံစားခွင့်ထောက်ပံ့မှုကို ရရှိနိုင်သည်ဟု မှတ်ယူရမည်။

**"ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်" ဆိုသည်မှာ**

တူညီသော ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီမှုကိုအခြေခံ၍ အခြေခံခံစားခွင့်အတွက်ထောက်ပံ့မှုကိုရရှိခဲ့ပြီးသည့်ရက်အရေအတွက် သို့မဟုတ် ထိခိုက်ဖျားနာမှုခံစားခွင့်၊ အလုပ်ဝင်မှု ခံစားခွင့်၊ အလုပ်သစ်သို့ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်တို့အတွက် ထောက်ပံ့ခြင်းကိုရရှိခဲ့ခြင်းအားဖြင့် အခြေခံခံစားခွင့်ထောက်ပံ့မှုအားရရှိခဲ့သည်ဟု ယူဆသည့်ရက်အရေအတွက်အား သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်မှ နုတ်ထားသည့်ရက်အရေအတွက်ဖြစ်ပါသည်။

**※ ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်သည် အလုပ်ဝင်သည့်ရက်မှ ထောက်ပံ့မှုရရှိနိုင်သည့်ကာလပြီးဆုံးသည့်ရက်စွဲအထိရှိ ရက်အရေအတွက်ထက်ကျော်လွန်သွားပါက အလုပ်ဝင်သည့်နေ့မှ ထောက်ပံ့မှုရရှိနိုင်သည့်ကာလပြီးဆုံးသည့်ရက်စွဲအထိရှိ ရက်အရေအတွက်သည် ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်ဖြစ်ပါမည်။**

**တစ်ဖန် အကျိုးခံစားခွင့်ကန့်သတ်ချက်ကာလအတွင်းတွင် အလုပ်ဝင်ခဲ့သည့်အခါ ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်သည် အကျိုးခံစားခွင့်ကန့်သတ်ချက်ကာလ နောက်ဆုံးရက်၏နောက်တစ်ရက်မှစ၍ ထောက်ပံ့မှုရရှိနိုင်သည့်ကာလပြီးဆုံးသည့်ရက်စွဲအထိရှိ ရက်အရေအတွက်ကိုကျော်လွန်သွားပါက အကျိုးခံစားခွင့်ကန့်သတ်ချက်ကာလ နောက်ဆုံးရက်၏နောက်တစ်နေ့မှစ၍ ထောက်ပံ့မှုရရှိနိုင်သည့်ကာလပြီးဆုံးသည့်ရက်စွဲအထိ၏ ရက်အရေအတွက်များသည် ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်ဖြစ်ပါမည်။**

## အလုပ်သစ်သို့ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့် ထောက်ပံ့မှုအတွက်လိုအပ်ချက်များ

အောက်ဖော်ပြပါ①မှ⑧အထိရှိ လိုအပ်ချက်များအားလုံးပြည့်စုံပါက အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် ထောက်ပံ့ခြင်း ရရှိနိုင်ပါမည်။

ထို့ပြင် ကိုယ်တိုင်ရပ်တည်ခြင်းဖြစ်သည်ဟု အသိအမှတ်ပြုနိုင်သည့် သတ်မှတ်ထားသောလိုအပ်ချက်များအောက်တွင် စီးပွားရေးလုပ်ငန်းအားစတင်ခဲ့သောအခါတွင်လည်း အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် ထောက်ပံ့ပေးသည့်အခါမျိုးရှိတတ်ပါသည် (ထိုအခြေအနေအတွက် ထောက်ပံ့မှုရယူရန်လိုအပ်ချက်များကို Hello Work စသည်၏ တာဝန်ခံများထံသို့ မေးမြန်းပါ)။

**အောက်ဖော်ပြပါလိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းရန်လိုအပ်ပါသည်။**

① အလုပ်ဝင်သည့်ရက်၏ရှေ့တစ်ရက်အထိအတွက် အလုပ်လက်မဲ့ထောက်ခံချက်ကိုရယူပြီးနောက် အခြေခံခံစားခွင့်အတွက်ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်သည် သတ်မှတ်ထားသည့်အကျိုးခံစားခွင့် ရက်အရေအတွက်၏ 3 ပုံ 1 ပုံနှင့်အထက်ရှိခြင်း

(ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်သည် အလုပ်ဝင်သည့်ရက်မှ ထောက်ပံ့မှုရရှိနိုင်သည့်ကာလပြီးဆုံးသည့်ရက်စွဲအထိရှိ ရက်အရေအတွက်ကို ကျော်လွန်နေပါက အလုပ်ဝင်သည့်ရက်မှ ထောက်ပံ့မှုရရှိနိုင်သည့်ကာလပြီးဆုံးသည့်ရက်စွဲအထိရှိ ရက်အရေအတွက်သည် ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်ဖြစ်သည်) ※ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်နှင့်ပတ်သက်၍ အောက်တွင်ဖော်ပြထားသော " "ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်" ဆိုသည်မှာ" အားကြည့်ရှုပါ။

② 1 နှစ်ကျော်အလုပ်လုပ်ရန်သေချာကြောင်းအသိအမှတ်ပြုနိုင်ခြင်း

(1 နှစ်နှင့်အောက်ရှိသော အလုပ်ခန့်အပ်မှုကာလကိုသတ်မှတ်ထားပြီး အလုပ်စာချုပ်သက်တမ်းတိုးခြင်းဖြင့် အချို့သောရည်မှန်းချက်ပြည့်မီရန် သတ်မှတ်ချက်များထပ်ပေါင်းထည့်ထားပါက "1နှစ်ကျော်အလုပ်လုပ်ရန်သေချာကြောင်း" နှင့်မကိုက်ညီပါ)

③ စောင့်ဆိုင်းကာလပြီးဆုံးပြီးသည့်နောက်တွင်အလုပ်ဝင်ခြင်း

④အလုပ်ထွက်ခဲ့ရခြင်းအကြောင်းရင်းဖြင့် အကျိုးခံစားခွင့်သတ်မှတ်ချက်အားရရှိခဲ့ပါက စောင့်ဆိုင်းကာလပြီးဆုံးသည့်ရက်နောက်ရှိ 1 လတာနှင့်ပတ်သက်၍ Hello Workစသည် သို့မဟုတ် ဝန်ကြီးဌာန မှ ခွင့်ပြုချက်ရထားသော၊ ဝန်ကြီးဌာနသို့ သတင်းပို့မှုများရှိသော အလုပ်အကိုင်မိတ်ဆက်စီးပွားရေးလုပ်ငန်းရှင်စသည်၏ မိတ်ဆက်ပေးမှုကြောင့် အလုပ်ဝင်ရောက်ခဲ့ခြင်း

⑤ အလုပ်မထွက်မီက စီးပွားရေးလုပ်ငန်းရှင်ထံမှ နောက်တစ်ကြိမ်အလုပ်ခန့်အပ်ခံရမှုမဟုတ်ခြင်း

(မတည်ငွေ၊ ရင်းနှီးငွေ၊ ဝန်ထမ်းရေးရာကိစ္စများ၊ အရောင်းအဝယ်ကိစ္စစသည့်အခြေအနေများမှ ကြည့်၍ အလုပ်မထွက်မီကအလုပ်ရှင်နှင့်ရင်းနှီးသောဆက်ဆံရေးရှိသည့် လုပ်ငန်းရှင်လည်း ပါဝင်ပါသည်)

⑥ အလုပ်ဝင်သည့်ရက်မတိုင်မီ ရှေ့3 နှစ်အတွင်းရှိ အလုပ်ဝင်ခြင်းနှင့်ပတ်သက်၍ အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့် သို့မဟုတ် ပုံမှန်အလုပ်အကိုင်ပြင်ဆင်မှုစရိတ်ထောက်ပံ့ခြင်းအား မရရှိထားခြင်း

⑦ ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီမှုဆုံးဖြတ်ခြင်း (အလုပ်ရှာဖွေမှုလျှောက်လွှာ)မတိုင်မီကတည်းက အလုပ်ခန့်အပ်ရန်သဘောတူထားသည့် အလုပ်ရှင်မှအလုပ်ခန့်ထားပေးမှုမဟုတ်ခြင်း

⑧ ယေဘုယျစည်းမျဉ်းအားဖြင့် အလုပ်အာမခံအတွက် အာမခံဝင်ရောက်ထားသူအနေနှင့်လိုအပ်ချက်များနှင့်ပြည့်မီသည့်သတ်မှတ်ချက်များဖြင့် အလုပ်ခန့်ထားမှုဖြစ်ခြင်း

(ဥပမာ အလုပ်ခန့်အပ်ထားမှုစာချုပ်၊ အလုပ်အပ်နှံထားမှုစာချုပ်စသည်တို့သည် အလုပ်အာမခံအတွက်အာမခံဝင်ရောက်ထားသူနှင့်မကိုက်ညီပါ)

※ ထောက်ပံ့မှုပေးရန်ဆုံးဖြတ်ချက်ချသည့်ရက်မှ 1 ပတ်ခန့်အတွင်း သတ်မှတ်ထားသောဘဏ်အကောင့်ထဲသို့ ငွေထည့်သွင်းပေးပါမည်။ သို့သော် လျှောက်လွှာပါအကြောင်းအရာများ၏ အတည်ပြုစစ်ဆေးမှုရလဒ်စသည်တို့အပေါ်မူတည်၍ ထောက်ပံ့မှုအတွက် ဆုံးဖြတ်ခြင်းပြုသည်အထိ အချိန်ကြာမြင့်သည်လည်း ရှိတတ်ပါသည်။


**"Hello Workစသည်၏ မိတ်ဆက်မှုဖြင့် အလုပ်ဝင်ခြင်း" ဆိုသည်မှာ**

Hello Workစသည်၏မိတ်ဆက်ပေးခြင်းကို ရယူ၍ အလုပ်ဌာနသို့အင်တာဗျူးသွားရောက်ဖြေဆိုပြီး အလုပ်ဝင်ရောက်ခဲ့သည့်အခြေအနေအား ဆိုလိုပါသည်။ သို့ဖြစ်၍ Hello Work စသည်၏ အများပြည်သူကိုဖွင့်ပေးထားသောအလုပ်ခေါ်ဆိုမှုများ အလုပ်ခေါ်ဆိုမှုသတင်းအချက်အလက်မဂ္ဂဇင်းစသည်တို့အား ကြည့်ရှုခြင်းများပြုလုပ်ပြီး **မိမိကိုယ်တိုင် တိုက်ရိုက်အလုပ်လျှောက်ထား၍အလုပ်ဝင်ရောက်ခဲ့ပါက "Hello Workသည်၏မိတ်ဆက်ပေးမှုကြောင့်အလုပ်ဝင်ခြင်း" မဟုတ်ပါ** (အလုပ်အကိုင်မိတ်ဆက်ပေးသည့်အလုပ်ရှင်စသည့်အခြေအနေတွင်လည်း အတူတူပင်ဖြစ်ပါသည်)

# 22 အလုပ်သစ်သို့ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အားအသုံးချကြပါစို့

**အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်သည် စောလျင်စွာ အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်လျှင် အကျိုးခံစားခွင့်နှုန်းသည် 60% → 70%သို့ တိုးသွားမည်။**


☐ အခြေခံခံစားခွင့်တစ်ရက်စာငွေပမာဏ 4,000ယန်း၊ သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက် 90 ရက်ရှိသည့်ပုဂ္ဂိုလ်သည် ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက် 60ရက် ကျန်ရှိသည့်အချိန်တွင် အလုပ်ဝင်ရောက်ခဲ့ပါက




☐ သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက် 90 ရက်အတွက် အခြေခံခံစားခွင့်ကျန်ရှိသည့်ရက်အရေအတွက်သည် 60 ရက် (3 ပုံ 2 ပုံကျော်) ဖြစ်သည့်အတွက်ကြောင့် အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် ထောက်ပံ့မှုနှုန်းသည် **70%** ဖြစ်ပါသည်။

☐ အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်၏ငွေပမာဏသည် 4000 ယန်း x 60 ရက် x 70% = 168,000 ယန်း ဖြစ်ပါသည်။

☐ အခြေခံခံစားခွင့်တစ်ရက်စာငွေပမာဏ 4,000 ယန်း၊ သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်ပမာဏ 90 ရက်ရှိသည့်ပုဂ္ဂိုလ်သည် ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက် 59 ရက် ကျန်ရှိသည့်အချိန်တွင် အလုပ်ဝင်ရောက်ခဲ့ပါက




☐ သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက် 90 ရက်အတွက် အခြေခံခံစားခွင့်၏ကျန်ရှိသည့်ရက်အရေအတွက်သည် 59ရက် (3 ပုံ 1 ပုံကျော်) ဖြစ်သည့် အတွက်ကြောင့် အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် ထောက်ပံ့မှုနှုန်းသည် **60%** ဖြစ်ပါသည်။

☐ အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်၏ငွေပမာဏသည် 4000 ယန်း x 59 ရက် x 60% = 141,600 ယန်း ဖြစ်ပါသည်။

## 23 အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် လုပ်ထုံးလုပ်နည်းဆိုသည်မှာ?

**အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်မှုခံစားခွင့်၏လျှောက်လွှာလုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍**

**လျှောက်လွှာနောက်ဆုံးရက်သည် အလုပ်ဝင်သည့်ရက်၏နောက်တစ်ရက်မှစ၍ 1လအတွင်းဖြစ်ပါသည်။**

အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်လျှောက်လွှာတင်သည့်အခါတွင် အောက်ဖော်ပြပါစာရွက်စာတမ်းများကို Hello Workစသည်သို့တင်ပြပါ။

1 အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်လျှောက်လွှာ (အလုပ်ဝင်မည့်နေရာမှအလုပ်ရှင်၏ထောက်ခံချက်လိုအပ်ပါသည်)

2 အလုပ်အာမခံထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်

3 အခြား Hello Workစသည်မှ တောင်းဆိုထားသည့်စာရွက်စာတမ်းများ

※ တင်ပြခြင်းကို စာတိုက်မှပေးပို့၍လည်း ရနိုင်ပါသည်။

**သတိပြုပါ**

**Hello Workစသည်တွင် အလုပ်ဝင်ကြောင်းအစီရင်ခံခြင်းပြုလုပ်ပြီးနောက်မှမဟုတ်ပါလျှင် အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် လျှောက်လွှာလုပ်ထုံးလုပ်နည်းများအား လုပ်ဆောင်၍မရနိုင်ပါ။ ထို့ပြင် အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် ထောက်ပံ့မှုရယူလိုက်ပါက တူညီသောအလုပ်ဝင်ခြင်းအကြောင်းပြချက်ဖြစ်သည့် သက်ကြီးရွယ်အိုအလုပ်ပြန်လည်ဝင်ရောက်ခြင်းအကျိုးခံစားခွင့်ငွေကို ထောက်ပံ့ခြင်းခံရမည်မဟုတ်ပါ။ အသေးစိတ်ကို "36 အလုပ်ဆက်လက်လုပ်ကိုင်မှုအကျိုးခံစားခွင့်နှင့်ပတ်သက်၍" အားကြည့်ရှုပါ။**

## 24 အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်ထောက်ပံ့မှုရရှိပြီးသည့်နောက်တွင်လည်း အကျိုးခံစားခွင့်ရှိသည်

စောလျင်စွာ အလုပ်အသစ်သို့ဝင်ရောက်ပြီး အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်ထောက်ပံ့မှုအားရရှိပြီးသည့်သူသည် ဆက်လက်၍ ထိုအလုပ်အသစ်ပြန်လည်ဝင်ရောက်သည့်နေရာတွင် 6 လနှင့်အထက် အလုပ်ခန့်အပ်ခြင်းခံရခြင်း နှင့် အလုပ်အသစ်ပြန်လည်ဝင်ရောက်သည့်နေရာတွင် 6 လတာအတွင်းပေးချေခံရသောလစာသည် အလုပ်အာမခံမှ အကျိုးခံစားခွင့်မရရှိမီရှိလစာနှင့်နှိုင်းယှဉ်လျှင် နည်းနေပါက **အလုပ်အကိုင်မြှင့်တင်ရေးသတ်မှတ်ထားသည့်ထောက်ပံ့ကြေး** ပေးချေမှုအား ရရှိနိုင်ပါသည်။

### အလုပ်အကိုင်မြှင့်တင်ရေးသတ်မှတ်ထားသည့်ထောက်ပံ့ကြေး၏ထောက်ပံ့မှုလိုအပ်ချက်များ

**အောက်ဖော်ပြပါလိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းရန်လိုအပ်ပါသည်။**

①အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် ထောက်ပံ့မှုကိုရရှိနေခြင်း

②အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် ထောက်ပံ့မှုရယူခဲ့သောအလုပ်အသစ်သို့ ပြန်လည်ဝင်ရောက်သည့်နေ့မှစ၍ တူညီသောအလုပ်ရှင်ထံတွင် ဆက်လက်၍ 6 လနှင့်အထက်အလုပ်ခန့်အပ်ခြင်းခံထားရခြင်း

※အလုပ်ရှင်၏အခြေအနေကြောင့်အလုပ်ပြောင်းရွှေ့ခြင်းခံရသော်လည်း အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် ထောက်ပံ့မှုရယူခဲ့သောအလုပ်အသစ်သို့ ပြန်လည်ဝင်ရောက်သည့်နေ့မှစ၍ 6 လမတိုင်မီတွင် အလုပ်အာမခံအတွက်အာမခံဝင်ရောက်ထားသူအရည်အချင်းကိုဆုံးရှုံးသွားလျှင် ထိုခံစားခွင့်ထောက်ပံ့မှုကို မရရှိနိုင်တော့ပါ။

(စီးပွားရေးလုပ်ငန်းကိုစတင်လုပ်ကိုင်ခြင်းဖြင့် အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက်ထောက်ပံ့မှုကိုရရှိခဲ့ပါက ဤခံစားခွင့်အတွက်ထောက်ပံ့မှုကို မရရှိနိုင်တော့ပါ။)

③အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် ထောက်ပံ့မှုရယူခဲ့သောအလုပ်အသစ်သို့ ပြန်လည်ဝင်ရောက်သည့်နေ့မှစ၍ 6 လတာအတွင်းတွင် ပေးချေခြင်းခံရသည့်လစာငွေပမာဏ၏ 1 ရက်စာပမာဏ (A) သည် အလုပ်မထွက်မီရှိတစ်ရက်စာလစာငွေပမာဏ (B) အောက်လျော့နည်းနေပါက (Aနှင့်B၏အခြေခံတွက်ချက်မှုနည်းလမ်းကို P6 မှ 14 ကို ကြည့်ရှုပါ။)။

※အလုပ်မထွက်မီရှိတစ်ရက်စာလစာငွေပမာဏသည် အနိမ့်ဆုံးကန့်သတ်ပမာဏဖြစ်နေပါက အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်ပြီးနောက် 6 လတာ၏ 1 ရက်လစာငွေသည် အလုပ်မထွက်မီရှိတစ်ရက်စာလစာပမာဏအောက်မလျော့နည်းသောကြောင့် ဤခံစားခွင့်အတွက်ထောက်ပံ့မှုကို ရရှိနိုင်မည်မဟုတ်ပါ။

## ထောက်ပံ့မှုပမာဏနှင့်ပတ်သက်၍

**ထောက်ပံ့မှုပမာဏ =**

**(B - A) x အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်သည့်နေ့မှစ၍ 6 လတာအတွင်းရှိ လုပ်အားခပေးချေမှုအခြေခံရက် အရေအတွက်**

(လစာစနစ်ဖြစ်ပါကပြက္ခဒိန်လရှိရက်အရေအတွက်၊ နေ့စားစနစ်နှင့်တစ်နာရီလုပ်အားခစနစ်ဖြစ်ပါက အလုပ်လုပ်သည့်ရက်အရေအတွက်)

သို့သော် အောက်ပါအတိုင်း အများဆုံးကန့်သတ်ပမာဏရှိပါသည်။

**အများဆုံးကန့်သတ်ပမာဏ : အခြေခံခံစားခွင့်တစ်ရက်စာငွေပမာဏ (※１) x အခြေခံခံစားခွင့်မှထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်နှင့်ကိုက်ညီသည့်ရက် အရေအတွက်(※2) x 30% (※3)**

※1 အခြေခံခံစားခွင့်တစ်ရက်စာငွေပမာဏတွင်လည်းအလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်နှင့်အလားတူအများဆုံးကန့်သတ်ပမာဏရှိပါသည်။

※2 အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်၏ အကျိုးခံစားခွင့်အားမရရှိမီရှိ ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်ဖြစ်သည်။

※3 အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် ထောက်ပံ့မှုနှုန်းသည် 60% ဖြစ်ပါက 40% ဖြစ်သည်။

□အသက် 60 မပြည့်သေးသည့်အချိန်တွင် အလုပ်ထွက်ခြင်း၊ အလုပ်ထွက်ချိန်ရှိလုပ်အားခသည် လခစားစနစ်ဖြင့် ယန်း 3 သိန်း၊ အခြေခံခံစားခွင့် ယန်း 5,687 ဖြစ်သည့်ပုဂ္ဂိုလ်သည် ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက် ရက် 90 ဖြစ်သည့်အခြေအနေဖြင့် အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်ပြီး အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်ထောက်ပံ့ခြင်း။

အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်ပြီးနောက် 6 လတာရှိလုပ်အားခသည် လခစားစနစ်ဖြင့် 2 သိန်း 8 သောင်း 5 ထောင်ယန်းဖြစ်ခဲ့ပါက။

□အလုပ်မထွက်မီရှိတစ်ရက်စာလုပ်အားခပမာဏသည် ယန်း 10,000 (B)၊ အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်ပြီးနောက် 6 လတာရှုလုပ်အားခတစ်နေ့စာ ပမာဏသည် ယန်း 9,500 (A) ဖြစ်သည်။

□လုပ်အားခပေးချေမှုအခြေခံရက်အရေအတွက်သည် လခစားစနစ်ဖြစ်သည့်အတွက်ကြောင့် ပြက္ခဒိန်လရှိရက်အရေအတွက် (183ရက်ဖြစ်ရမည်) ဖြစ်သည်။

□အလုပ်အကိုင်မြှင့်တင်ရေးသတ်မှတ်ထားသည့်ထောက်ပံ့ကြေးငွေပမာဏကို ပုံသေနည်းဖြင့် အကြမ်းဖျင်းတွက်ချက်ရလျှင်

(ယန်း 10,000 - ယန်း 9,500) x 183 ရက် = 91,500 ယန်း ဖြစ်ပါသည်။

□ဤအခြေအနေတွင် အများဆုံးကန့်သတ်ပမာဏသည် အောက်ဖော်ပြပါအတိုင်းဖြစ်သည့်အတွက်ကြောင့် 91,500 ယန်း ထောက်ပံ့ခြင်းခံရပါမည်။

5,687 ယန်း x 90 ရက် x 30% = 153,549 ယန်း

## လျှောက်လွှာနှင့်ပတ်သက်၍

**လျှောက်လွှာတင်ရန်နောက်ဆုံးရက်သည် အလုပ်ဝင်သည့်ရက်မှ 6 လပြည့်သွားသည့်ရက်၏နောက်တစ်ရက်မှစ၍ 2 လအတွင်းဖြစ်သည်။**

အလုပ်အကိုင်မြှင့်တင်ရေးသတ်မှတ်ထားသည့်ထောက်ပံ့ကြေးလျှောက်လွှာတင်လိုပါက အောက်ဖော်ပြပါစာရွက်စာတမ်းများကို Hello Workစသည်သို့ တင်ပြပါ။

1 လျှောက်လွှာစာရွက် (အလုပ်ဝင်မည့်နေရာမှ အလုပ်ရှင်၏အထောက်အထားလိုအပ်ပါသည်)

2 အလုပ်အာမခံထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်

3 အလုပ်တက်ရောက်မှုမှတ်တမ်းမိတ္တူ၊ လခစာရင်းမိတ္တူစသည့် Hello Workစသည်မှတောင်းဆိုထားသည့်စာရွက်စာတမ်းများ

※ တင်ပြခြင်းကို စာတိုက်မှလည်း ပေးပို့နိုင်ပါသည်။

# 25 နေ့စားအလုပ်ဝင်မှုခံစားခွင့်နှင့်ပတ်သက်၍

အလုပ်လက်မဲ့ဖြစ်နေစဉ်တွင် အချိန်ပိုင်းအလုပ်စသည့် 1 နှစ်ကျော်ရန် အစီအစဉ်မရှိသည့်အလုပ်သို့ဝင်ရောက်ခဲ့ (အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်ထောက်ပံ့မှုနှင့်အကျုံးမဝင်ပါ)ပါက ထိုအလုပ်ဝင်သည့်နေ့နှင့်ပတ်သက်၍ ထောက်ပံ့မှုလိုအပ်ချက်များအားလုံးနှင့်ပြည့်စုံနေပါက **နေ့စားအလုပ်ဝင်မှု ခံစားခွင့်**အတွက်ထောက်ပံ့မှုကို ရရှိနိုင်ပါသည်။

ထို့ပြင် ဤနေ့စားအလုပ်ဝင်မှုခံစားခွင့်မှထောက်ပံ့မှုကိုရရှိခဲ့ပါသော်လည်း နောက်ပိုင်းတွင် ထိုအလုပ်ဝင်မှုသည် တည်ငြိမ်မှုရှိသည့်အလုပ်အကိုင်ဖြစ်ကြောင်း အသိအမှတ်ပြုခံရချိန်တွင် အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် ထောက်ပံ့မှုနှင့်အကျုံးဝင်သွားသည့်အခြေအနေလည်းရှိပါသည်။

တစ်ဖန် ဤအခြေအနေရှိ ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်ကို "တည်ငြိမ်မှုရှိသည့်အလုပ်တွင်ဝင်ရောက်ခဲ့သည့်" ရက်၏ရှေ့တစ်ရက်အချိန်ကာလဖြင့် ဆုံးဖြတ်ချက်ချ ပါလိမ့်မည်။

### နေ့စားအလုပ်ဝင်မှုခံစားခွင့်၏ငွေပမာဏသည်

အလုပ်ရက်တစ်ရက်စီတွင် အခြေခံခံစားခွင့်တစ်ရက်စာငွေပမာဏ၏ 30% နှင့်ညီမျှသည့်ပမာဏ (1ယန်းမပြည့်သည့်အပိုင်းဂဏန်းငယ်များအား ဖြတ်ပစ်ပါမည်) အတွက် ထောက်ပံ့မှုကို ရရှိနိုင်ပါသည်။

※ နေ့စားအလုပ်ဝင်မှုခံစားခွင့်အားတွက်ချက်သည့်အခါ အခြေခံခံစားခွင့်တစ်ရက်စာငွေပမာဏတွင် အများဆုံးကန့်သတ်ချက်ရှိပါသည်။

○အလုပ်ထွက်ချိန်ရှိအသက်သည် 60 နှစ်မပြည့်သည့်ပုဂ္ဂိုလ်များ........**6,195ယန်း**

○အလုပ်ထွက်ချိန်ရှိအသက်သည် 60 နှစ်နှင့်အထက် 65 နှစ်မပြည့်သည့်ပုဂ္ဂိုလ်များ....**5,013ယန်း**

(အခြေခံခံစားခွင့်၏အများဆုံးကန့်သတ်ချက်ပမာဏသည် နှစ်စဉ် 8 လ 1 ရက်နေ့တွင် အပြောင်းအလဲရှိသည့်အခါလည်းရှိပါသည်။)

နေ့စားအလုပ်ဝင်မှုခံစားခွင့်အတွက်ထောက်ပံ့မှုအားရယူခဲ့သည့်နေ့နှင့်ပတ်သက်၍ အခြေခံခံစားခွင့်အတွက်ထောက်ပံ့မှုရယူခဲ့ခြင်းဖြစ်သည်ဟု သတ်မှတ်ပါမည်။

### ထောက်ပံ့မှုအတွက် အောက်ဖော်ပြပါလိုအပ်ချက်များအားလုံးနှင့်ပြည့်စုံရန်လိုအပ်ပါသည်။

① အလုပ်ဝင်ခဲ့သည့်ရက်၏ရှေ့တစ်ရက်ရှိ အခြေခံခံစားခွင့်ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်သည် သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက် ၏ 3 ပုံ 1 ပုံနှင့် အထက် သို့မဟုတ် 45 ရက်နှင့်အထက်ရှိခြင်း။

② အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်အတွက် ထောက်ပံ့မှုနှင့်အကျုံးမဝင်သည့်အလုပ်သို့ဝင်ရောက်ထားခြင်း။

③ စောင့်ဆိုင်းကာလပြီးဆုံးပြီးသည့်နောက်တွင်အလုပ်ဝင်ခြင်း

④ အလုပ်မရှိဖြစ်ရခြင်းအကြောင်းရင်းဖြင့် အကျိုးခံစားခွင့်ကန့်သတ်ချက်အားရရှိခဲ့ပါက စောင့်ဆိုင်းကာလပြီးဆုံးသည့်နောက်ပိုင်း 1 လတာအတွင်းနှင့်ပတ်သက် ၍သည် Hello Workစသည် သို့မဟုတ် ဝန်ကြီးဌာနမှ ခွင့်ပြုချက်ရထားသော၊ ဝန်ကြီးဌာနသို့ သတင်းပို့မှုများရှိသော အလုပ်အကိုင်မိတ်ဆက်စီးပွားရေး လုပ်ငန်းရှင်စသည်၏ မိတ်ဆက်ပေးမှုကြောင့် အလုပ်ဝင်ရောက်ခဲ့ခြင်း

⑤ အလုပ်မထွက်မီက အလုပ်ရှင်မှ နောက်တစ်ကြိမ်အလုပ်ခန့်အပ်ထားမှုမဟုတ်ခြင်း
(မတည်ငွေ၊ ရင်းနှီးငွေ၊ ဝန်ထမ်းရေးရာကိစ္စများ၊ အရောင်းအဝယ်ကိစ္စစသည့်အခြေအနေများမှကြည့်၍ အလုပ်မထွက်မီက အလုပ်ရှင်နှင့် ရင်းနှီးသော ဆက်ဆံရေးရှိသည့် လုပ်ငန်းရှင်လည်း ပါဝင်ပါသည်)

⑥ ထောက်ပံ့မှုလက်ခံရရှိရန်အရည်အချင်းပြည့်မီမှုဆုံးဖြတ်ခြင်း (အလုပ်ရှာဖွေမှုလျှောက်လွှာ) မတိုင်မီကတည်းက အလုပ်ခန့်အပ်ရန်သဘောတူထားသည့် အလုပ်ရှင်မှ အလုပ်ခန့်ထားပေးမှုမဟုတ်ခြင်း

### နေ့စားအလုပ်ဝင်မှုခံစားခွင့်အတွက် လျှောက်လွှာလုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍

4 ပတ်ကြာတွင် 1 ကြိမ် အလုပ်လက်မဲ့ထောက်ခံချက်ပေးသည့်ရက်တွင် အရှေ့တစ်ကြိမ်ထောက်ခံချက်ပေးသည့်ရက်မှစ၍ ယခုတစ်ကြိမ်၏ထောက်ခံချက်ပေးသည့်ရက်၏အရှေ့ရက်အထိရှိ နေ့အသီးသီးနှင့်ပတ်သက်၍ "နေ့စားအလုပ်ဝင်မှုခံစားခွင့်ထောက်ပံ့မှုလျှောက်လွှာစာရွက်" နှင့်အတူ "အလုပ်အာမခံထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်" နှင့် "နေ့စားအလုပ်ဝင်ရောက်ခဲ့ကြောင်းအမှန်တရားအားသက်သေပြနိုင်သည့်စာရွက်စာတမ်းများ" ကိုပူးတွဲ၍ တင်ပြပါ။

**※ အလုပ်ဝင်သည့်ရက်နောက်ပိုင်း အလုပ်လက်မဲ့ထောက်ခံချက်မလိုအပ်သည့်ပုဂ္ဂိုလ်များနှင့်ပတ်သက်၍ ထောက်ပံ့မှုလျှောက်လွှာစာရွက်ကို ကိုယ်စားလှယ် (ကိုယ်စားလှယ်လွှဲစာလိုအပ်) သို့မဟုတ် စာတိုက်မှပေးပို့ခြင်းဖြင့် တင်ပြနိုင်ပါသည်။ တစ်ဖန် ဤအခြေအနေတွင် အလုပ်ရှင်၏ သက်သေခံအထောက်အထားလိုအပ်ပါသည်။**

## 26 ပုံမှန်အလုပ်အကိုင်ထောက်ပံ့မှုခံစားခွင့်နှင့်ပတ်သက်၍

အောက်ဖော်ပြပါ အခြေအနေတစ်ခုခုနှင့်ကိုက်ညီသည့်ပုဂ္ဂိုလ်သည် အခြေခံခံစားခွင့်ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်သည် သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်၏ 3 ပုံ 1 ပုံမပြည့်တော့သည့်အချိန်တွင် Hello Workစသည် သို့မဟုတ် ဝန်ကြီးဌာနမှ ခွင့်ပြုချက်ရထားသော၊ ဝန်ကြီးဌာနသို့ သတင်းပို့မှုများရှိသော အလုပ်အကိုင်မိတ်ဆက်စီးပွားရေးလုပ်ငန်းရှင်စသည်၏ မိတ်ဆက်ပေးမှုကြောင့် တည်ငြိမ်မှုရှိသည့်အလုပ်တွင်ဝင်ရောက်ခဲ့ပြီး ထောက်ပံ့မှုလိုအပ်ချက်များအားလုံးနှင့်ပြည့်စုံသည့်အချိန်တွင် ထောက်ပံ့ခြင်းခံရသောခံစားခွင့်ဖြစ်ပါသည်။

○ 45နှစ်နှင့်အထက်ဖြစ်ပြီး အလုပ်အကိုင်စီမံချက်ဥပဒေစသည်တို့အပေါ်အခြေခံသည့်အလုပ်သစ်ပြန်လည်ဝင်ရောက်ရေး
ထောက်ပံ့ကူညီမှုစီမံကိန်းစသည်နှင့်အကျုံးဝင် သည့်ပုဂ္ဂိုလ်

○ မသန်မစွမ်းဖြစ်ခြင်းစသည်တို့ကြောင့် အလုပ်ဝင်ရန်အခက်အခဲဖြစ်နေသည့်ပုဂ္ဂိုလ်များ

## ပုံမှန်အလုပ်အကိုင်ထောက်ပံ့မှုခံစားခွင့်၏ငွေပမာဏဆိုသည်မှာ

ထောက်ပံ့မှုပမာဏသည် 90 (သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်သည် ရက် 90 မပြည့်ပါက ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်နှင့် ကိုက်ညီသည့်ရက်အရေအတွက်။ ထိုအရေအတွက်သည် 45အောက်ရောက်နေပါက 45)နှင့် အခြေခံခံစားခွင့်တစ်ရက်စာပမာဏကို မြှောက်ခြင်းဖြင့်ရရှိလာသည့်ပမာဏ၏ 10 ပုံ 4 ပုံ ဖြစ်ပါသည် (1ယန်းမပြည့်သည့် အပိုင်းဂဏန်းငယ်များအား ဖြတ်ပစ်ပါမည်)။

တစ်ဖန် သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်သည် 270 ရက်နှင့်အထက်ရှိသည့်ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူနှင့်ပတ်သက်၍ တစ်ပြေးညီ 36 ရက်စာဖြစ်ပါမည်။

※ ပုံမှန်အလုပ်အကိုင်ထောက်ပံ့မှုခံစားခွင့်ကို တွက်ချက်ချိန်တွင် အခြေခံခံစားခွင့်တစ်ရက်စာပမာဏသည် အများဆုံးကန့်သတ်ချက်ရှိပါသည်။

○အလုပ်ထွက်ချိန်ရှိအသက်သည် 60 နှစ်မပြည့်သည့်ပုဂ္ဂိုလ်များ........**6,195ယန်း**

○အလုပ်ထွက်ချိန်၏အသက်သည် 60 နှစ်နှင့်အထက် 65 နှစ်မပြည့်သည့်ပုဂ္ဂိုလ်များ....**5,013ယန်း**

(အခြေခံခံစားခွင့်၏အများဆုံးကန့်သတ်ချက်ပမာဏသည် နှစ်စဉ် 8 လ 1 ရက်နေ့တွင် အပြောင်းအလဲရှိသည့်အခါလည်းရှိပါသည်။)

### အောက်ဖော်ပြပါလိုအပ်ချက်များအားလုံးနှင့် ပြည့်စုံရန်လိုအပ်ပါသည်။

① အခြေခံခံစားခွင့်ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်သည် သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်၏ 3 ပုံ 1 ပုံမပြည့်ခြင်း။

② Hello Workစသည် သို့မဟုတ် ဝန်ကြီးဌာနမှ ခွင့်ပြုချက်ရထားသော၊ ဝန်ကြီးဌာနသို့ သတင်းပို့မှုများရှိသော အလုပ်အကိုင်မိတ်ဆက်စီးပွားရေးလုပ်ငန်းရှင်စသည်၏ မိတ်ဆက်ပေးမှုကြောင့် အလုပ်ဝင်ရောက်ခဲ့ခြင်း

③ 1နှစ်နှင့်အထက်ဆက်လက်၍အလုပ်ခန့်အပ်ခြင်းခံရမည်မှာ သေချာမှုရှိခြင်း။

④ အလုပ်မထွက်မီက အလုပ်ရှင်မှ ထပ်မံအလုပ်ခန့်ထားမှု မဟုတ်ခြင်း။

⑤ စောင့်ဆိုင်းကာလပြီးဆုံးပြီးသည့်နောက်တွင်အလုပ်ဝင်ခြင်း။

⑥ အကျိုးခံစားခွင့်ကန့်သတ်ချက်ကာလကျော်လွန်ပြီးနောက်တွင် အလုပ်သို့ဝင်ရောက်ခဲ့ခြင်း။

⑦ အခြေခံမှုအားဖြင့် အလုပ်ဝင်သည့်ရက်တွင်ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်သည် ကျန်ရှိနေသေးခြင်း။

⑧ အလုပ်အာမခံသို့ အာမခံဝင်ထားသူအရည်အချင်းအားရရှိရန်လိုအပ်ချက်များဖြင့်အညီအလုပ်ခန့်အပ်ထားခြင်း။

⑨ အလုပ်ဝင်သည့်ရက်မတိုင်မီ ရှေ့ 3 နှစ်အတွင်း အလုပ်ဝင်မှုနှင့်ပတ်သက်၍ အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့် သို့မဟုတ် ပုံမှန်အလုပ်အကိုင်ထောက်ပံ့မှုခံစားခွင့်အတွက် ထောက်ပံ့မှုကိုမရယူထားခြင်း။

⑩ အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်မှုခံစားခွင့်၏ထောက်ပံ့မှုအားမရရှိနိုင်ခြင်း။

※ ထောက်ပံ့မှုနှင့်စပ်လျဉ်း၍စစ်ဆေးမှုပြုချိန်တွင် ထိုရုံး၌အလုပ်လုပ်နေရန်လိုအပ်ပါသည်။

### ပုံမှန်အလုပ်အကိုင်ထောက်ပံ့မှုခံစားခွင့်အတွက် လျှောက်လွှာလုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍

**လျှောက်လွှာတင်ရန်နောက်ဆုံးရက်သည် အလုပ်ဝင်သည့်ရက်၏နောက်တစ်ရက်မှစ၍ 1 လအတွင်းဖြစ်သည်။**

ပုံမှန်အလုပ်အကိုင်ထောက်ပံ့မှုခံစားခွင့်အတွက် လျှောက်လွှာတင်လိုပါက အောက်ဖော်ပြပါစာရွက်စာတမ်းများကို Hello Workစသည်သို့ တင်ပြပါ။

1 ပုံမှန်အလုပ်အကိုင်ထောက်ပံ့မှုခံစားခွင့်လျှောက်လွှာစာရွက် (အလုပ်ဝင်မည့်နေရာမှ အလုပ်ရှင်၏အထောက်အထားလိုအပ်ပါသည်)

2 အလုပ်အာမခံထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်

3 အခြား Hello Workစသည်မှတောင်းဆိုထားသည့်စာရွက်စာတမ်းများ

※ တင်ပြခြင်းကို စာတိုက်မှလည်း ပေးပို့နိုင်ပါသည်။ တစ်ဖန် ထောက်ပံ့ခြင်း၊ မထောက်ပံ့ခြင်းအား ဆုံးဖြတ်ရန်အတွက် သတ်မှတ်ထားသည့် စစ်ဆေးရေးကာလ (1 လတာခန့်) လိုအပ်ပါသည်။

# 27 အခြားအလုပ်အကိုင်မြှင့်တင်ရေးအကျိုးခံစားခွင့်နှင့်ပတ်သက်၍

အခြားအလုပ်အကိုင်မြှင့်တင်ရေးအကျိုးခံစားခွင့်အဖြစ် ပြောင်းရွှေ့ခ၊ ဧရိယာကျယ်ပြန့်စွာအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုစရိတ် စသည်တို့ရှိပါသည်။

## ပြောင်းရွှေ့ခနှင့်ပတ်သက်၍

ပြောင်းရွှေ့ခဆိုသည်မှာ ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူသည် Hello Work၊ ဒေသန္တရအများပြည်သူအထူးအဖွဲ့အစည်း သို့မဟုတ် အလုပ်အကိုင်မိတ်ဆက်စီးပွားရေးလုပ်ငန်းရှင်တို့မှမိတ်ဆက်ပေးခဲ့သည့် အလုပ်သို့ဝင်ရောက်ရန်အတွက် သို့မဟုတ် Hello Work ဌာနမှူး၏ညွှန်ကြားထားသည့် အများပြည်သူအသက်မွေးဝမ်းကျောင်းသင်တန်းစသည်ကို တက်ရောက်ရန်အတွက် ထိုလိပ်စာသို့ပြောင်းလဲသွားသည့်အခြေအနေဖြစ်ပြီး Hello Work ၏ဌာနမှူးမှ လိုအပ်သည်ဟု အသိအမှတ်ပြုလိုက်သည့်အချိန်တွင် ထောက်ပံ့ခြင်းခံရပါမည်။
ပြောင်းရွှေ့ခထောက်ပံ့မှုရရှိနိုင်မည့်ပုဂ္ဂိုလ်သည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်ဖြစ်ပါသည်။
အခြေခံခံစားခွင့်အတွက်ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူသည် Hello Work၊ ဒေသန္တရအများပြည်သူအထူးအဖွဲ့အစည်း သို့မဟုတ် အလုပ်မိတ်ဆက်စီးပွားရေးလုပ်ငန်းရှင်တို့မှမိတ်ဆက်ပေးခဲ့သည့် အလုပ်သို့ဝင်ရောက်ရန်အတွက် သို့မဟုတ် Hello Work ဌာနမှူး၏ညွှန်ကြားထားသည့် အများပြည်သူအသက်မွေးဝမ်းကျောင်းသင်တန်းစသည်ကို တက်ရောက်ရန်အတွက် ထိုလိပ်စာသို့ ပြောင်းလဲသွားသည့်အခြေအနေတွင် အောက်ဖော်ပြပါ (က)၊ (ခ) မှတစ်ခုခုနှင့်ကိုက်ညီသည့်ပုဂ္ဂိုလ်။

(က) စောင့်ဆိုင်းကာလကိုကျော်လွန်ပြီးနောက်မှအလုပ်ဝင်ရောက်ခြင်း သို့မဟုတ် လေ့ကျင့်မှုခံယူရမည့်အခြေအနေဖြစ်ပြီး စီရင်ပိုင်ခွင့်ရှိHello Work၏ဌာနမှူးမှ လိပ်စာပြောင်းလဲရန် လိုအပ်ကြောင်း ထောက်ခံချက်ပေးခဲ့ပါက။
တစ်ဖန် အောက်ဖော်ပြပါတစ်ခုခုနှင့်ကိုက်ညီပါက လိပ်စာပြောင်းလဲရန်လိုအပ်သည်ဟု ထောက်ခံပေးရမည့်အရာအဖြစ် ကိုင်တွယ်ဖြေရှင်းပါမည်။

i) သာမန်သယ်ယူပို့ဆောင်ရေးယာဉ်အားအသုံးပြုခြင်း သို့မဟုတ် သာမန်သယ်ယူပို့ဆောင်ရေးသုံးကိရိယာများအား အသုံးပြု၍ အလုပ်(ရုံး) အသွားအပြန်လုပ်ရန်အတွက် ရုံးအသွားအပြန်ပြုရန်လိုအပ်သည့်အချိန်သည် 4 နာရီနှင့်အထက်ရှိနေပါက

ii) သယ်ယူပို့ဆောင်ရေးယာဉ်၏ အစ (အဆုံး) ထွက်ခွာသည့်ယာဉ်သည် ဆိုးရွားပြီး အလုပ် (ရုံး) အသွားအပြန်လုပ်ရာတွင် သိသာစွာအတားအဆီးပေးနေပါက

iii) အလုပ်လုပ်နေသည့်ရုံး သို့မဟုတ် လေ့ကျင့်မှုစသည်တို့ပြုလုပ်နေသည့်သင်တန်းကျောင်း၏ထူးခြားချက်များ သို့မဟုတ် အလုပ်ရှင်၏တောင်းဆိုချက်ကြောင့် ပြောင်းရွှေ့ခြင်းကိုရှောင်ရှား၍မရနိုင်သည့်အခါ

(ခ) သင့်လျော်သည့်အလုပ်ဝင်ရောက်ခြင်း သို့မဟုတ် အများပြည်သူအသက်မွေးဝမ်းကျောင်းသင်တန်းစသည်တို့အား တက်ရောက်ခြင်းနှင့်ပတ်သက်၍ အလုပ်ဝင်ရန်ကြိုတင်ပြင်ဆင်ငွေနှင့် အခြားအလုပ်ပြောင်းရာတွင်လိုအပ်မည့်ကုန်ကျစရိတ်များသည် အလုပ်ဝင်မည့်နေရာမှအလုပ်ရှင်၊ အများပြည်သူအသက်မွေးဝမ်းကျောင်းသင်တန်း၏အကြီးအကဲနှင့် အခြားသူများထံမှ ငွေထောက်ပံ့ခြင်းမခံရပါက သို့မဟုတ် ထိုထောက်ပံ့မှုပမာဏသည် ပြောင်းရွှေ့ခပမာဏ မပြည့်သူများ။

တစ်ဖန်အထက်ဖော်ပြပါ (က)၊ (ခ)နှင့်ကိုက်ညီပါသော်လည်း အလုပ်ဝင်မည့်နေရာမှ အလုပ်ခန့်အပ်မှုကာလသည် 1 နှစ်မပြည့်ခြင်း၊ အလှည့်ကျဖြင့် အလုပ်ခန့်အပ်ခြင်းကို အစဉ်အလာဖြစ်နေသောပုဂ္ဂိုလ်သည် အလုပ်မထွက်မီနှင့်တူညီသောအခြေအနေဖြင့် အလုပ်အသစ်ပြန်လည်ခန့်အပ်ခြင်းခံရခြင်းနှင့် အလုပ်မိတ်ဆက်ပေးခြင်းအားငြင်းပယ်ခြင်းစသည်တို့ကြောင့် အကျိုးခံစားခွင့်ကန့်သတ်ချက်အားရရှိထားသည့်အခြေအနေတို့တွင် ထိုအကျိုးခံစားခွင့်ကန့်သတ်ချက်မကျော်လွန်မီ အလုပ်ဝင်ရောက်ခြင်း သို့မဟုတ် အများပြည်သူအသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းစသည်ကိုတက်ရောက်ဖို့ဖြစ်လာခြင်းစသည်တို့နှင့်ပတ်သက်၍ ပြောင်းရွှေ့ခထောက်ပံ့ခြင်းမခံရပါ။
(လျှောက်လွှာလုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ Hello Work စသည်၏ တာဝန်ရှိသူထံသို့ စုံးစမ်းမေးမြန်းပါ)။

## အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုထောက်ပံ့စရိတ်နှင့်ပတ်သက်၍

အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုထောက်ပံ့စရိတ်ဆိုသည်မှာ ဧရိယာကျယ်ပြန့်စွာအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုစရိတ်၊ ကာလတိုလေ့ကျင့်ခြင်းတက်ရောက်မှုစရိတ်၊ အလုပ် ရှာဖွေခြင်းလှုပ်ရှားမှုဆိုင်ရာဝန်ဆောင်မှုအသုံးပြုခများမှဖြစ်ပေါ်လာပြီး ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူသည် အလုပ်ရှာဖွေခြင်း လှုပ်ရှား မှုများနှင့်အတူ အောက်ဖော်ပြပါ ①~③မှတစ်ခုခုနှင့် ကိုက်ညီသော လုပ်ဆောင်မှုအားလုပ်ဆောင်ခဲ့ပြီး Hello Work၏ဌာနမှူးက လိုအပ်သည်ဟု ထောက်ခံချက်ပေးခဲ့ပါက ထောက်ပံ့ခြင်းခံရပါမည်။

① Hello Work ၏မိတ်ဆက်ပေးမှုဖြင့် နယ်ပယ်ကျယ်ပြန့်စွာအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအားလုပ်ဆောင်ပါက
(ဧရိယာကျယ်ပြန့်စွာအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုစရိတ်)

② Hello Work၏အလုပ်အကိုင်လမ်းညွှန်မှုဖြင့် ကာလတိုလေ့ကျင့်ခြင်းကိုတက်ရောက်ပါက (ကာလတိုလေ့ကျင့်ခြင်းတက်ရောက်မှုစရိတ်)

③ အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုကို လွယ်ကူချောမွေ့စေရန်အတွက် ကလေးထိန်းစောင့်ရှောက်ခြင်းစသည့်ဝန်ဆောင်မှုကိုအသုံးပြုပါက (အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုဆိုင်ရာဝန်ဆောင်မှု အသုံးပြုခ)

## "ဧရိယာကျယ်ပြန့်စွာအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုစရိတ်"

ဧရိယာကျယ်ပြန့်စွာအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုစရိတ်အတွက် ထောက်ပံ့မှုရရှိနိုင်သည်မှာ Hello Work ၏မိတ်ဆက်ပေးမှုဖြင့် နယ်ပယ်ကျယ်ပြန့်စွာအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအားပြုလုပ်ခဲ့ ပြီး အောက်ဖော်ပြပါ (က)၊ (ခ)၏ တစ်ခုခုနှင့်ကိုက်ညီသည့်ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသည့်ပုဂ္ဂိုလ်ဖြစ်ပါသည်။

(က) မိတ်ဆက်ပေးခြင်းခံရသည့်အလုပ်ခေါ်ဆိုမှုသည် ထိုထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူစသည်နှင့်သင့်လျော်သည်ဟု အသိအမှတ်ပြုခြင်းခံရသော စီရင်ပိုင်ခွင့်ဒေသပြင်ပတွင်တည်ရှိသည့် အလုပ်ခေါ်ဆိုသူ၏ရုံးနှင့်သက်ဆိုင်သည့် ပုံမှန်အလုပ်ခေါ်ဆိုမှုဖြစ်ကြောင်း

(ခ) ရထားခ၊ သင်္ဘောခ၊ လေယာဉ်ခနှင့် ကားခတို့အား တွက်ချက်ရာတွင်အခြေခံဖြစ်သည့်အကွာအဝေးသည် အသွားအပြန်ရထားလမ်းဖြင့် 200 ကီလိုမီတာ (ရေလမ်းနှင့်ကုန်းလမ်းအသီးသီးအတွက် 4 ပုံ 1 ပုံကီလိုမီတာကို ရထားလမ်းဖြင့် 1 ကီလိုမီတာဟုသတ်မှတ်သည်) နှင့်အထက်ရှိခြင်း။

အထက်ပါ (က) နှင့် (ခ) ၏ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူနှင့်ပတ်သက်၍လည်း အောက်ဖော်ပြပါနှင့်မကိုက်ညီပါက ဧရိယာကျယ်ပြန့်စွာ အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုစရိတ်ကို ထောက်ပံ့ခြင်းခံရမည်မဟုတ်ပါ။

i) စောင့်ဆိုင်းကာလကိုကျော်လွန်ပြီးနောက်တွင် ဧရိယာကျယ်ပြန့်စွာအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအားစတင်ခဲ့ပါက

ii) ဧရိယာကျယ်ပြန့်စွာအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအတွက်လိုအပ်သည့်စရိတ်ကို လူကိုယ်တိုင်သွားရောက်ခဲ့သည့်အလုပ်ဌာနမှမပေးဆောင်ခဲ့ပါက သို့မဟုတ် ထိုထောက်ပံ့မှုပမာဏသည် ဧရိယာ ကျယ်ပြန့်စွာအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုစရိတ်ပမာဏမပြည့်မီပါက။

တစ်ဖန် အထက်ပါ i)၊ ii) အပြင် အလုပ်အကိုင်မိတ်ဆက်ခြင်းအားငြင်းပယ်ခြင်းစသည်တို့ကြောင့် အကျိုးခံစားခွင့်ကန့်သတ်ချက်အားရရှိခဲ့ပါက ထိုအကျိုးခံစားခွင့်ကန့်သတ်ချက် ကာလမကုန် ဆုံးမီတွင် ဧရိယာကျယ်ပြန့်စွာအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုအားစတင်ခဲ့ပါက စသည်တို့နှင့်ပတ်သက်၍ ဧရိယာကျယ်ပြန့်စွာအလုပ်ရှာဖွေခြင်းလှုပ်ရှားမှုစရိတ်ကို ထောက်ပံ့ခြင်းခံရမည်မဟုတ်ပါ။

## "ကာလတိုလေ့ကျင့်ခြင်းတက်ရောက်မှုစရိတ်"

ကာလတိုလေ့ကျင့်ခြင်းတက်ရောက်မှုစရိတ်အတွက်ထောက်ပံ့မှုရရှိနိုင်သည်မှာ Hello Work ၏အလုပ်အကိုင်ညွှန်ကြားမှုများဖြင့် အလုပ်အသစ်သို့ ပြန်လည်ဝင်ရောက်ရန်အတွက် 1 လ မပြည့်သည့်ပညာရေးလေ့ကျင့်မှုကိုခံယူ၍ ထိုလေ့ကျင့်မှုပြီးဆုံးထားသည့်ပုဂ္ဂိုလ်ဖြစ်ပြီး အောက်ဖော်ပြပါ (က)~(ဃ)၏တစ်ခုခုနှင့်ကိုက်ညီသည့်ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူဖြစ်သည်။

(က) ပညာရေးလေ့ကျင့်မှုအားမခံယူမီတွင် ထိုလေ့ကျင့်မှုခံယူရန်အတွက် Hello Work၏အလုပ်အကိုင်ညွှန်ကြားမှုအားခံယူနေခြင်း။

(ခ) အလုပ်အကိုင်ညွှန်ကြားမှုကိုခံယူနေသည့်နေ့တွင် ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူဖြစ်ခြင်း။

(ဂ) စောင့်ဆိုင်းကာလကျော်လွန်ပြီးနောက်တွင် ပညာရေးလေ့ကျင့်မှုခံယူခြင်းအားစတင်ခဲ့ခြင်း။

(ဃ) ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်စနစ် (အထွေထွေပညာရေးလေ့ကျင့်မှု) မှသတ်မှတ်ထားသည့်သင်တန်းအားတက်ရောက်နေပါက အထွေထွေပညာရေးလေ့ကျင့်မှု အကျိုးခံစားခွင့် စရိတ်ထောက်ပံ့ခြင်းအတွက် လိုအပ်ချက်များနှင့်ပြည့်မီသူမဟုတ်ခြင်း။

## "အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုဆိုင်ရာဝန်ဆောင်မှုအသုံးပြုခ"

အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုဆိုင်ရာဝန်ဆောင်မှုအသုံးပြုခအတွက် ထောက်ပံ့မှုရရှိနိုင်သည်မှာ အလုပ်ခေါ်ဆိုသူနှင့်အင်တာဗျူးစသည်ကိုပြုလုပ်ရန်အတွက် သို့မဟုတ် ပညာရေးလေ့ကျင့်မှုကို ခံယူရန်အတွက် ထိုကလေးနှင့်ပတ်သက်သည့်ကလေးထိန်းခြင်းစသည့်ဝန်ဆောင်မှုကိုအသုံးပြုခဲ့သည့်အခြေအနေဖြစ်ပြီး အောက်ဖော်ပြပါ (က)~(ဃ)မှတစ်ခုခုနှင့် ကိုက်ညီသည့် ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူဖြစ်သည်။

(က) ကလေးထိန်းခြင်းစသည့်ဝန်ဆောင်မှုအားအသုံးပြုခဲ့သည့်ရက်တွင် ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူဖြစ်နေခြင်း။

(ခ) စောင့်ဆိုင်းကာလကျော်လွန်ပြီးနောက်တွင် ကလေးထိန်းခြင်းစသည့်ဝန်ဆောင်မှုအားအသုံးပြုခဲ့ခြင်း။

(ဂ) "အလုပ်ခေါ်ဆိုသူများနှင့်အင်တာဗျူးခြင်းစသည်" ဆိုသည်မှာ အလုပ်ခေါ်ဆိုသူများနှင့်အင်တာဗျူးခြင်းအပြင် ရေးဖြေစာမေးပွဲဖြေဆိုခြင်း၊ Hello Workစသည်၊ ဝန်ကြီးဌာနမှ ခွင့်ပြုချက်ရထားသော၊ ဝန်ကြီးဌာနသို့ သတင်းပို့မှုများရှိသော အလုပ်အကိုင်မိတ်ဆက်စီးပွားရေးလုပ်ငန်းရှင်စသည်တို့မှပြုလုပ်သည့် အလုပ်အကိုင်ဆွေးနွေးတိုင်ပင်မှုများ၊ အလုပ်အကိုင်မိတ်ဆက်ပေးခြင်းစသည်နှင့်ကိုက်ညီသည့်အပြင် အများပြည်သူဆိုင်ရာအဖွဲ့အစည်းစသည် (လွတ်လပ်စွာစီမံခန့်ခွဲမှုပြုနိုင်သောအဖွဲ့အစည်းဖြစ်သည့် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အလုပ်ရှာဖွေသူများအား အလုပ်ခန့်ထားရေးထောက်ပံ့မှု အဖွဲ့အစည်း၊ ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဖွဲ့အစည်း၊ အလုပ်ခေါ်ဆိုမှုသတင်းအချက်အလက်များပေးအပ်သည့်ကုမ္ပဏီ၊ သတင်းစာတိုက်စသည်) များမှ ပြုလုပ်သည့်အလုပ်ရှာဖွေခြင်း လှုပ်ရှားမှုနှင့်ပတ်သက်သည့် ညွှန်ကြားချက်များ၊ သီးသန့်ဆွေးနွေးမှုများပြုလုပ်နိုင်သော လုပ်ငန်းရှင်းလင်းပွဲ စသည်တို့ ပါဝင်သည်။

(ဃ) "ပညာရေးလေ့ကျင့်မှုအားတက်ရောက်ခြင်း" ဆိုသည်မှာ Hello Work၏ညွှန်ကြားချက်၊ ထောက်ခံချက်များဖြင့် အများပြည်သူအသက်မွေးဝမ်းကျောင်းသင်တန်းစသည်တွင် တက်ရောက်ခြင်း၊ အလုပ်ဝင်ရောက်ရေးထောက်ပံ့မှုစီမံကိန်းကိုအခြေခံသည့် အလုပ်အကိုင်ရှာဖွေသူထောက်ပံ့ရေးလေ့ကျင့်မှုကိုတက်ရောက်ခြင်း၊ Hello Work၏ညွှန်ကြားမှုဖြင့် အမျိုးအစားစုံလေ့ကျင့်ရေး စင်တာသို့ဝင်ရောက်ခြင်း၊ ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်နှင့်အကျုံးဝင်သောလေ့ကျင့်မှုနှင့် ကာလတိုလေ့ကျင့်ခြင်းတက်ရောက်မှုစရိတ်နှင့်အကျုံးဝင်သော လေ့ကျင့်မှုစသည်တို့အား တက်ရောက်နေခြင်းနှင့် အလုပ်နေရာအရွှေ့အပြောင်းနှင့် အိမ်ထောင်စုစာရင်းအရွှေ့အပြောင်းတို့အတွက် ထောက်ပံ့ကူညီသည့်လုပ်ငန်းတာဝန်အနေနှင့် ဖော်ဆောင်လျက်ရှိသော တစ်ဆင့်အပ်နှံမှုဆိုင်ရာလေ့ကျင့်ခြင်း၊ သင်တန်းပို့ချခြင်း စသည်တို့အား တက်ရောက်ခြင်းကို ဆိုလိုပါသည်။

(လျှောက်လွှာလုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍သည် Hello Work စသည်၏ တာဝန်ရှိသူထံသို့ စုံစမ်းမေးမြန်းပါ)။

# 28 အလုပ်ဝင်ပြီးသည့်နောက်တွင် နောက်တစ်ကြိမ်အလုပ်ထွက်ခဲ့ပါက?

## ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီမှုအသစ်အားမရရှိနိုင်ခဲ့ပါက

ကနဦးထောက်ပံ့မှုရရှိနိုင်သည့်ကာလအတွင်း (စာမျက်နှာ 8 အားကြည့်ပါ) တွင် ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်ရှိပါက ထိုကျန်ရှိသည့်ရက်အပိုင်းအခြားအတွက် အခြေခံခံစားခွင့်ထောက်ပံ့မှုအားရရှိနိုင်ပါသည်။ သို့သော် ထောက်ပံ့မှုအကျုံးဝင်သည့်နေ့သည် အလုပ်ထွက်ပြီးနောက်တွင် Hello Work စသည့်ရုံးများသို့ လာရောက်ပြီး အစီရင်ခံ၍ အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်ခြင်းလျှောက်လွှာတင်သည့်နေ့ (အကျိုးခံစားခွင့်ကန့်သတ်ချက်ကာလရှိပါက အကျိုးခံစားခွင့်ကန့်သတ်ချက်ကာလ ကျော်လွန်ပြီးနောက်) မှစ၍ဖြစ်သည့်အတွက်ကြောင့် အလုပ်ထွက်ပြီးနောက်တွင် တတ်နိုင်သမျှစောစီးစွာ Hello Workစသည့်ရုံးများသို့ လာရောက်ပြီး အစီရင် ခံတင်ပြပါ။

တစ်ဖန် အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်ထောက်ပံ့မှုအားရရှိခဲ့ပါက ထိုထောက်ပံ့သည့်နေ့အရေအတွက်စာအား နှုတ်ယူထားသည့်ပမာဏအတွင်း (အပိုင်းဂဏန်းများအားဖယ်ထုတ်မည်) တွင် အခြေခံခံစားခွင့်ထောက်ပံ့မှုအားရရှိနိုင်မည်ဖြစ်သည်။


**အစီရင်ခံရန်လိုအပ်သည့်အရာများ**

☐အလုပ်အာမခံထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်

☐အလုပ်ထွက်ထားကြောင်းကဒ်ပြား သို့မဟုတ် အလုပ်ဆုံးရှုံးမှုအတည်ပြုအသိပေးစာ (နောက်နေ့မှတင်ပြလည်းကိစ္စမရှိပါ)

**ဥပမာ**

သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက် 180 ရက်ရှိသည့်ပုဂ္ဂိုလ်သည် အခြေခံခံစားခွင့်ရက် 60 စာထောက်ပံ့မှုရရှိပြီးနောက် အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်၍ အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့် 84 ရက်စာအတွက် ထောက်ပံ့မှုရရှိပြီးနောက်တွင်အလုပ်ထွက်ခဲ့ပါက




180 ရက် (သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်) – 60 ရက် (အခြေခံခံစားခွင့်) – 84 ရက် (အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်) = 36 ရက် အပိုင်းအခြားအတွင်းတွင် အခြေခံခံစားခွင့်ထောက်ပံ့မှုအားရရှိနိုင်ပါသည်။

**အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်စသည့်ထောက်ပံ့မှုရရှိပြီးသည့်နောက်တွင် အလုပ်ပြန်ထွက်လိုက်သည့်အခြေအနေအတွက် ထောက်ပံ့မှုရရှိရန်ကာလ တိုးမြှင့်ခံရသည့် အထူးကိစ္စရပ်များ ရှိပါသည်။**

အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်စသည့်ထောက်ပံ့မှုရရှိပြီးသည့်နောက် ပထမဆုံးအလုပ်ထွက် (အသစ်ထပ်မံ၍ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီမှုအားရရှိပြီးနောက်ရှိအလုပ်ထွက်ခြင်းမပါဝင်ပါ။ အောက်တွင် "နောက်တစ်ကြိမ်အလုပ်ထွက်ခြင်း" ဟုရည်ညွှန်းမည်) သည့်နေ့သည် ထောက်ပံ့မှုရရှိရန်ကာလအတွင်းတွင်ရှိခြင်းနှင့် ဒေဝါလီခံရခြင်း၊ ထုတ်ပယ်ခံရခြင်းစသည်တို့ကြောင့် နောက်တစ်ကြိမ်အလုပ်ထွက်သည့်ပုဂ္ဂိုလ်နှင့် ပတ်သက်၍ သတ်မှတ်ထားသည့်ထောက်ပံ့မှုရရှိရန်ကာလကို တိုးမြှင့်ပေးပါသည်။

## ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီမှုအသစ်အားရရှိခဲ့ပါက

အလုပ်ဝင်ခဲ့သည့်ရုံးတွင်အာမခံထားရှိသူအဖြစ် 12 လနှင့်အထက် (ထုတ်ပယ်ခံရခြင်း၊ ဒေဝါလီခံရခြင်းကြောင့် အလုပ်ထွက်ခဲ့သည့်ပုဂ္ဂိုလ်ဖြစ်ပါက 6 လနှင့်အထက်) အလုပ်လုပ်ပြီးနောက်တွင် အလုပ်ထွက်ခဲ့ပါက ပုံမှန်အားဖြင့် အသစ်ပြန်လည်၍ အလုပ်အာမခံထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီမှုအားရရှိမည်ဖြစ်သောကြောင့် ထိုထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီမှုဖြင့် အခြေခံခံစားခွင့်ထောက်ပံ့မှုအားရရှိနိုင်ပါသည်။ ထိုအခြေအနေတွင် ထောက်ပံ့မှုရရှိရန်အတွက်လုပ်ထုံးလုပ်နည်းများကို အစမှစတင်၍ လုပ်ဆောင်ရန်လိုအပ်ပါသည် (စာမျက်နှာ 2 အားကြည့်ရှုပါ)။

တစ်ဖန် အသစ်ထပ်မံ၍ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီမှုအားရရှိခဲ့ပါက ယခင်ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီမှုကိုအခြေခံသည့်ထောက်ပံ့မှုအားရရှိနိုင် မည်မဟုတ်ပါ။

## 29 အမည်နှင့်လိပ်စာအားပြောင်းလဲမည်ဆိုပါက

အမည်နှင့်လိပ်စာအားပြောင်းလဲမည်ဆိုပါက တတ်နိုင်သမျှစောစီးစွာ Hello Workစသည်သို့ အစီရင်ခံပါ။

လိပ်စာပြောင်းလဲခဲ့ပါက အလုပ်အာမခံ၏လုပ်ထုံးလုပ်နည်းများအတွက် လာရောက်ရမည့် စီရင်ပိုင်ခွင့်ရှိHello Workစသည်တို့သည် ပြောင်းလဲသွားမည့်အခြေအနေများ လည်းရှိပါသည်။

**အစီရင်ခံရန်လိုအပ်သည့်အရာများ**

- ☐ အလုပ်အာမခံထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်
- ☐ အမည်၊ လိပ်စာပြောင်းလဲမှုအကြောင်းကြားစာ (နေထိုင်ခွင့်ကဒ်ပြားတွင်ဖော်ပြထားသည့်အချက်အလက်များအတွက် သက်သေခံစာရွက်စသည့်အထောက်အထားစာရွက်စာတမ်းများအား ပူးတွဲယူဆောင်လာခဲ့ပါ)
- ☐ ငွေပေးချေမှုဆန္ဒရှိသည့်ဘဏ္ဍာရေးအဖွဲ့အစည်းပြောင်းလဲမှုအကြောင်းကြားစာ (နာမည်ပြောင်းလဲခဲ့ပါက)

## 30 အလုပ်အကိုင်တည်ငြိမ်ရေးဌာနမှူး၊ ဒေသန္တရသယ်ယူပို့ဆောင်ရေးဌာနမှူး၏ညွှန်ကြားချက်ဖြင့် အများပြည်သူအသက်မွေးဝမ်းကျောင်း သင်တန်းစသည်အား တက်ရောက်နေပါက?

Hello Work စသည်တို့သည် သင်၏အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းတွင်အသုံးဝင်မည်ဟုဆုံးဖြတ်ခဲ့ပါက အများပြည်သူအသက်မွေးဝမ်းကျောင်းသင်တန်းစသည်အားတက်ရောက်ရန် ညွှန်ကြားသည့်အခါမျိုးရှိပါသည်။

ထိုအခြေအနေတွင် သတ်မှတ်ထားသည့်အကျိုးခံစားခွင့်ရက်အရေအတွက်စာအတွက်ထောက်ပံ့မှုပြီးဆုံးပြီးနောက်တွင်လည်း လေ့ကျင့်မှုပြီးဆုံးသည့်နေ့အထိ အခြေခံခံစားခွင့်အား တိုးမြှင့်ထောက်ပံ့ခြင်းခံရပါမည်။

ထို့အပြင် လေ့ကျင့်မှုသင်တန်းအတွက်လိုအပ်သည့်စရိတ်များကို ထောက်ပံ့ရန်အတွက် သင်တန်းတက်ရောက်မှုစရိတ်၊ သွားလာစရိတ်စသည်တို့အား ထောက်ပံ့ပေးပါမည်။

## 31 ဖျားနာခြင်းနှင့် ဒဏ်ရာရခြင်းကြောင့် အလုပ်မလုပ်နိုင်တော့ပါက?

ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီမှုအတွက် ဆုံးဖြတ်ချက်ရယူပြီးသည့်နောက်တွင် နာမကျန်းဖြစ်ခြင်းနှင့် ဒဏ်ရာရခြင်းတို့ကြောင့် 15 ရက်နှင့်အထက်အလုပ်မလုပ်နိုင်သည့်အခြေအနေဖြစ်ခဲ့ပါက အခြေခံခံစားခွင့်အစား ပမာဏတူညီသည့်ဒဏ်ရာနှင့်ဖျားနာမှုခံစားခွင့်ထောက်ပံ့မှုကို ရရှိနိုင်ပါသည် (သို့သော် ကျန်းမာရေးအာမခံ၊ လုပ်ငန်းခွင်မတော်တဆမှုအာမခံစသည်၊ အခြားဥပဒေများအပေါ်တွင်အခြေခံသည့် ဒဏ်ရာနှင့်ဖျားနာမှုခံစားခွင့်ငွေ၊ အလုပ်နားခြင်းလျော်ကြေးခံစားခွင့်စသည့်ထောက်ပံ့မှုများရရှိနေသည့်အခါနှင့် စောင့်ဆိုင်းကာလအတွင်းနှင့် အကျိုးခံစားခွင့်ကန့်သတ်ချက် ကာလအတွင်းရှိရက်များအတွက် ထောက်ပံ့မှုရရှိနိုင်မည်မဟုတ်ပါ)။

တစ်ဖန် ရက် 30 နှင့်အထက်ဆက်လက်၍အလုပ်မလုပ်နိုင်ပါက ဒဏ်ရာနှင့်နာမကျန်းခံစားခွင့်ထောက်ပံ့မှုအားမလက်ခံဘဲ ထောက်ပံ့မှုရရှိရန်ကာလအားတိုးမြှင့်ပြီး ဒဏ်ရာနှင့်နာမကျန်းမှု ပျောက်ကင်းသွားပြီးသည့်နောက်မှလည်း အခြေခံခံစားခွင့်ထောက်ပံ့ခြင်းကိုရယူနိုင်ပါသည် (ထောက်ပံ့မှုရရှိရန်ကာလတိုးမြှင့်ခြင်းနှင့် ပတ်သက်၍ စာမျက်နှာ 17 အားကြည့်ရှုပါ)။

**ဒဏ်ရာနှင့်နာမကျန်းခံစားခွင့်အတွက် လျှောက်လွှာတင်ခြင်းလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍**

ဒဏ်ရာနှင့်နာမကျန်းခံစားခွင့်အတွက် လျှောက်လွှာတင်လိုပါက အောက်ဖော်ပြပါ စာရွက်စာတမ်းများကို Hello Workစသည်သို့ တင်ပြပါ။ လျှောက်လွှာတင်ရမည့်ကာလသည် ဒဏ်ရာနှင့်နာမကျန်းဖြစ်ခြင်းပျောက်ကင်းပြီးပြီးချင်းနောက်ရှိ ထောက်ခံချက်ပေးသည့်ရက်အထိဖြစ်ပါသည်။

1 ဒဏ်ရာနှင့်နာမကျန်းခံစားခွင့်ထောက်ပံ့မှုလျှောက်လွှာစာရွက်

2 အလုပ်အာမခံထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်

※ စာရွက်စာတမ်းလာရောက်တင်ပြခြင်းအတွက် ကိုယ်စားလှယ်ဖြင့်လည်းရနိုင်သော်လည်း ထိုအခြေအနေတွင် ကိုယ်စားလှယ်လွှဲစာ လိုအပ်ပါသည်။

ဒဏ်ရာနှင့်နာမကျန်းမှုဖြစ်သည့်ကာလသည် 1 လနှင့်အထက်ရှိမည်ဟုယူဆရပါက ကြိုတင်၍ Hello Workစသည်သို့ ဆွေးနွေးတိုင်ပင်ပါ။

ထို့ပြင် ကျန်းမာရေးအာမခံအမျိုးအစားအားအတည်ပြုစစ်ဆေးမည်ဖြစ်သောကြောင့် "ကျန်းမာရေးအာမခံကဒ်ပြား" (မိတ္တူလည်းပဲရပါသည်) အားယူဆောင်လာခဲ့ပါ။

## 32 အကယ်၍ ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူကာယကံရှင်သည် ထောက်ပံ့မှုရယူနေစဉ်အတွင်း သေဆုံးသွားခဲ့ ပါက?

အကယ်၍ ထောက်ပံ့မှုရယူနေစဉ်အတွင်း ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူကာယံရှင်သည် သေဆုံးသွားခဲ့ပါက ထိုပုဂ္ဂိုလ်နှင့်အတူတူနေထိုင်စားသောက်နေခဲ့ကြသည့် ကျန်ရစ်သူမိသားစုသည် သေဆုံးသည့်ရက်၏ရှေ့တစ်ရက် (အချို့အခြေအနေများတွင် သေဆုံးသည့်ရက်) အထိအတွက် အခြေခံခံစားခွင့်ထောက်ပံ့မှုအားရရှိနိုင်ပါသည်။ ဤသည်ကို "**ထောက်ပံ့မှုမပြီးဆုံးသည့်အလုပ်လက်မဲ့စသည့်ခံစားခွင့်**" ဟုခေါ်ပါသည်။

ဤအခြေအနေတွင် ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူကာယံရှင်သေဆုံးသည့်နေ့၏နောက်တစ်နေ့မှစ၍ 6 လအတွင်းတွင် "ထောက်ပံ့မှုမပြီးဆုံးသည့်အလုပ်လက်မဲ့စသည့်ခံစားခွင့်လျှောက်လွှာစာရွက်" ကို Hello Workစသည်သို့ တင်ပြပါ။

## 33 အလုပ်လက်မဲ့စသည့်အကျိုးခံစားခွင့်များကို မှန်မှန်ကန်ကန်ရယူကြရအောင်

◎ **မမှန်မကန်ထောက်ပံ့မှုရယူခြင်းဆိုသည်မှာ**

အလုပ်လက်မဲ့စသည့်အကျိုးခံစားခွင့်အတွက် ထောက်ပံ့မှုကို မရရှိနိုင်ပါသော်လည်း လိမ်လည်ခြင်း သို့မဟုတ် မမှန်ကန်သောနည်းလမ်းများဖြင့် အလုပ်လက်မဲ့စသည့်အကျိုးခံစားခွင့်အတွက် ထောက်ပံ့မှုကိုရယူခြင်း သို့မဟုတ် ရယူရန်ကြိုးစားနေခြင်းကို ဆိုလိုပါသည် **(အမှန်တကယ် ထောက်ပံ့မှုကိုလက်ခံခြင်းရှိ၊မရှိနှင့်မဆိုင်ပါ။)။**

◎ **မှန်မှန်ကန်ကန်အစီရင်မခံပါက မမှန်မကန်ထောက်ပံ့မှုရယူခြင်းဖြစ်သွားပါလိမ့်မည်။**

ဥပမာအားဖြင့် အောက်ဖော်ပြပါ အခြေအနေများဖြစ်ပါသည်။

☐ အလုပ်ရှာဖွေခြင်းလှုပ်ရှားမှု၏အမှန်တကယ်ရလဒ်မရှိခဲ့သော်လည်း အလုပ်လက်မဲ့ထောက်ခံချက်တောင်းခံမှုအစီရင်ခံစာတွင် ထိုအမှန်တကယ်ရလဒ်နှင့်ပတ်သက်၍ မမှန်မကန် အစီရင်ခံခဲ့သည်။

☐ အလုပ်ရှင်မှအလုပ်ခန့်အပ်ထားခဲ့ပါက (အလုပ်ခန့်အပ်မှုအမျိုးအစားမရွေးပါ။ အစမ်းခန့် (အလုပ်သင်) ကာလများလည်း ပါဝင်ပါသည်။) ထိုအကြောင်းကို အလုပ်လက်မဲ့ထောက်ခံချက် တောင်းခံမှုအစီရင်ခံစာတွင် အစီရင်မခံခြင်း၊ အလုပ်ခန့်အပ်ခံရသည့်ရက်၊ အလုပ်ခန့်အပ်ခံရခြင်း၊ အလုပ်လုပ်နေခဲ့သည့်အမှန်တရားနှင့် ဝင်ငွေကို ဖုံးကွယ်ခြင်းများပြုလုပ်၍ လိမ်ညာအစီရင်ခံခြင်းပြုခဲ့ပါသည်။

☐ လုပ်ငန်းခွင်မတော်တဆမှုအာမခံမှ အလုပ်နားရခြင်း (လျော်ကြေး) အကျိုးခံစားခွင့်များ၊ ကျန်းမာရေးအာမခံမှ ဒဏ်ရာနှင့် ဖျားနာမှုခံစားခွင့် စသည့် ထောက်ပံ့မှုများကို ရယူနေသည့်အကြောင်းကို အစီရင်မခံခဲ့ခြင်း (အလုပ်အာမခံထောက်ပံ့မှုပြီးဆုံးပြီးနောက် အလုပ်အာမခံထောက်ပံ့မှုရရှိခဲ့သည့်ကာလ နှင့်ပတ်သက်၍ လုပ်ငန်းခွင်မတော်တဆမှုအာမခံမှ အလုပ်နားရခြင်း (လျော်ကြေး)အကျိုးခံစားခွင့်ထောက်ပံ့မှုများကို ပြန်လည်၍လက်ခံသည့်အခြေအနေ ပါဝင်သည်။ )။

☐ အလုပ်မရှိခဲ့သော်လည်း အလုပ်ရှိခဲ့သည်ဟု လိမ်ညာပြီး အလုပ်ဝင်ခဲ့သည့်ရက်ကို လိမ်ညာ၍ အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်စသည့် ထောက်ပံ့မှုလျှောက်လွှာတင်ခဲ့ပါသည်။

☐ ကုမ္ပဏီစသည်တို့တွင် အရာထမ်းအဖြစ် အလုပ်ခန့်အပ်မှုခံရခြင်းကို အစီရင်မခံခဲ့ပါ။

☐ မမှန်မကန်ရေးသွင်းထားသည့် အလုပ်ထွက်ထားကြောင်းကဒ်ပြား (အလုပ်ထွက်ရခြင်းအကြောင်းပြချက်ပါဝင်သည်။) ကိုတင်ပြခဲ့ပါသည်။

◎ **စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး မှန်မှန်ကန်ကန် ထောက်ပံ့မှုကိုရယူကြရအောင်။**

အကယ်၍ မမှန်မကန်ထောက်ပံ့မှုရယူခြင်းကို ပြုလုပ်ခဲ့ပါက

☐ **ထောက်ပံ့မှုရပ်တန့်ခြင်း** (ထိုရက်နောက်ပိုင်းတွင် အလုပ်လက်မဲ့စသည့်အကျိုးခံစားခွင့်ထောက်ပံ့မှုကို ရယူပိုင်ခွင့်မရှိတော့ပါ။)

☐ **ငွေပြန်ဆပ်ရန်အမိန့်ချခြင်း** (မမှန်မကန်ထောက်ပံ့မှုရရှိထားသည့်ငွေပမာဏအတွက် ထိုပမာဏအားလုံးကိုပြန်မဆပ်၍မရပါ။)

☐ **ငွေပေးချေရန်အမိန့်ချခြင်း** (မမှန်မကန်ထောက်ပံ့မှုရရှိထားသည့်ငွေပမာဏအားလုံးကိုပြန်ဆပ်ရခြင်းနှင့်အတူ မမှန်မကန်ထောက်ပံ့မှုရယူထားသည့် ငွေပမာဏ၏**2ဆနှင့်ညီမျှသောပမာဏကို ပြန်လည်မပေးချေ၍မရပါ**)

☐ မမှန်မကန်ထောက်ပံ့မှုရယူထားသည့်ရက်၏နောက်တစ်ရက်မှစ၍ ကြွေးကျန် ကောက်ခံပါမည်။

☐ ဤငွေပြန်ဆပ်ခြင်းစသည့်ပေးချေမှုကို ရှောင်ရှားနေပါက **ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း**စသည်များပြုလုပ်သည့်အခါမျိုး ရှိပါသည်။

☐ အခြေအနေဆိုးဝါးပါက **လိမ်လည်မှု**စသည်ဖြင့် အပြစ်ပေးခံရသည့်အခါမျိုးရှိပါသည်။

## 34 အရေးယူခြင်းကို မကျေနပ်ပါလျှင်?

Hello Work စသည်မှလုပ်ဆောင်သော အလုပ်လက်မဲ့စသည့်အကျိုးခံစားခွင့်နှင့်စပ်လျဉ်းသည့် အရေးယူခြင်းကို မကျေနပ်ပါက ထိုအရေးယူခြင်းခံရသည့်အကြောင်းကို သိရှိခဲ့သည့်ရက်၏နောက်တစ်ရက်မှစ၍ 3 လအတွင်းတွင် အလုပ်အာမခံစစ်ဆေးရေးအရာရှိ သို့ စစ်ဆေးရန်တင်ပြနိုင်ပါသည်။ ဤသည်ကို "**စစ်ဆေးမှုတောင်းခံခြင်း**" ဟုခေါ်ပါသည်။

စစ်ဆေးမှုတောင်းခံခြင်းကို ပြုလုပ်သည့်အခါတွင် ထိုအကြောင်းအရာကို Hello Work မှတစ်ဆင့် သို့မဟုတ် အလုပ်အာမခံစစ်ဆေးရေးအရာရှိသို့ တိုက်ရိုက်အစီရင်ခံ တင်ပြပါ။

တစ်ဖန် အလုပ်အာမခံစစ်ဆေးရေးအရာရှိ၏ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ဆုံးဖြတ်ချက်မိတ္တူကိုပေးပို့ခံရသည့်ရက်၏နောက်တစ်ရက်မှစ၍ 2 လအတွင်းတွင် အလုပ် သမားအာမခံစစ်ဆေးရေးဘုတ်အဖွဲ့သို့ **နောက်တစ်ကြိမ်စစ်ဆေးမှုတောင်းခံခြင်း**ပြုလုပ်နိုင်ပါသည်။

သို့သော် စစ်ဆေးမှုတောင်းခံခြင်းပြုလုပ်ပြီးရက်၏နောက်တစ်ရက်မှစ၍ 3 လကျော်လွန်သွားသော်လည်း စစ်ဆေးမှုတောင်းခံခြင်းနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက် မကျခဲ့ပါက ဆုံးဖြတ်ချက်မကျဘဲ အလုပ်သမားအာမခံစစ်ဆေးရေးဘုတ်အဖွဲ့သို့ နောက်တစ်ကြိမ်စစ်ဆေးမှုတောင်းခံခြင်း ပြုလုပ်နိုင်ပါသည်။

Hello Workစသည်မှပြုလုပ်သည့် အလုပ်လက်မဲ့စသည့်အကျိုးခံစားခွင့်နှင့်စပ်လျဉ်းသည့် အရေးယူမှုအားပြန်လည်ရုပ်သိမ်းရန်အမှုဖွင့်ခြင်းသည် စစ်ဆေးမှုတောင်းခံ ခြင်း၏ ဆုံးဖြတ်ချက်ကျပြီးနောက်တွင် ဆုံးဖြတ်ချက်ကျခဲ့သည်ကိုသိရှိခဲ့သည့်ရက်မှစ၍ 6 လအတွင်းတွင် တင်ပြနိုင်ပါသည် (သို့သော် အဆုံးအဖြတ်ပေးခဲ့သည့်ရက်မှစ၍ 1 နှစ်ကျော်ခဲ့သည့်ကိစ္စမပါဝင်ပါ။) ။

သို့သော် စစ်ဆေးမှုတောင်းခံခြင်းကိုပြုလုပ်ခဲ့သည့်ရက်၏နောက်တစ်ရက်မှစ၍ 3 လကျော်သွားသော်လည်း စစ်ဆေးမှုတောင်းခံခြင်းနှင့်ပတ်သက်သည့် အဆုံးအဖြတ် မကျခဲ့သည့်အခါများတွင် အဆုံးအဖြတ်မကျဘဲ အရေးယူမှုအားပြန်လည်ရုပ်သိမ်းရန်အမှုဖွင့်ခြင်းအတွက် တင်ပြနိုင်ပါသည်။

# 35 ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်နှင့်ပတ်သက်၍

**1 အထွေထွေပညာရေးလေ့ကျင့်မှုနှင့်သက်ဆိုင်သည့်ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်**

အလုပ်လုပ်မည့်သူ၏ မိမိဆန္ဒအလျောက် စွမ်းရည်မြှင့်တင်ရေးကြိုးပမ်းမှုများကို ပံ့ပိုးပေးပြီး၊ အလုပ်အကိုင်တည်ငြိမ်မှုနှင့် အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်ရေးကို မြှင့်တင်ရန်ရည်ရွယ်သည့် အလုပ်အာမခံမှုအကျိုးခံစားခွင့်စနစ်ဖြစ်သည်။

သတ်မှတ်ထားသောသတ်မှတ်ချက်များနှင့်ပြည့်စုံသည့် အလုပ်အာမခံသို့ အာမခံဝင်ရောက်ထားသူ (※1) (အလုပ်ဝင်နေသူ)၊ သို့မဟုတ် အာမခံဝင်ရောက်ထားသည့်ပုဂ္ဂိုလ် (အလုပ်ထွက်ထားသူ) သည် ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးမှ သတ်မှတ်ထားသည့် ပညာရေးလေ့ကျင့်မှုကို တက်ရောက်ပြီးဆုံးခဲ့ပါက ထိုတက်ရောက်မှုအတွက် တက်ရောက်သူကာယကံရှင်မှ ပညာရေးလေ့ကျင့်မှုစင်တာသို့ ပေးချေခဲ့သည့် ပညာရေးလေ့ကျင့်မှုကုန်ကျစရိတ်၏ သတ်မှတ်ထားသောရာခိုင်နှုန်းနှင့်ညီမျှသည့်ပမာဏ (အများဆုံးသတ်မှတ်ချက်ရှိ) ကိုထောက်ပံ့ခြင်းခံရပါမည်။

※1 အာမခံထားရှိသူဆိုသည်မှာ ပုံမှန်အာမခံထားရှိသူ နှင့် သက်ကြီးရွယ်အိုအာမခံထားရှိသူကို ဆိုလိုပါသည်။ အောက်ဖော်ပြပါ ဤအချက်များတွင် အဓိပ္ပါယ်အတူတူပင် ဖြစ်သည်။

**ထောက်ပံ့မှုအကျုံးဝင်သူ**

အထွေထွေပညာရေးလေ့ကျင့်မှုနှင့်သက်ဆိုင်သည့်ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်အတွက် ထောက်ပံ့မှုနှင့်အကျုံးဝင်သူသည် အောက်ဖော်ပြပါ ① သို့မဟုတ် ② တစ်ခုခုဖြင့် ကိုက်ညီသည့်ပုဂ္ဂိုလ်ဖြစ်ပြီး ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးမှ သတ်မှတ်ထားသည့် ပညာရေးလေ့ကျင့်မှုကို တက်ရောက်ပြီး သင့်လျော်သောပညာရေးလေ့ကျင့်မှုကို ပြီးဆုံးထားသည့် ပုဂ္ဂိုလ်ဖြစ်သည်။

① အလုပ်အာမခံတွင် အာမခံထားရှိသူ (အလုပ်အာမခံတွင် အာမခံထားရှိသူအနေဖြင့်အလုပ်ဝင်နေသည့်ပုဂ္ဂိုလ်)

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးမှ သတ်မှတ်ထားသည့် ပညာရေးလေ့ကျင့်မှုတက်ရောက်ခြင်းကို စတင်ခဲ့သည့်နေ့ (အောက်တွင် "သင်တန်းစတင်တက်ရောက်သည့်နေ့" ဟုသုံးနှုန်းမည်။ ) တွင် ထောက်ပံ့မှုရယူရန်အတွက် ရှိထားရမည့်ကာလ (※2) သည် 3 နှစ်နှင့်အထက်ရှိခြင်း (※3)

② အလုပ်အာမခံတွင် အာမခံထားရှိသူဖြစ်ခဲ့သည့်ပုဂ္ဂိုလ် (အလုပ်အာမခံတွင် အာမခံထားရှိသူမဟုတ်သည့်ပုဂ္ဂိုလ်)

သင်တန်းစတင်တက်ရောက်သည့်နေ့မတိုင်မီရှိ အာမခံထားရှိသူမဟုတ်ခဲ့သည့်ရက်သည် သင်တန်းစတင်တက်ရောက်သည့်နေ့မှ လွန်ခဲ့သော 1 နှစ်အတွင်း (ထောက်ပံ့မှုရယူရန်အကျုံးဝင်သည့်ကာလတိုးမြှင့်ခြင်းကိုပြုလုပ်ခဲ့ပါက အများဆုံး နှစ် 20 အတွင်း) ( ※ 4) ရှိပြီး သင်တန်းစတင်တက်ရောက်သည့်နေ့တွင် ထောက်ပံ့မှုရယူရန်အတွက် ရှိထားရမည့်ကာလသည် 3 နှစ်နှင့်အထက်ရှိခြင်း (※3)

※ 2 ထောက်ပံ့မှုရယူရန်အတွက် ရှိထားရမည့်ကာလဆိုသည်မှာ သင်တန်းစတင်တက်ရောက်သည့်နေ့အထိကာလအတွင်း အလုပ်အာမခံကျင့်သုံးသည့်လုပ်ငန်းတွင် အာမခံထားရှိသူအနေဖြင့် အလုပ်ခံအပ်ခြင်းခံခဲ့ရသည့်ကာလကို ဆိုလိုပါသည်။ အသေးစိတ်ကို Hello Work မှတာဝန်ရှိသူထံသို့ စုံစမ်းမေးမြန်းပါ။

※3 ပထမဆုံးအကြိမ် အထွေထွေပညာရေးလေ့ကျင့်မှုနှင့်သက်ဆိုင်သည့်ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်ကို ရယူမည့်ပုဂ္ဂိုလ်နှင့်ပတ်သက်၍ ထောက်ပံ့မှုရယူရန်အတွက် ရှိထားရမည့်ကာလသည် 1 နှစ်နှင့်အထက်ရှိရခြင်း (ယာယီစီမံချက်)

※4 သင်တန်းစတင်တက်ရောက်သည့်နေ့တွင် အာမခံထားရှိသူမဟုတ်သည့်ပုဂ္ဂိုလ်များထဲမှ အာမခံထားရှိသူအရည်အချင်းပြည့်မီမှုဆုံးရှုံးခဲ့သည့်ရက်နောက်ပိုင်း 1 နှစ်အတွင်းတွင် ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်း၊ ကလေးပြုစုစောင့်ရှောက်ခြင်း၊ နာမကျန်းဖြစ်ခြင်း၊ ဒဏ်ရာရခြင်းစသည့် အကြောင်းပြချက် တို့ကြောင့် ရက် 30 နှင့်အထက်ဆက်တိုက် သက်ဆိုင်ရာပညာရေးလေ့ကျင့်မှုတက်ရောက်ခြင်းကို မစတင်နိုင်သည့်ရက်ရှိပါက Hello Workသို့ ထိုအကြောင်းအရာကို အစီရင်ခံခြင်းဖြင့် အာမခံထားရှိသူအရည်အချင်းပြည့်မီမှုဆုံးရှုံးခဲ့သည့်ရက်မှစ၍ သင်တန်းစတင်တက်ရောက်သည့်နေ့အထိ၏ ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့် နှင့်အကျုံးဝင်နိုင်သည့်ကာလ (ထောက်ပံ့မှုရယူရန်အကျုံးသည့်ဝင်ကာလ) တွင် ထိုသင်တန်းတက်ရောက်မှုမတင်နိုင်ခဲ့သည့်ရက်အရေအတွက် (အများဆုံး 19 နှစ်) ကို ထည့်ပေါင်းနိုင်ပါသည်။

**ထောက်ပံ့မှုပမာဏ**

သက်ဆိုင်ရာပညာရေးလေ့ကျင့်မှုကို တက်ရောက်ပြီးစီးခဲ့ပါက ထိုသင်တန်းတက်ရောက်မှုအတွက် သင်တန်းတက်ရောက်သူကာယကံရှင်သည် ပညာရေးလေ့ကျင့်မှုသင်တန်းပို့ချသူထံသို့ ပေးချေခဲ့သည့် ပညာရေးလေ့ကျင့်မှုကုန်ကျစရိတ်၏ 20% နှင့်ကိုက်ညီသည့်ပမာဏအတွက်ထောက်ပံ့ခြင်းကို ရရှိနိုင်ပါသည်။

သို့သော် ထို 20% နှင့်ကိုက်ညီသည့်ပမာဏသည် ယန်း 1 သိန်းကိုကျော်လွန်ခဲ့ပါက ထောက်ပံ့မှုပမာဏကို ယန်း 1 သိန်းအဖြစ်သတ်မှတ်ပြီး ယန်း 4 ထောင်ကို မကျော်လွန်ပါက ပညာရေးလေ့ကျင့်မှု အကျိုးခံစားခွင့်အတွက်ထောက်ပံ့မှုကို ရရှိနိုင်မည်မဟုတ်ပါ။

※သင်တန်းစတင်တက်ရောက်သည့်နေ့မတိုင်မီ 1 နှစ်အတွင်းတွင် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအတိုင်ပင်ခံ (အလုပ်အကိုင်စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး ဥပဒေပုဒ်မ 30 အပိုဒ်ခွဲ 3 တွင် ပြဋ္ဌာန်းထားသည့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအတိုင်ပင်ခံ) မှပြုလုပ်သော အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအကြံပေးမှုကို ရရှိခဲ့ပါက ထိုကုန်ကျစရိတ်ကို ပညာရေးလေ့ကျင့်မှုကုန်ကျစရိတ်ထဲတွင် ထည့်ပေါင်းနိုင်ပါသည်။ သို့သော် ထိုပမာဏသည် ယန်း 2 သောင်းကိုကျော်လွန်ခဲ့ပါက ပညာရေးလေ့ကျင့်မှုကုန်ကျစရိတ်အဖြစ် အသုံးပြုနိုင်သည့်ပမာဏသည် ယန်း 2 သောင်းအထိဖြစ်သည်ဟု သတ်မှတ်ပါမည် (2017 ခုနှစ် 1 လ 1 ရက်နေ့နောက်ပိုင်းတွင် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအကြံပေးမှုကို တက်ရောက်ခဲ့သည့် အခြေအနေတွင်သာလျှင်ရရှိနိုင်ပါသည်။) ။

**2 ကျွမ်းကျင်အထွေထွေပညာရေးလေ့ကျင့်မှုနှင့်သက်ဆိုင်သည့်ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်**

အလုပ်အသစ်သို့လျင်မြန်စွာပြန်လည်ဝင်ရောက်ခြင်းနှင့် ကာလစောစီးစွာ အလုပ်အကိုင်ပုံဖော်ခြင်းတို့ကို ပံ့ပိုးပေးပြီး အလုပ်အကိုင်တည်ငြိမ်မှုနှင့် အလုပ်အသစ်သို့ ပြန်လည်ဝင်ရောက်ရေးကို မြှင့်တင်ရန်ရည်ရွယ်သည့် အလုပ်အာမခံမှအကျိုးခံစားခွင့်စနစ်ဖြစ်သည်။

သတ်မှတ်ထားသောသတ်မှတ်ချက်များနှင့်ပြည့်စုံသည့် အလုပ်အာမခံသို့ အာမခံဝင်ရောက်ထားသူ (※1) (အလုပ်ဝင်နေသူ)၊ သို့မဟုတ် အာမခံဝင်ရောက်ထားသည့်ပုဂ္ဂိုလ် (အလုပ်ထွက်ထားသူ) သည် ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးမှ သတ်မှတ်ထားသည့် ပညာရေးလေ့ကျင့်မှုကို တက်ရောက်ပြီးဆုံးခဲ့ပါက ထိုတက်ရောက်မှုအတွက် တက်ရောက်သူကာယကံရှင်မှပညာရေးလေ့ကျင့်မှုစင်တာသို့ ပေးချေခဲ့သည့် ပညာရေးလေ့ကျင့်မှုကုန်ကျစရိတ်၏ သတ်မှတ်ထားသော ရာခိုင်နှုန်းနှင့်ညီမျှသည့်ပမာဏ (အများဆုံးသတ်မှတ်ချက်ရှိ) ကိုထောက်ပံ့ခြင်းခံရပါမည်။

※1 အာမခံထားရှိသူဆိုသည်မှာ ပုံမှန်အာမခံထားရှိသူနှင့် သက်ကြီးရွယ်အိုအာမခံထားရှိသူကို ဆိုလိုပါသည်။ အောက်ဖော်ပြပါ ဤအချက်များတွင် အဓိပ္ပါယ်အတူတူပင်ဖြစ်သည်။

**ထောက်ပံ့မှုအကျုံးဝင်သူ**

ကျွမ်းကျင်အထွေထွေပညာရေးလေ့ကျင့်မှုနှင့်သက်ဆိုင်သည့်ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်အတွက် ထောက်ပံ့မှုနှင့်အကျုံးဝင်သူသည် အောက်ဖော်ပြပါ ① သို့မဟုတ် ② တစ်ခုခုဖြင့် ကိုက်ညီသည့်ပုဂ္ဂိုလ် ဖြစ်ပြီး ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးမှ သတ်မှတ်ထားသည့် ပညာရေးလေ့ကျင့်မှုကို တက်ရောက်ပြီး သင့်လျော်သောပညာရေးလေ့ကျင့်မှုကို ပြီးဆုံးထားသည့် ပုဂ္ဂိုလ်ဖြစ်သည်။

① အလုပ်အာမခံတွင် အာမခံထားရှိသူ (အလုပ်အာမခံတွင်အာမခံထားရှိသူအနေဖြင့်အလုပ်ဝင်နေသည့်ပုဂ္ဂိုလ်)
ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးမှ သတ်မှတ်ထားသည့် ပညာရေးလေ့ကျင့်မှုတက်ရောက်ခြင်းကို စတင်ခဲ့သည့်နေ့ (အောက်တွင် "သင်တန်းစတင်တက်ရောက်သည့်နေ့" ဟုသုံးနှုန်းမည်။ ) တွင် ထောက်ပံ့မှုရယူရန်အတွက် ရှိထားရမည့်ကာလ (※2) သည် 3 နှစ်နှင့်အထက်ရှိခြင်း (※3)

② အလုပ်အာမခံတွင် အာမခံထားရှိသူဖြစ်ခဲ့သည့်ပုဂ္ဂိုလ် (အလုပ်အာမခံတွင်အာမခံထားရှိသူမဟုတ်သည့်ပုဂ္ဂိုလ်)
သင်တန်းစတင်တက်ရောက်သည့်နေ့မတိုင်မီရှိ အာမခံထားရှိသူမဟုတ်ခဲ့သည့်ရက်သည် သင်တန်းစတင်တက်ရောက်သည့်နေ့မှ လွန်ခဲ့သော 1 နှစ်အတွင်း (ထောက်ပံ့မှုရယူရန်အကျုံးဝင်သည့်ကာလတိုးမြှင့်ခြင်းကိုပြုလုပ်ခဲ့ပါက အများဆုံး နှစ် 20 အတွင်း) (※4) ရှိပြီး သင်တန်းစတင်တက်ရောက်သည့်နေ့တွင် ထောက်ပံ့မှုရယူရန်အတွက် ရှိထားရမည့်ကာလသည် 3 နှစ်နှင့်အထက်ရှိခြင်း (※3)

※2 ထောက်ပံ့မှုရယူရန်အတွက် ရှိထားရမည့်ကာလဆိုသည်မှာ သင်တန်းစတင်တက်ရောက်သည့်နေ့အထိကာလအတွင်း အလုပ်အာမခံကျင့်သုံးသည့်လုပ်ငန်းတွင် အာမခံထားရှိသူအနေဖြင့် အလုပ်ခံအပ်ခြင်းခံခဲ့ရသည့်ကာလကို ဆိုလိုပါသည်။ အသေးစိတ်ကို Hello Work မှတာဝန်ရှိသူထံသို့ စုံစမ်းမေးမြန်းပါ။

※3 ပထမဆုံးအကြိမ် အထွေထွေပညာရေးလေ့ကျင့်မှုနှင့်သက်ဆိုင်သည့်ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်ကို ရယူမည့်ပုဂ္ဂိုလ်နှင့်ပတ်သက်၍ ထောက်ပံ့မှု ရယူရန်အတွက် ရှိထားရမည့်ကာလသည် 1 နှစ်နှင့်အထက်ရှိရခြင်း (ယာယီစီမံချက်)

※4 သင်တန်းစတင်တက်ရောက်သည့်နေ့တွင် အာမခံထားရှိသူမဟုတ်သည့်ပုဂ္ဂိုလ်များထဲမှ အာမခံထားရှိသူအရည်အချင်းပြည့်မီမှုဆုံးရှုံးခဲ့သည့်ရက်နောက်ပိုင်း 1 နှစ်အတွင်းတွင် ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်း၊ ကလေးပြုစုစောင့်ရှောက်ခြင်း၊ နာမကျန်းဖြစ်ခြင်း၊ ဒဏ်ရာရခြင်းစသည့် အကြောင်းပြချက် တို့ကြောင့် ရက် 30 နှင့်အထက်ဆက်တိုက် သက်ဆိုင်ရာပညာရေးလေ့ကျင့်မှုတက်ရောက်ခြင်းကို မစတင်နိုင်သည့်ရက်ရှိပါက Hello Work သို့ ထိုအကြောင်းအရာကို အစီရင်ခံခြင်းဖြင့် အာမခံထားရှိသူအရည်အချင်းပြည့်မီမှုဆုံးရှုံးခဲ့သည့်ရက်မှစ၍ သင်တန်းစတင်တက်ရောက်သည့်နေ့အထိ၏ ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်နှင့်အကျုံးဝင်နိုင်သည့်ကာလ (ထောက်ပံ့မှုရယူရန်အကျုံးဝင်သည့်ကာလ) တွင် ထိုသင်တန်းတက်ရောက်မှုမတင်နိုင်ခဲ့သည့်ရက်အရေအတွက် (အများဆုံး 19 နှစ်) ကို ထည့်ပေါင်းနိုင်ပါသည်။

**ထောက်ပံ့မှုပမာဏ**

သက်ဆိုင်ရာပညာရေးလေ့ကျင့်မှုကို တက်ရောက်ပြီးစီးခဲ့ပါက ထိုသင်တန်းတက်ရောက်မှုအတွက် သင်တန်းတက်ရောက်သူကာယကံရှင်သည် ပညာရေးလေ့ကျင့်မှု သင်တန်းပို့ချသူထံသို့ ပေးချေခဲ့သည့် ပညာရေးလေ့ကျင့်မှုကုန်ကျစရိတ်၏ 40% နှင့်ကိုက်ညီသည့်ပမာဏအတွက် ထောက်ပံ့ခြင်းကို ရရှိနိုင်ပါသည်။

သို့သော် ထို 40% နှင့်ကိုက်ညီသည့်ပမာဏသည် ယန်း 2 သိန်းကိုကျော်လွန်ခဲ့ပါက ထောက်ပံ့မှုပမာဏကို ယန်း 2 သိန်းအဖြစ်သတ်မှတ်ပြီး ယန်း4ထောင်ကို မကျော်လွန်ပါက ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်အတွက်ထောက်ပံ့မှုကို ရရှိနိုင်မည်မဟုတ်ပါ။

## 3 အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှုနှင့်သက်ဆိုင်သည့်ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်

အလုပ်လုပ်မည့်သူ ကာယကံရှင်၏ သဘောဆန္ဒအရ ကာလရှည်နှင့် ကာလလတ်ဆိုင်ရာ အလုပ်အကိုင်ပုံဖော်ခြင်းကို ပံ့ပိုးပေးပြီး၊ အလုပ်အကိုင်တည်ငြိမ်မှုနှင့် အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်ရေးကို မြှင့်တင်ရန်ရည်ရွယ်သည့် အလုပ်အာမခံမှအကျိုးခံစားခွင့်စနစ်ဖြစ်သည်။

သတ်မှတ်ထားသောသတ်မှတ်ချက်များနှင့်ပြည့်စုံသည့်အလုပ်အာမခံသို့ အာမခံဝင်ရောက်ထားသူ (※1) (အလုပ်ဝင်နေသူ)၊ သို့မဟုတ် အာမခံဝင်ရောက်ထားသည့်ပုဂ္ဂိုလ် (အလုပ်ထွက်ထားသူ) သည် ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးမှ သတ်မှတ်ထားသည့် အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှုကို တက်ရောက်ပြီးဆုံးခဲ့ပါက တက်ရောက်သူကာယကံရှင်မှ ပညာရေးလေ့ကျင့်မှုစင်တာသို့ ပေးချေခဲ့သည့် ပညာရေးလေ့ကျင့်မှုကုန်ကျစရိတ်၏ သတ်မှတ်ထားသောရာခိုင်နှုန်းနှင့် ညီမျှသည့်ပမာဏ (အများဆုံးသတ်မှတ်ချက်ရှိ) ကို Hello Workမှ ထောက်ပံ့ပေးမည့်စနစ်ဖြစ်သည်။

တစ်ဖန် ဤအကျိုးခံစားခွင့်ကိုလျက်ရှိသည့်ပုဂ္ဂိုလ်နှင့်ပတ်သက်၍ လေ့ကျင့်မှုခံယူနေသည့်ကာလအတွင်း အလုပ်လက်မဲ့အခြေအနေတွင်ရှိနေသည့်ရက်နှင့် ပတ်သက်၍ အခြေခံခံစားခွင့်တစ်ရက်ပမာဏနှင့်ညီမျှသည့်ပမာဏ၏ 80% (※2) ကို ပညာရေးလေ့ကျင့်မှုထောက်ပံ့ခြင်းအကျိုးခံစားခွင့်ငွေအဖြစ် လက်ခံရရှိနိုင်သည့် အခြေအနေများလည်းရှိပါသည်။

※1 အာမခံထားရှိသူဆိုသည်မှာ ပုံမှန်အာမခံထားရှိသူ နှင့် သက်ကြီးရွယ်အိုအာမခံထားရှိသူ ကို ဆိုလိုပါသည်။ အောက်ဖော်ပြပါ ဤအချက်များတွင် အဓိပ္ပါယ်အတူတူပင်ဖြစ်သည်။

※2 2017 ခုနှစ် 12 လ 31 ရက်မတိုင်မီတွင် သင်တန်းတက်ရောက်မှုစတင်ခဲ့သည့်အထူးပြုလက်တွေ့ပညာရေးလေ့ကျင့်မှုအတွက် ပညာရေးလေ့ကျင့်မှုထောက်ပံ့ခြင်းအကျိုးခံစားခွင့်ငွေ၏ ထောက်ပံ့မှု ပမာဏသည် အခြေခံခံစားခွင့်တစ်ရက်တာပမာဏနှင့်ညီမျှသောပမာဏ၏ 50% ဖြစ်ပါမည်။

**ထောက်ပံ့မှုအကျုံးဝင်သူ**

အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှုနှင့်သက်ဆိုင်သည့်ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်အတွက် ထောက်ပံ့မှုနှင့်အကျုံးဝင်သူသည် အောက်ဖော်ပြပါ ① သို့မဟုတ် ② တစ်ခုခုဖြင့်ကိုက်ညီသည့် ပုဂ္ဂိုလ်ဖြစ်ပြီး ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးမှ သတ်မှတ်ထားသည့် ပညာရေးလေ့ကျင့်မှုကို တက်ရောက်ပြီး သင့်လျော်သောပညာရေးလေ့ကျင့်မှုကို ပြီးဆုံးထားသည့် ပုဂ္ဂိုလ်ဖြစ်သည်။

① အလုပ်အာမခံတွင် အာမခံထားရှိသူ

အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှုအတွက် သင်တန်းတက်ရောက်မှုစတင်ခဲ့သည့်နေ့ (အောက်တွင် "သင်တန်းစတင်တက်ရောက်သည့်နေ့"ဟုသုံးနှုန်းမည်။)၌ အလုပ်အာမခံတွင် အာမခံထားရှိသူပုဂ္ဂိုလ်များထဲမှ ထောက်ပံ့မှုရယူရန်အတွက် ရှိထားရမည့်ကာလ (※3) သည် 3 နှစ်နှင့်အထက်ရှိခြင်း (※4)

② အလုပ်အာမခံတွင် အာမခံထားရှိသူဖြစ်ခဲ့သည့်ပုဂ္ဂိုလ်

သင်တန်းစတင်တက်ရောက်သည့်နေ့တွင် အာမခံထားရှိသူမဟုတ်သည့်ပုဂ္ဂိုလ်များထဲမှ အာမခံထားရှိသူအရည်အချင်းပြည့်မီမှုဆုံးရှုံးသွားသည့်ရက် (အလုပ်ထွက်သည့်ရက်၏ နောက်တစ်ရက်) နောက်ပိုင်းမှ သင်တန်းစတင်တက်ရောက်သည့်နေ့အထိ 1 နှစ်အတွင်း (ထောက်ပံ့မှုရယူရန်အကျုံးဝင်သည့်ကာလတိုးမြှင့်ခြင်း(※5)ကိုပြုလုပ်ခဲ့ပါက အများဆုံး နှစ် 20 အတွင်း) ရှိခြင်းနှင့် ထောက်ပံ့မှုရယူရန်အတွက် ရှိထားရမည့်ကာလသည် 3 နှစ်နှင့်အထက် (※4) ရှိသည့်ပုဂ္ဂိုလ်

※3 ထောက်ပံ့မှုရယူရန်အတွက် ရှိထားရမည့်ကာလဆိုသည်မှာ သင်တန်းစတင်တက်ရောက်သည့်နေ့မတိုင်မီကြားကာလတွင် အလုပ်အာမခံလျှောက်ထားခဲ့သည့်လုပ်ငန်းတွင် အာမခံထားရှိသူအနေဖြင့် အလုပ်ခံအပ်ခြင်းခံခဲ့ရသည့်ကာလကို ဆိုလိုပါသည်။ အသေးစိတ်ကို Hello Work မှတာဝန်ရှိသူထံသို့ စုံစမ်းမေးမြန်းပါ။

※4 ပထမဆုံးအကြိမ် အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှုနှင့်သက်ဆိုင်သည့် ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်ကို ရယူမည့်ပုဂ္ဂိုလ်နှင့်ပတ်သက်၍ ထောက်ပံ့မှုရယူရန်အတွက် ရှိထားရမည့်ကာလသည် 2 နှစ်နှင့်အထက်ရှိရခြင်း (ယာယီစီမံချက်)

※ 5 သင်တန်းစတင်တက်ရောက်သည့်နေ့တွင် အာမခံထားရှိသူမဟုတ်သည့်ပုဂ္ဂိုလ်များထဲမှ အာမခံထားရှိသူအရည်အချင်းပြည့်မီမှုဆုံးရှုံးခဲ့သည့်ရက်နောက်ပိုင်း 1 နှစ်အတွင်းတွင် ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်း၊ ကလေးပြုစုစောင့်ရှောက်ခြင်း၊ နာမကျန်းဖြစ်ခြင်း၊ ဒဏ်ရာရခြင်းစသည့် အကြောင်းပြချက်တို့ကြောင့် ရက် 30 နှင့်အထက်ဆက်တိုက် သက်ဆိုင်ရာပညာရေးလေ့ကျင့်မှုတက်ရောက်ခြင်းကို မစတင်နိုင်သည့်ရက်ရှိပါက Hello Work သို့ ထိုအကြောင်းအရာကို အစီရင်ခံခြင်းဖြင့် အာမခံထားရှိသူအရည်အချင်းပြည့်မီမှုဆုံးရှုံးခဲ့သည့်ရက်မှစ၍ သင်တန်းစတင်တက်ရောက်သည့်နေ့အထိ၏ ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်နှင့်အကျုံးဝင်နိုင်သည့်ကာလ (ထောက်ပံ့မှုရယူရန်အကျုံးဝင်သည့်ကာလ) တွင် ထိုသင်တန်းတက်ရောက်မှုမတင်နိုင်ခဲ့သည့်ရက်အရေအတွက် (အများဆုံး 19 နှစ်) ကို ထည့်ပေါင်းနိုင်ပါသည်။

**ထောက်ပံ့မှုပမာဏ**

| | အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှု အတွက်သင်တန်းတက်ရောက်နေစဉ် | အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှု ပြီးဆုံးပြီးနောက် |
|---|---|---|
| ထောက်ပံ့မှုပမာဏ (သင်တန်းတက်ရောက်သူမှပေးချေခဲ့သည့်ပညာရေးလေ့ကျင့်မှုကုန်ကျစရိတ် x ညာဘက်ကော်လံ၏ရာခိုင်နှုန်း) | **50%**<br>သို့သော် ယန်း 4 ထောင်ကျော်ရပါမည်။<br>ယန်း 12 သိန်းကိုကျော်ပါက : ယန်း 12 သိန်း | အရည်အချင်းပြည့်မီမှုရရှိပြီး လေ့ကျင့်မှုပြီးဆုံးသွားသည့်ရက်၏နောက်တစ်ရက်မှစ၍ 1 နှစ်တာအတွင်း အာမခံထားရှိသူ အနေဖြင့် အလုပ်ခန့်အပ်ခြင်းခံခဲ့ရပါက<br>**70%**<br>သို့သော် ယန်း 4 ထောင်ထက်ကျော်လွန်ရပါမည်။<br>ယန်း 16.8 သိန်းကို ကျော်လွန်ပါက : ယန်း 16.8 သိန်း<br>ထောက်ပံ့ပြီးထားသည့်ဘယ်ဘက်ကော်လံ၏ပမာဏနှင့် ကွာခြားသည့်ပမာဏကို ထပ်ဆောင်းထောက်ပံ့ခံရပါမည်။ |

※ အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှုအတွက် သင်တန်းတက်ရောက်နေစဉ်အတွင်း ထောက်ပံ့ခြင်းခံရသည့် အများဆုံးကန့်သတ်ပမာဏ ယန်း 12 သိန်းရှိသော အကျိုးခံစားခွင့်ငွေသည် လေ့ကျင့်မှုကာလ 3 နှစ်ရှိသည့် အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှုကိုတက်ရောက်ခဲ့သည့် အခြေအနေအတွက် အများဆုံးကန့်သတ်ပမာဏဖြစ်ပါသည်။ လေ့ကျင့်ရေးကာလသည် 1 နှစ်ဖြစ်ပါက ယန်း 4 သိန်း၊ 2 နှစ်ဖြစ်ပါက ယန်း 8 သိန်းသည် အများဆုံးကန့်သတ်ပမာဏဖြ စ်ပါသည်။

တစ်ဖန် အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှုပြီးဆုံးပြီးနောက်တွင် ထောက်ပံ့ခြင်းခံရမည့်အကျိုးခံစားခွင့်ငွေ ယန်း 16.8 သိန်းနှင့်ပတ်သက်၍လည်း လေ့ကျင့်မှုကာလ 3 နှစ်ရှိသည့် အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှုကိုတက်ရောက်ခဲ့သည့် အခြေအနေအတွက် အများဆုံးပမာဏဖြစ်ပါသည်။ လေ့ကျင့်ရေးကာလသည် 1 နှစ်ဖြစ်ပါက ယန်း 5.6 သိန်း၊ 2 နှစ်ဖြစ်ပါက ယန်း 11.2 သိန်းသည် အများဆုံးကန့်သတ်ပမာဏဖြစ်ပါသည်။

※ 10နှစ်အတွင်းတွင် အကြိမ်ကြိမ်အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှုကိုခံယူခဲ့ပါက ပထမဦးဆုံးအထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှု၏ပညာရေး လေ့ကျင့်မှုအကျိုး ခံစားခွင့်ငွေကို ရရှိခဲ့သည့် အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှုသင်တန်းစတင်တက်ရောက်သည့်နေ့ (2017ခုနှစ်12လ31ရက်မတိုင်မီ၏ သင်တန်းစတင်တက်ရောက်သည့်နေ့ ပါဝင်သည်။) ကို စမှတ်အနေဖြင့် 10နှစ်ကျော်သည်အထိ၏ကာလအတွင်းတွင် သင်တန်းတက်ရောက်ခဲ့သည့် အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှု၏ ပညာရေးလေ့ကျင့်မှုအကျိုး ခံစားခွင့်ငွေ၏ စုစုပေါင်းပမာဏသည် ယန်း168သောင်းသည် အကန့်အသတ်ဖြစ်သည်။

တစ်ဖန် ဥပဒေအရ အနည်းဆုံး4နှစ်ကြာ အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှုကို တက်ရောက်နေသည့်ပုဂ္ဂိုလ်နှင့်ပတ်သက်၍သည် 3နှစ်မြောက်သင်တန်းတက်ရောက်မှု ပြီးဆုံးချိန်တွင် အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်၏ 10နှစ်တာရှိထောက်ပံ့မှုအများဆုံးပမာဏယန်း168သောင်းတွင် 4ကြိမ်မြောက်သင်တန်းတက်ရောက်မှုနှင့် ညီမျှသောပမာဏအဖြစ် အများဆုံးယန်း56သောင်းကို ထပ်တွက်ပါမည် (4နှစ်တာတွင် အများဆုံးယန်း224သောင်း)။

※ 2017ခုနှစ်12လ31ရက်မတိုင်မီတွင် သင်တန်းစတင်တက်ရောက်ခဲ့သည့် အထူးပြုဘာသာလက်တွေ့ပညာရေးလေ့ကျင့်မှု၏ထောက်ပံ့ငွေပမာဏသည် ပညာရေးလေ့ကျင့်မှုကုန်ကျစရိတ်၏ 40% (အရည်အချင်းပြည့်မီမှုရရှိပြီး လေ့ကျင့်မှုပြီးဆုံးသွားသည့်ရက် ၏နောက်တစ်ရက်မှစ၍ 1နှစ်တာအတွင်း အာမခံထားရှိသူအနေဖြင့် အလုပ်ခန့်အပ်ခြင်းခံခဲ့ရပါက 60%) ဖြစ်ပါသည်။ တစ်ဖန် ထောက်ပံ့မှု၏အမြင့်ဆုံးပမာဏသည် နှစ်စဉ်ယန်း32သောင်း (အရည်အချင်းပြည့်မီမှုရရှိပြီး လေ့ကျင့်မှုပြီးဆုံးသွားသည့်ရက် ၏နောက်တစ်ရက်မှစ၍ 1နှစ်တာအတွင်း အာမခံထားရှိသူ အနေဖြင့် အလုပ်ခန့်အပ်ခြင်းခံခဲ့ရပါက ယန်း48သောင်း) ဖြစ်ပါသည်။

## 4 ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်၏သတ်မှတ်ထားသည့်သင်တန်းများနှင့် ထောက်ပံ့မှုလိုအပ်ချက်များစုံစမ်းမေးမြန်းခြင်းနှင့်ပတ်သက်၍

**ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးမှ သတ်မှတ်ထားသည့် ပညာရေးလေ့ကျင့်မှုတွင် မည်သည့်အရာမျိုးတွေ ရှိတာပါလဲ**

"ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးမှ သတ်မှတ်ထားသည့်ပညာရေးလေ့ကျင့်မှုသင်တန်းများစာရင်း" ဖြင့် Hello Work၏ကောင်တာတွင် ကြည့်ရှုနိုင်ပါသည်။

တစ်ဖန် အင်တာနက်တွင်လည်း "ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးမှ သတ်မှတ်ထားသည့်ပညာရေးလေ့ကျင့်မှုသင်တန်းများရှာဖွေမှုစနစ်" ဖြင့် ကြည့်ရှုနိုင်ပါသည်။

（https://www.kyufu.mhlw.go.jp/kensaku/）

ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်ငွေထောက်ပံ့မှုအတွက်လျှောက်ထားခြင်းမပြုမီ

① သင်တန်းစတင်(လျှာထား)တက်ရောက်သည့်ရက်လက်ရှိတွင် သင်သည် ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်ငွေအတွက် ထောက်ပံ့မှုရရှိရန်အရည်အချင်း ပြည့်မီနေပါသလား

② တက်ရောက်ရန်ဆန္ဒရှိသည့် ပညာရေးလေ့ကျင့်မှုသင်တန်းသည် ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးမှ ရွေးချယ်သတ်မှတ်ထားခြင်းကို ရရှိထားပါသလား

တို့နှင့်ပတ်သက်၍ "ပညာရေးလေ့ကျင့်မှုအကျိုးခံစားခွင့်ငွေထောက်ပံ့မှုလိုအပ်ချက်များစုံစမ်းမေးမြန်းခြင်းကဒ်" ဖြင့် သင်၏နေရပ်လိပ်စာကို စီရင်ပိုင်ခွင့်ရှိ Hello Work တွင်စုံစမ်းမေးမြန်းနိုင်ပါသည်။ အသေးစိတ်ကို Hello Work၏တာဝန်ရှိသူထံ စုံစမ်းမေးမြန်းပါ။

# 36 အလုပ်ဆက်လက်လုပ်ကိုင်မှုအကျိုးခံစားခွင့်နှင့်ပတ်သက်၍

အလုပ်အာမခံ အကျိုးခံစားခွင့်များထဲတွင် အလုပ်လုပ်ကိုင်နေစဉ်တွင်ထောက်ပံ့ခြင်းခံရသည့် "**အလုပ်ဆက်လက်လုပ်ကိုင်မှုအကျိုးခံစားခွင့်**" ဆိုသည့်စနစ်ရှိပါသည်။

အားလုံးသည် အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်ပြီးသည့်နောက်တွင် ထောက်ပံ့ခြင်းအကျုံးဝင်နိုင်သည့် အခြေအနေရှိသည့်အတွက်ကြောင့် လွယ်လွယ်ကူကူ မိတ်ဆက် ပေးချင်ပါတယ်။

တစ်ဖန် အလုပ်ဆက်လက်လုပ်ကိုင်မှုအကျိုးခံစားခွင့်အတွက် ထောက်ပံ့မှုလျှောက်ထားခြင်းစသည့်လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်ခဲ့သည့်နေရာရှိ အလုပ်ရှင်မှတစ်ဆင့် ပြုလုပ်ရပါမည်။

ဤ "အလုပ်ဆက်လက်လုပ်ကိုင်မှုအကျိုးခံစားခွင့်" တွင် "**သက်ကြီးရွယ်အိုအလုပ်ဆက်လက်လုပ်ကိုင်မှုအကျိုးခံစားခွင့်**" ၊ "**ကလေးပြုစုစောင့်ရှောက်မှုအတွက်အလုပ်နားမှုအကျိုးခံစားခွင့်**" နှင့် "**နာမကျန်းပြုစုစောင့်ရှောက်မှုအတွက်အလုပ်နားမှုအကျိုးခံစားခွင့်**" ဟူ၍ ရှိပါသည်။

## သက်ကြီးရွယ်အိုအလုပ်ဆက်လက်လုပ်ကိုင်မှုအကျိုးခံစားခွင့်နှင့်ပတ်သက်၍

သက်ကြီးရွယ်အိုအလုပ်ဆက်လက်လုပ်ကိုင်မှုအကျိုးခံစားခွင့်သည် 65 နှစ်အထိ အလုပ်ဆက်လက်လုပ်ကိုင်မှုကို ထောက်ပံ့ရန်အတွက် သတ်မှတ်ထားသည့် လိုအပ်ချက်များကိုပြည့်မီသည့် 60 နှစ်နှင့်အထက် 65 နှစ်မပြည့်သည့် (သင်္ဘောသားများနှင့်ပတ်သက်ပြီး မွေးသက္ကရာဇ်အပေါ်မူတည်၍ 55 နှစ်နှင့်အထက် 60 နှစ်မပြည့်သည့် အခြေအနေများရှိပါသည်။ အသေးစိတ်ကို တာဝန်ရှိသူထံသို့ စုံစမ်းမေးမြန်းပါ။) အလုပ်အာမခံတွင် အာမခံထားရှိသည့်ပုဂ္ဂိုလ် (အလုပ်လုပ်နေဆဲပုဂ္ဂိုလ်) ကို ထောက်ပံ့ပါသည်။

သက်ကြီးရွယ်အိုအလုပ်ဆက်လက်လုပ်ကိုင်မှုအကျိုးခံစားခွင့်တွင် **သက်ကြီးရွယ်အိုအလုပ်ဆက်လက်လုပ်ကိုင်မှုအခြေခံအကျိုးခံစားခွင့်ငွေ** နှင့် **သက်ကြီးရွယ်အိုများအလုပ်သစ်သို့ပြန်လည်ဝင်ရောက်ခြင်းအကျိုးခံစားခွင့်ငွေ** ဟူ၍ အမျိုးအစား 2မျိုးရှိပါသည်။

### 1 သက်ကြီးရွယ်အိုအလုပ်ဆက်လက်လုပ်ကိုင်မှုအခြေခံအကျိုးခံစားခွင့်ငွေ

အလုပ်အာမခံမှ အခြေခံခံစားခွင့်စသည့် (အလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းခံစားခွင့်စသည့်အခြေခံခံစားခွင့်ကို ထောက်ပံ့ခဲ့သည်ဟုမှတ်ယူထားသော အကျိုးခံစားခွင့်ပါဝင်သည်။) ထောက်ပံ့မှုကို ရရှိနေခြင်းမဟုတ်သည့်ပုဂ္ဂိုလ်သည် ထောက်ပံ့ခြင်းနှင့်အကျုံးဝင်သည့် အကျိုးခံစားခွင့်ငွေဖြစ်သည်။

**ထောက်ပံ့မှုရရန်လိုအပ်ချက်များ**

- ☐ အသက် 60 နှစ်နှင့်အထက် 65 နှစ်မပြည့်သည့် အာမခံထားရှိသူဖြစ်ခြင်း
- ☐ အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလကို တွက်ချက်လိုက်ပါက 5 နှစ်နှင့်အထက်ရှိခြင်း

※ ဤ "အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလ" တွက်ချက်မှုတွင် အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလ၌ လစ်လပ်မှုရှိခဲ့ပြီး ထိုလစ်လပ်ကာလသည် 1 နှစ်အတွင်းဖြစ်ပါက လစ်လပ်ကာလ၏ရှေ့နောက်ရှိ အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလကို ပေါင်းတွက်ချက်မည်။

သို့သော် အခြေခံခံစားခွင့်စသည် သို့မဟုတ် အထူးပေးချေသောတစ်လုံးတစ်ခဲတည်းငွေတို့ကိုရရှိခဲ့ပါက ထိုနောက်ပိုင်း၏ကာလမှလွဲ၍ ပေါင်းတွက်ပေးမည်မဟုတ်ပါ။

- ☐ 60 နှစ်နောက်ပိုင်း၏လတိုင်းတွင် ပေးချေခံရသည့်လစာပမာဏသည် 60 နှစ်ရောက်သည့်အချိန်ရှိ လုပ်ခလစာ၏ 75%မပြည့်ဘဲ အောက်ကို ရောက်သွားခြင်း
- ☐ 60 နှစ်နောက်ပိုင်း၏လတိုင်းတွင် ပေးချေခံရသည့်လစာပမာဏသည် ထောက်ပံ့မှုကန့်သတ်ချက်ပမာဏ (365,114 ယန်း နှစ်စဉ် 8 လ 1 ရက်တွင် ပြောင်းလဲသည့်အ ခါမျိုးရှိပါသည်။) မပြည့်ခြင်း
- ☐ ပြက္ခဒိန်လတိုင်း၏ ပထမဆုံးရက်မှ နောက်ဆုံးရက်အထိ အာမခံထားရှိသူအဖြစ် ဆက်လက်ပြီး အလုပ်ခန့်အပ်ခြင်းခံထားရခြင်း
- ☐ ပြက္ခဒိန်လတိုင်းတွင် ကလေးပြုစုစောင့်ရှောက်မှုအတွက်အလုပ်နားမှုအကျိုးခံစားခွင့် သို့မဟုတ် နာမကျန်းပြုစုစောင့်ရှောက်မှုအတွက်အလုပ်နားမှုအကျိုး ခံစားခွင့်အတွက် ထောက်ပံ့ခြင်းကိုမရရှိနိုင်ခြင်း

**ထောက်ပံ့ခံရမည့်ပမာဏ**

လစဉ်တွင် ပေးချေခြင်းခံရသည့်လစာ၏ "ကျဆင်းမှုနှုန်း" (%) (လစဉ်ပေးချေခြင်းခံရသည့်လစာပမာဏ ÷ 60နှစ်ရောက်သည့်အချိန်၏လစာပမာဏ × 100) နှင့်လိုက်၍ အောက်ပါတွက်ချက်နည်းအရ တွက်ချက်ပါသည် (သို့သော် ထောက်ပံ့မှုကန့်သတ်ချက်ပမာဏစသည်ပေါ်မူတည်၍ ထောက်ပံ့မှုပမာဏသည် လျှော့ချခံရခြင်းများ ထောက်ပံ့မှုမခံရခြင်းများ ရှိတတ်ပါသည်။) ။

- ☐ ကျဆင်းမှုနှုန်းသည် 61%နှင့်အောက်ရှိပါက
  ထောက်ပံ့မှုပမာဏ = လစဉ်ပေးချေခြင်းခံရသည့်လစာ × 15%
- ☐ ကျဆင်းမှုနှုန်းသည် 61%ကိုကျော်လွန်၍ 75%မပြည့်ပါက
  ထောက်ပံ့မှုပမာဏ = လစဉ်ပေးချေခြင်းခံရသည့်လစာ × 15% ~ 0% (ကျဆင်းမှုနှုန်းနှင့်လိုက်၍ သတ်မှတ်ထားသည့်နှုန်းထားဖြင့် တဖြည်းဖြည်းလျော့နည်းသွားပါမည်။)
- ☐ ကျဆင်းမှုနှုန်းသည် 75%နှင့်အထက်ရှိပါက
  ထောက်ပံ့ခြင်းမခံရပါ။

※ ထောက်ပံ့မှုရရှိနိုင်သည့်ကာလသည် 65နှစ်ပြည့်သည့်လအထိသာဖြစ်သည်။

## 2 သက်ကြီးရွယ်အိုအလုပ်သစ်ပြန်လည်ဝင်ရောက်ခြင်းအကျိုးခံစားခွင့်

ထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီမှုကိုအခြေခံသည့် အခြေခံခံစားခွင့်ထောက်ပံ့မှုကိုရရှိပြီးသည့်နောက် 60 နှစ်ပြည့်သည့်အချိန်နောက်ပိုင်းတွင် 1 နှစ်ကျော်ဆက်လက်၍ အလုပ်ခန့်အပ်ခြင်းခံရသည်မှာ အမှန်ဖြစ်ကြောင်း ထောက်ခံချက်ပေးခြင်းခံရသည့်အလုပ်တွင်ဝင်ရောက်ထားခြင်းဖြင့် အာမခံထားရှိသူအဖြစ်အလုပ်ခံအပ်ခြင်းခံထားရသည့် ပုဂ္ဂိုလ်များအတွက် အကျိုးခံစားခွင့်ငွေဖြစ်ပါသည်။ အခြေခံခံစားခွင့် ထောက်ပံ့မှုရရှိနိုင်သည့်ကာလအတွင်းတွင် အလုပ်ဝင်ရောက်ပြီး အလုပ်ဝင်သည့်ရက်မတိုင်မီ ရှေ့တစ်ရက် တွင် အခြေခံခံစားခွင့်အတွက် ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်သည် ရက် 100 နှင့်အထက်ရှိပါက အကျုံးဝင်ပါသည်။

### ထောက်ပံ့မှုလိုအပ်ချက်များ

- □ အသက် 60 နှစ်နှင့်အထက် 65 နှစ်မပြည့်သည့် အာမခံထားရှိသူဖြစ်ခြင်း
- □ အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလကို တွက်ချက်လိုက်ပါက 5 နှစ်နှင့်အထက်ရှိခြင်း

  ※ ဤ "အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလ" တွက်ချက်မှုတွင် အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလ၌ လစ်လပ်မှုရှိခဲ့ပြီး ထိုလစ်လပ်ကာလသည် 1 နှစ်အတွင်းဖြစ်ပါက လစ်လပ်ကာလ၏ရှေ့နောက်ရှိ အာမခံထားရှိသူဖြစ်ခဲ့သည့်ကာလကို ပေါင်းတွက်ချက်မည်။

  သို့သော် အခြေခံခံစားခွင့်စသည် သို့မဟုတ် အထူးပေးချေသောတစ်လုံးတစ်ခဲတည်းငွေတို့ကိုရရှိခဲ့ပါက ထိုနောက်ပိုင်း၏ကာလမှလွဲ၍ ပေါင်းတွက်ပေးမည် မဟုတ်ပါ။
- □ အလုပ်ဝင်သည့်ရက်မတိုင်မီရှေ့တစ်ရက်တွင် အခြေခံခံစားခွင့်အတွက် ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်သည် ရက် 100 နှင့်အထက်ရှိခြင်း
- □ အလုပ်အသစ်သို့ဝင်ရောက်ပြီးနောက် လစဉ်လစာပမာဏသည် အခြေခံခံစားခွင့်တွက်ချက်မှုအခြေခံဖြစ်သည့်လစာတစ်ရက်ပမာဏမှ ရက် 30 စာပမာဏ၏ 75% မပြည့်ဘဲ အောက်ကိုရောက်သွားခြင်း
- □ အလုပ်အသစ်သို့ဝင်ရောက်ပြီးနောက် လစဉ်ပေးချေခံရသည့်လစာပမာဏသည် ထောက်ပံ့မှုကန့်သတ်ချက်ပမာဏ (365,114 ယန်း နှစ်စဉ် 8 လ 1 ရက်တွင် ပြောင်းလဲသည့်အခါမျိုးရှိပါသည်။) မပြည့်ခြင်း
- □ ပြက္ခဒိန်လတိုင်း၏ ပထမဆုံးရက်မှ နောက်ဆုံးရက်အထိ အာမခံထားရှိသူအဖြစ် ဆက်လက်ပြီး အလုပ်ခန့်အပ်ခြင်းခံထားရခြင်း
- □ ပြက္ခဒိန်လတိုင်းတွင် ကလေးပြုစုစောင့်ရှောက်မှုအတွက်အလုပ်နားမှုအကျိုးခံစားခွင့် သို့မဟုတ် နာမကျန်းပြုစုစောင့်ရှောက်မှုအတွက်အလုပ်နားမှုအကျိုးခံစားခွင့်အတွက် ထောက်ပံ့ခြင်းကိုမရရှိနိုင်ခြင်း

### ထောက်ပံ့ခံရမည့်ပမာဏ

အခြေခံအယူအဆသည် သက်ကြီးရွယ်အိုအလုပ်ဆက်လက်လုပ်ကိုင်မှုအခြေခံအကျိုးခံစားခွင့်ငွေနှင့် အတူတူပင်ဖြစ်သည်။ သို့သော် "ကျဆင်းမှုနှုန်း" သည် 60 နှစ်ရောက်သည့်အချိန်ရှိ လစာမဟုတ်ဘဲ အခြေခံခံစားခွင့်ကို စံနှုန်းထားသည့်လစာနှင့်နှိုင်းယှဉ်လျှင် အလုပ်အသစ်သို့ပြန်လည်ဝင်ရောက်ပြီးနောက်ရှိလစာသည် နိမ့်ကျနေခြင်းရှိမရှိကို တွက်ချက်သည်။ တစ်ဖန် ထောက်ပံ့မှုရရှိနိုင်သည့်ကာလသည် အခြေခံခံစားခွင့်အတွက်ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်ပေါ်မူတည်၍ အောက်ပါအတိုင်းဖြစ်ပါသည်။

- □ အလုပ်ဝင်သည့်ရက်၏ရှေ့တစ်ရက်တွင် အခြေခံခံစားခွင့်အတွက်ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်သည် ရက် 200 နှင့်အထက်ဖြစ်ပါက : အလုပ်အသစ်သို့ဝင်ရောက်ပြီးနောက် 2 နှစ်ကြာ
- □ အလုပ်ဝင်သည့်ရက်၏ရှေ့တစ်ရက်တွင် အခြေခံခံစားခွင့်အတွက်ထောက်ပံ့မှုကျန်ရှိသည့်ရက်အရေအတွက်သည် ရက် 100 နှင့်အထက်ဖြစ်ပါက : အလုပ်အသစ်သို့ဝင်ရောက်ပြီးနောက် 1 နှစ်ကြာ

  ※ ထိုကာလအတွင်းတွင် 65 နှစ်ပြည့်ခဲ့ပါက 65 နှစ်ပြည့်ခဲ့သည့်လအထိသာဖြစ်ပါသည်။

**※ သက်ကြီးရွယ်အိုအလုပ်သစ်သို့ပြန်လည်ဝင်ရောက်ခြင်းအကျိုးခံစားခွင့်ငွေနှင့် အလုပ်သစ်ပြန်ရောက်ခြင်းခံစားခွင့်သည် ပေါင်း၍ထောက်ပံ့ခြင်းမရရှိနိုင်ပါ။**

※ အလုပ်ဆက်လက်လုပ်ကိုင်မှုအကျိုးခံစားခွင့်၏အမှန်တကယ် အကျိုးခံစားခွင့်ပမာဏသည် "သတ်မှတ်ထားသည့်လုပ်ခပမာဏ" နှင့် "ထောက်ပံ့မှုကန့်သတ်ချက်ပမာဏ" ၏ပတ်သက်မှုဖြင့် လျှော့ကျသွားခြင်းများ ထောက်ပံ့မှုမခံရခြင်းများ ရှိတတ်ပါသည်။ အသေးစိတ်ကို Hello Work ၏တာဝန်ရှိသူထံသို့ စုံစမ်းမေးမြန်းပါ။

## ကလေးပြုစုစောင့်ရှောက်မှုအတွက်အလုပ်နားမှုအကျိုးခံစားခွင့်နှင့်ပတ်သက်၍

အလုပ်အာမခံအတွက် အာမခံထားရှိသူ (※) (ကျားမ မရွေးပါ။) သည် ကလေးပြုစုစောင့်ရှောက်မှုအတွက်အလုပ်နားခွင့်အားရရှိထားခဲ့သည့်အခါ သတ်မှတ်ထားသည့်လိုအပ်ချက်များနှင့်ပြည့်စုံပါက "ကလေးပြုစုစောင့်ရှောက်မှုအတွက်အလုပ်နားမှုအကျိုးခံစားခွင့်" ကို ထောက်ပံ့ခြင်းခံရပါမည်။ အသေးစိတ်ကို Hello Work၏ တာဝန်ရှိသူထံသို့ စုံစမ်းမေးမြန်းပါ။

※ အာမခံထားရှိသူဆိုသည်မှာ သာမန်အာမခံထားရှိသူနှင့် သက်ကြီးရွယ်အိုအာမခံထားရှိသူကို ဆိုလိုပါသည်။

## နာမကျန်းပြုစုစောင့်ရှောက်မှုအတွက်အလုပ်နားမှုအကျိုးခံစားခွင့်နှင့်ပတ်သက်၍

အလုပ်အာမခံအတွက် အာမခံထားရှိသူ (※) သည် ၎င်း၏မိသားစုကို ပြုစုစောင့်ရှောက်ရန်အတွက် နာမကျန်းပြုစုစောင့်ရှောက်မှုအတွက်အလုပ်နားခွင့်ကိုရရှိထားခဲ့သည့်အခါ သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့်ပြည့်စုံပါက "နာမကျန်းပြုစုစောင့်ရှောက်မှုအတွက်အလုပ်နားမှုအကျိုးခံစားခွင့်ငွေ" ကို ထောက်ပံ့ခြင်းခံရပါမည်။ အသေးစိတ်ကို Hello Work၏ တာဝန်ရှိသူထံသို့ စုံစမ်းမေးမြန်းပါ။

※ အာမခံထားရှိသူဆိုသည်မှာ သာမန်အာမခံထားရှိသူနှင့် သက်ကြီးရွယ်အိုအာမခံထားရှိသူကို ဆိုလိုပါသည်။

## 37 အလုပ်အာမခံနှင့် သက်ကြီးလူမှုဖူလုံရေးပင်စင်စသည်တို့၏ ပေါင်းစပ်ထောက်ပံ့ခြင်းညှိနှိုင်းမှုနှင့်ပတ်သက်၍

အလုပ်ရှာဖွေသူအကျိုးခံစားခွင့် (အခြေခံခံစားခွင့်) နှင့် သက်ကြီးလူမှုဖူလုံရေးပင်စင်ငွေ၊ အငြိမ်းစားအပြန်အလှန်ကူညီရေးပင်စင်ငွေတို့၏ ပေါင်းစပ်ထောက်ပံ့ခြင်းညှိနှိုင်းမှုကို ပြုလုပ်ပေးသည်။ ထောက်ပံ့မှုရရှိရန်ရပိုင်ခွင့် ဖြစ်ပေါ်လာသည့် သက်ကြီးလူမှုဖူလုံရေးပင်စင်ငွေစသည်တို့အတွက် ထောက်ပံ့မှုရရှိရန်ရပိုင်ခွင့်ရှိသူသည် အလုပ် ရှာဖွေသူအကျိုးခံစားခွင့် (အခြေခံခံစားခွင့်)၏ ထောက်ပံ့မှုရရှိနေစဉ်တွင် သက်ကြီးလူမှုဖူလုံရေးပင်စင်ငွေ၊ အငြိမ်းစားအပြန်အလှန်ကူညီရေးပင်စင်ငွေ၏ထောက်ပံ့မှုကို ရပ်တန့်ထားမည်။

ဤသည်မှာ အလုပ်ရှာဖွေသူအကျိုးခံစားခွင့်ထောက်ပံ့မှုအကြောင်းအရာကို ပြောင်းလဲခြင်းမဟုတ်ဘဲ ပင်စင်ထောက်ပံ့မှုကို ရပ်တန့်လိုက်ခြင်းဖြစ်ပါသည်။ တစ်ဖန် အလုပ်ရှာဖွေသူအကျိုးခံစားခွင့်အပြင် သက်ကြီးရွယ်အိုအလုပ်ဆက်လက်လုပ်ကိုင်မှုအကျိုးခံစားခွင့်သည်လည်း ပေါင်းစပ်ထောက်ပံ့ခြင်းညှိနှိုင်းမှုနှင့် အကျုံးဝင်ပါမည်။

ပေါင်းစပ်ထောက်ပံ့ခြင်းညှိနှိုင်းမှုနှင့်ပတ်သက်သည့်အသေးစိတ်ကို သင်လုပ်ထုံးလုပ်နည်းများပြုလုပ်နေသည့် သို့မဟုတ် လုပ်ထုံးလုပ်နည်းပြုလုပ်ရန်အစီအစဉ်ရှိသည့် ပင်စင်ရုံးတွင် စုံစမ်းမေးမြန်းပါ။

## 38 အမျိုးသားကျန်းမာရေးအာမခံကြေး(အခွန်) လျှော့ချခြင်းနှင့်ပတ်သက်၍

ဒေဝါလီခံရခြင်း နှင့် အလုပ်မှထုတ်ပယ်ခြင်းစသည်တို့ကြောင့် အလုပ်ထွက်ခြင်း (အထူးထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူ) နှင့် အလုပ်ခန့်အပ်မှုရပ်တန့်ခြင်းစသည်တို့ကြောင့် အလုပ်ထွက် (အထူးအကြောင်းပြချက်ဖြင့်အလုပ်ထွက်သူ) ခဲ့သည့်ပုဂ္ဂိုလ်၏ အမျိုးသားကျန်းမာရေးအာမခံကြေး (အခွန်) ကိုလျှော့ချပေးပါမည်။

**အကျုံးဝင်သူ**

အလုပ်ထွက်သည့်ရက်၏နောက်တစ်ရက်မှစ၍ နောက်တစ်နှစ်ဘဏ္ဍာရေးနှစ်အဆုံးထိကာလတွင်
1 အလုပ်အာမခံမှအထူးထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူ (ဥပမာ : ဒေဝါလီခံရခြင်း၊ အလုပ်မှထုတ်ပယ်ခြင်းစသည်တို့ကြောင့် အလုပ်ထွက်ခြင်း)
2 အလုပ်အာမခံမှအထူးအကြောင်းပြချက်အရည်အချင်းပြည့်မီသူ (ဥပမာ : အလုပ်ခန့်အပ်မှုရပ်တန့်ခြင်းစသည်တို့ကြောင့်အလုပ်ထွက်ခြင်း)
အဖြစ်အလုပ်ရှာဖွေသူအကျိုးခံစားခွင့် (အခြေခံခံစားခွင့်စသည်) ကို ရရှိမည့်ပုဂ္ဂိုလ်ဖြစ်သည်။
※အလုပ်အာမခံထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူလက်မှတ်ရှိ အလုပ်ထွက်ရခြင်းအကြောင်းပြချက်သည် 11,12,21,22,31,32,23,33,34 နှင့်ကိုက်ညီသည့်ပုဂ္ဂိုလ်
※သက်ကြီးရွယ်အိုထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူနှင့် အထူးထောက်ပံ့မှုရရှိရန်အရည်အချင်းပြည့်မီသူစသည့်ပုဂ္ဂိုလ်များသည် အကျုံးမဝင်ပါ။

**လျှော့ချသည့်ပမာဏ**

အမျိုးသားကျန်းမာရေးအာမခံကြေး (အခွန်) သည် ယခင်နှစ်၏ဝင်ငွေစသည်တို့အပေါ်မူတည်၍ တွက်ချက်သည်။
လျှော့ချခြင်းသည် ယခင်နှစ်၏လစာဝင်ငွေကို ၎င်း၏ 30/100 ဟုသတ်မှတ်၍ ပြုလုပ်ပါသည်။
※ အသေးစိတ်လျှော့ချသည့်ပမာဏစသည်ကို မြို့နယ်စည်ပင်သာယာတွင် စုံစမ်းမေးမြန်းပါ။

**လျှော့ချသည့်ကာလ**

အလုပ်ထွက်သည့်ရက်၏နောက်တစ်ရက်မှစ၍ နောက်တစ်နှစ်ဘဏ္ဍာရေးနှစ်အဆုံးထိကာလဖြစ်သည်။
※ အလုပ်အာမခံမှ အလုပ်ရှာဖွေသူအကျိုးခံစားခွင့် (အခြေခံခံစားခွင့်) ကိုရရှိနိုင်သည့်ကာလ နှင့်ကွာခြားပါသည်။
※ အစီရင်ခံခြင်း နောက်ကျသော်လည်း လျှော့ချခြင်းကို ပြန်လည်ရရှိနိုင်ပါသည်။
※ အမျိုးသားကျန်းမာရေးအာမခံတွင် ဝင်ရောက်ထားစဉ် အတောအတွင်း အလုပ်ဝင်သွားသော်လည်း လျှော့ချသည့်ကာလနှင့်ဆက်လက်၍ အကျုံးဝင်နေပါမည်။ သို့သော် ကုမ္ပဏီ၏ ကျန်းမာရေးအာမခံတွင် ဝင်ရောက်ခြင်းစသည်တို့ကြောင့် အမျိုးသားကျန်းမာရေးအာမခံမှ နှုတ်ထွက်လိုက်ပါက လျှော့ချသည့်ကာလအဆုံးသတ်မည်ဖြစ်ပါသည်။

လျှော့ချခြင်းကိုရရှိရန်အတွက် အစီရင်ခံရန် လိုအပ်ပါသည်။ စနစ်၏အသေးစိတ်ရှင်းလင်းချက်ကို နေထိုင်သည့်မြို့နယ်စည်ပင်သာယာမှ အမျိုးသားကျန်းမာရေးအာမခံတာဝန်ရှိသူထံသို့ စုံစမ်းမေးမြန်းပါ။

## အဓိကလုပ်ထုံးလုပ်နည်းစာရင်း

| လုပ်ထုံးလုပ်နည်းများလုပ်ဆောင်ရန် လိုအပ်လာသည့်အခါ | လုပ်ထုံးလုပ်နည်းများ လုပ်ဆောင်ရမည့်၏ကာလ | လိုအပ်သည့်စာရွက်စာတမ်းများ | ပူးတွဲ စာရွက်စာတမ်းနှင့် လက်မှတ်များ | သက်ဆိုင်သည့် စာမျက်နှာ |
|---|---|---|---|---|
| နာမကျန်းမှု၊ ဒဏ်ရာရမှု၊ကိုယ်ဝန်ဆောင်မှု၊ ကလေးမွေးဖွားမှု၊ ကလေးပြုစုစောင့်ရှောက်မှု၊ ဆွေမျိုးသားချင်းများအားပြုစုစောင့်ရှောက်မှုစသည်များကြောင့်ထောက်ပံ့မှုလက်ခံရန်ကာလအားတိုးမြှင့်မည်ဆိုသည့်အခါ | အလုပ်ဝင်၍မရတော့သော အချိန်ကာလသည်ရက်30ပြည့်ပြီးနောက်တစ်ရက်နောက်ပိုင်း စောလျင်စွာပြုလုပ်ရမည်မှာ ယေဘုယျစည်းမျဉ်းဖြစ်သော်လည်း တိုးမြှင့်ပြီးနောက်ထောက်ပံ့မှုလက်ခံရန်ကာလ၏နောက်ဆုံးနေ့မတိုင်မီအကြားဖြစ်ပါက ရနိုင်ပါသည်။ | ထောက်ပံ့မှုလက်ခံရန် ကာလတိုးမြှင့်ခြင်းလျှောက်လွှာ၊ ထောက်ပံ့မှုလက်ခံရန်အရည်အချင်းပြည့်မီသူလက်မှတ် | မိခင်နှင့်ကလေး လက်စွဲစာအုပ်၊ ဆေးစစ်ချက် လက်မှတ်စသည် | စာမျက်နှာ 17 |
| အလုပ်ဝင်ရန် သို့မဟုတ် စီးပွားရေးလုပ်ငန်းစတင်ရန် ဆုံးဖြတ်လိုက်သည့်အခါ | ယေဘုယျစည်းမျဉ်းအနေဖြင့် အလုပ်ဝင်သည့်နေ့မတိုင်မီရက် | အလုပ်ခန့်အပ်မှု(အလုပ်ခန့်အပ်မှုရက်စွဲ)လက်မှတ်၊ ထောက်ပံ့မှုလက်ခံရန်အရည်အချင်းပြည့်မီသူလက်မှတ် | အလုပ်ဝင်မည့် နေရာမှ လုပ်ငန်းပိုင်ရှင် | စာမျက်နှာ 20 |
| စောလျင်စွာ အလုပ်ပြန်လည်ဝင်ရောက်လိုက်သည့်အခါ | အလုပ်ဝင်သည့်နေ့၏ နောက်တစ်ရက်မှစ၍ 1လ အတွင်း | အလုပ်ပြန်လည်ဝင်ရောက်သည့် ခံစားခွင့်ထောက်ပံ့ကြေး လျှောက်လွှာ၊ ထောက်ပံ့မှုလက်ခံရန် အရည်အချင်းပြည့်မီသူလက်မှတ် | အလုပ်ဝင်မည့် နေရာမှ လုပ်ငန်းပိုင်ရှင် | စာမျက်နှာ 20 |
| မသန်စွမ်းသူစသည့်ပုဂ္ဂိုလ်များသည် Hello Work ၏မိတ်ဆက်ပေးမှုဖြင့် အလုပ်ဝင်ရောက်သွားသည့်အခါ | အလုပ်ဝင်သည့်နေ့၏ နောက်တစ်ရက်မှစ၍ 1လ အတွင်း | နှစ်ရှည်အလုပ်ဝင်ရောက်မှုအတွက် ကြိုတင်စီမံထားသည့် ထောက်ပံ့ကြေးလျှောက်လွှာ၊ ထောက်ပံ့မှုလက်ခံရန်အရည်အချင်းပြည့်မီသူလက်မှတ် | အလုပ်ဝင်မည့် နေရာမှ လုပ်ငန်းပိုင်ရှင် | စာမျက်နှာ 25 |
| အမည်နှင့်နေရပ်လိပ်စာစသည်များအားပြောင်းလိုက်သည့်အခါ | နောက်တစ်ကြိမ် အသိအမှတ်ပြုရက် မတိုင်မီ (အခြား Hello Work စသည်တို့၏ အခွင့်အာဏာရဒေသသို့ ရွှေ့ပြောင်းသည့်အခါ ကြိုတင်၍) | ထောက်ပံ့မှုလက်ခံရန်အရည်အချင်းပြည့်မီသူအမည်၊ နေရပ်လိပ်စာပြောင်းလဲမှု အကြောင်းကြားစာ၊ ထောက်ပံ့မှုလက်ခံရန် အရည်အချင်းပြည့်မီသူလက်မှတ် | နေထိုင်ခွင့်ကဒ် စသည် | စာမျက်နှာ 30 |
| နာမကျန်းမှု၊ ဒဏ်ရာရမှုများကြောင့် 15ရက်ထက်ပို၍ အလုပ်မလုပ်နိုင်သည့်အခါ | ပျောက်ကင်းပြီးလျှင်ပြီးချင်း အသိအမှတ်ပြုရက်အထိ (နာတာရှည်ရောဂါအနာတရဖြစ်သည့်အခါ Hello Work စသည်တို့ဖြင့် ဆွေးနွေးတိုင်ပင်ပါ) | ထိခိုက်ဖျားနာမှုခံစားခွင့် ထောက်ပံ့ကြေးလျှောက်လွှာ၊ ထောက်ပံ့မှုလက်ခံရန် အရည်အချင်းပြည့်မီသူလက်မှတ် | ဆေးကုသမှု တာဝန်ခံ ဆရာဝန် | စာမျက်နှာ 30 |
| သေဆုံးသွားသည့်ထောက်ပံ့မှုလက်ခံမည့်သူအစား ကျန်ရစ်သူမိသားစုထဲမှ ပုဂ္ဂိုလ်သည် အလုပ်လက်မဲ့စသည့် ထောက်ပံ့မှုအား လက်ခံရန်ပြုလုပ်သည့်အခါ | သေဆုံးသွားသည့်ရက်၏နောက်တစ်ရက်မှစ၍ 6 လအတွင်း | မရရှိသေးသည့်အလုပ်လက်မဲ့စသည့် ထောက်ပံ့မှုရရှိရန်တောင်းဆိုလွှာ၊ ထောက်ပံ့မှုလက်ခံရန် အရည်အချင်းပြည့်မီသူလက်မှတ် | သေဆုံးမှုဆေးစစ်ချက်လက်မှတ်၊ အိမ်ထောင်စုတစ်ခုလုံး၏ နေထိုင်ခွင့်ကဒ်၊ အိမ်ထောင်စုစာရင်းတရားဝင်မိတ္တူ စသည် | စာမျက်နှာ 31 |

別紙2

# 面　接　証　明　書

住　所

---

氏　名

---

上記の者について、以下のとおり、当社の採用試験（面接）を行いました。

| | |
|---|---|
| 採用試験（面接）<br>実　施　日　時 | 年　　月　　日　　時　　分　から<br><br>年　　月　　日　　時　　分　まで |

上記のとおり相違ないことを証明します。

年　　月　　日

公共職業安定所長　殿

事業所

所在地

名　称

代表者名　　　　　　　　　　　　　　印

電話番号

# 採 用 証 明 書

別紙１

本人記入欄

| 支給番号 | ー　　ー | | |
|---|---|---|---|
| フリガナ<br>氏　名 | | 生年月日 | 年　月　日 |
| （〒　　　）<br>住所 | （電話　（　　）　） | | |

この採用証明書は、正しい雇用年月日を把握し、適正な給付を行うため、事業主の皆様に証明していただくものです。必ず出勤簿、タイムカード、労働者名簿等の関係書類を確認の上、証明してください。

万一、**雇用年月日を事実に相違して記載し、それが不正受給につながる場合は、雇用保険法第 10 条の４第２項により失業等給付を受けた者と連帯して返還及び納付していただく場合があります**。

事業主記入欄

| 雇用（予定）年月日<br>（試用期間を含む。） | 年　月　日 | 雇用の内定日 | 年　月　日 |
|---|---|---|---|
| 雇用（予定）年月日以前に臨時、アルバイト、日雇い等で働いた期間の有無（該当する箇所を〇で囲んでください。）。<br>**※裏面「「雇用年月日」についての注意事項」を必ずご参照ください**。 | ア　無し<br>イ　有り（具体的な就労期間を記入してください。）<br>年　月　日　～　年　月　日<br>（　　日間） | | |
| 職　　種 | | | |

今回採用された方の採用経路について、以下の項目の該当する箇所を〇で囲んでください。

ア　安定所の紹介（関連機関含む）　　ウ　求人広告、新聞折り込み等
イ　職業紹介事業者の紹介　　　　　　エ　知人、取引先等の紹介

上記のとおり相違ないことを証明します。

公共職業安定所長　殿

年　　月　　日

事業所 所在地
名　称
代表者名　　　　　　　　　　　印
電　話
適用事業所番号　　　ー　　　　ー

ハローワークでは、各種技能を持たれた方々が多数仕事を探されています。

1　今後の採用予定
□　ある　　□　ない

| 職種 | 採用予定人数 | 採用の時期 |
|---|---|---|
| | | 月頃 |
| | | 月頃 |

2　現在、ハローワークに求人を出していただいていますか？
□　出している □　出していない

# 「雇用年月日」についての注意事項


① まず、社員や従業員として、いつから在籍されているかを確認してください。「雇用年月日」は、本人との間で取り決めをされた

「在籍となる初日」のことをいいます。

通常は、「最初に出勤される予定の日」や「実際に出勤された日」となりますが、「在籍となる初日」と最初に出勤される日が異なる場合があるので、ご注意ください。


（例１）雇用年月日が休祝日に当たる場合

●日は会社休業日




※ １月１日が雇用年月日


（例２）出勤すべき初日に欠勤された場合




※ １月 23 日が雇用年月日

② 「在籍となる初日」には、正社員や本採用に限らず、臨時やパート、見習い、試用、研修等で在籍している期間も含みます。

（例３）正社員に切替前に、臨時・パート・試用期間・アルバイト等がある場合




※ ６月 20 日が雇用年月日

# 傷 病 証 明 書

支 給 番 号　□□－□□□□□□－□

住 所

氏 名

生年月日　年　月　日 生

| | | |
|---|---|---|
| 傷病等の状態及びその程度 | | |
| 傷病等のため職業に就くことができなかったと認められる期間 | 年　月　日 から<br>年　月　日 まで | 日間 |

上記のとおり証明します。

年　月　日

公共職業安定所長　殿

所在地

医師又は

診療担当者名　印

別紙4

# 離　職　状　況　証　明　書
## （雇用保険未加入者用）

| | | | | |
|---|---|---|---|---|
| 申請者が記入 | フリガナ | | 生年月日 | 昭和<br>年　月　日<br>平成 |
| | 氏　名 | | | |
| | 住　所 | 〒　　ー<br>TEL（　　）　ー | | |

| | | | | |
|---|---|---|---|---|
| 事業主が記入してください。 | 雇用年月日 | 令和　年　月　日 | 離職年月日 | 令和　年　月　日 |
| | 離職理由　・・・・・・・　該当するものを○で囲み、具体的な事情を記載してください。 | | | |
| | イ　解雇　ロ　倒産による退職　ハ　契約期間満了<br>ニ　事業主の勧奨による退職　ホ　定年（　歳）<br>ヘ　定年（　歳）後の勤務延長又は再雇用の終了（　歳）<br>ト　その他 | | 具体的な事情 | |
| | 上記のとおり相違ないことを証明します。<br>令和　年　月　日<br>公共職業安定所長　殿<br>事業所の所在地及び名称<br>事業主氏名　㊞ | | | |

※　事業主の方へお願い

1　この証明は、貴事業所で雇入れた方のうち、雇用保険被保険者として資格取得をされなかった方についてご記入ください。

2　雇入年月日・離職年月日については、試用期間・研修期間等があった場合には、その期間を含めてご記入ください。

3　雇用保険に加入いただいている場合は、離職票Ⅰ・Ⅱをご使用ください。

| |
|---|
| 【安定所記載欄】 |

# 令和２年（２０２０年）

| 月 | 曜日型／週型 | 日 | 月 | 火 | 水 | 木 | 金 | 土 |
|---|---|---|---|---|---|---|---|---|
| 1 | 4 | | | | 1 | 2 | 3 | 4 |
| | 1 | 5 | 6 | 7 | 8 | 9 | 10 | 11 |
| | 2 | 12 | 13 | 14 | 15 | 16 | 17 | 18 |
| | 3 | 19 | 20 | 21 | 22 | 23 | 24 | 25 |
| | 4 | 26 | 27 | 28 | 29 | 30 | 31 | |
| 2 | 4 | | | | | | | 1 |
| | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 |
| | 2 | 9 | 10 | 11 | 12 | 13 | 14 | 15 |
| | 3 | 16 | 17 | 18 | 19 | 20 | 21 | 22 |
| | 4 | 23 | 24 | 25 | 26 | 27 | 28 | 29 |
| 3 | 1 | 1 | 2 | 3 | 4 | 5 | 6 | 7 |
| | 2 | 8 | 9 | 10 | 11 | 12 | 13 | 14 |
| | 3 | 15 | 16 | 17 | 18 | 19 | 20 | 21 |
| | 4 | 22 | 23 | 24 | 25 | 26 | 27 | 28 |
| | 1 | 29 | 30 | 31 | | | | |
| 4 | 1 | | | | 1 | 2 | 3 | 4 |
| | 2 | 5 | 6 | 7 | 8 | 9 | 10 | 11 |
| | 3 | 12 | 13 | 14 | 15 | 16 | 17 | 18 |
| | 4 | 19 | 20 | 21 | 22 | 23 | 24 | 25 |
| | 1 | 26 | 27 | 28 | 29 | 30 | | |
| 5 | 1 | | | | | | 1 | 2 |
| | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 |
| | 3 | 10 | 11 | 12 | 13 | 14 | 15 | 16 |
| | 4 | 17 | 18 | 19 | 20 | 21 | 22 | 23 |
| | 1 | 24 | 25 | 26 | 27 | 28 | 29 | 30 |
| | 2 | 31 | | | | | | |
| 6 | 2 | | 1 | 2 | 3 | 4 | 5 | 6 |
| | 3 | 7 | 8 | 9 | 10 | 11 | 12 | 13 |
| | 4 | 14 | 15 | 16 | 17 | 18 | 19 | 20 |
| | 1 | 21 | 22 | 23 | 24 | 25 | 26 | 27 |
| | 2 | 28 | 29 | 30 | | | | |
| 7 | 2 | | | | 1 | 2 | 3 | 4 |
| | 3 | 5 | 6 | 7 | 8 | 9 | 10 | 11 |
| | 4 | 12 | 13 | 14 | 15 | 16 | 17 | 18 |
| | 1 | 19 | 20 | 21 | 22 | 23 | 24 | 25 |
| | 2 | 26 | 27 | 28 | 29 | 30 | 31 | |
| 8 | 2 | | | | | | | 1 |
| | 3 | 2 | 3 | 4 | 5 | 6 | 7 | 8 |
| | 4 | 9 | 10 | 11 | 12 | 13 | 14 | 15 |
| | 1 | 16 | 17 | 18 | 19 | 20 | 21 | 22 |
| | 2 | 23 | 24 | 25 | 26 | 27 | 28 | 29 |
| | 3 | 30 | 31 | | | | | |
| 9 | 3 | | | 1 | 2 | 3 | 4 | 5 |
| | 4 | 6 | 7 | 8 | 9 | 10 | 11 | 12 |
| | 1 | 13 | 14 | 15 | 16 | 17 | 18 | 19 |
| | 2 | 20 | 21 | 22 | 23 | 24 | 25 | 26 |
| | 3 | 27 | 28 | 29 | 30 | | | |
| 10 | 3 | | | | | 1 | 2 | 3 |
| | 4 | 4 | 5 | 6 | 7 | 8 | 9 | 10 |
| | 1 | 11 | 12 | 13 | 14 | 15 | 16 | 17 |
| | 2 | 18 | 19 | 20 | 21 | 22 | 23 | 24 |
| | 3 | 25 | 26 | 27 | 28 | 29 | 30 | 31 |
| 11 | 4 | 1 | 2 | 3 | 4 | 5 | 6 | 7 |
| | 1 | 8 | 9 | 10 | 11 | 12 | 13 | 14 |
| | 2 | 15 | 16 | 17 | 18 | 19 | 20 | 21 |
| | 3 | 22 | 23 | 24 | 25 | 26 | 27 | 28 |
| | 4 | 29 | 30 | | | | | |
| 12 | 4 | | | 1 | 2 | 3 | 4 | 5 |
| | 1 | 6 | 7 | 8 | 9 | 10 | 11 | 12 |
| | 2 | 13 | 14 | 15 | 16 | 17 | 18 | 19 |
| | 3 | 20 | 21 | 22 | 23 | 24 | 25 | 26 |
| | 4 | 27 | 28 | 29 | 30 | 31 | | |

※ 春分の日、秋分の日は未定

# 令和３年（２０２１年）

| 月 | 曜日型／週型 | 日 | 月 | 火 | 水 | 木 | 金 | 土 |
|---|---|---|---|---|---|---|---|---|
| 1 | 4 | | | | | | 1 | 2 |
| | 1 | 3 | 4 | 5 | 6 | 7 | 8 | 9 |
| | 2 | 10 | 11 | 12 | 13 | 14 | 15 | 16 |
| | 3 | 17 | 18 | 19 | 20 | 21 | 22 | 23 |
| | 4 | 24 | 25 | 26 | 27 | 28 | 29 | 30 |
| | 1 | 31 | | | | | | |
| 2 | 1 | | 1 | 2 | 3 | 4 | 5 | 6 |
| | 2 | 7 | 8 | 9 | 10 | 11 | 12 | 13 |
| | 3 | 14 | 15 | 16 | 17 | 18 | 19 | 20 |
| | 4 | 21 | 22 | 23 | 24 | 25 | 26 | 27 |
| | 1 | 28 | | | | | | |
| 3 | 1 | | 1 | 2 | 3 | 4 | 5 | 6 |
| | 2 | 7 | 8 | 9 | 10 | 11 | 12 | 13 |
| | 3 | 14 | 15 | 16 | 17 | 18 | 19 | 20 |
| | 4 | 21 | 22 | 23 | 24 | 25 | 26 | 27 |
| | 1 | 28 | 29 | 30 | 31 | | | |
| 4 | 1 | | | | | 1 | 2 | 3 |
| | 2 | 4 | 5 | 6 | 7 | 8 | 9 | 10 |
| | 3 | 11 | 12 | 13 | 14 | 15 | 16 | 17 |
| | 4 | 18 | 19 | 20 | 21 | 22 | 23 | 24 |
| | 1 | 25 | 26 | 27 | 28 | 29 | 30 | |
| 5 | 1 | | | | | | | 1 |
| | 2 | 2 | 3 | 4 | 5 | 6 | 7 | 8 |
| | 3 | 9 | 10 | 11 | 12 | 13 | 14 | 15 |
| | 4 | 16 | 17 | 18 | 19 | 20 | 21 | 22 |
| | 1 | 23 | 24 | 25 | 26 | 27 | 28 | 29 |
| | 2 | 30 | 31 | | | | | |
| 6 | 2 | | | 1 | 2 | 3 | 4 | 5 |
| | 3 | 6 | 7 | 8 | 9 | 10 | 11 | 12 |
| | 4 | 13 | 14 | 15 | 16 | 17 | 18 | 19 |
| | 1 | 20 | 21 | 22 | 23 | 24 | 25 | 26 |
| | 2 | 27 | 28 | 29 | 30 | | | |
| 7 | 2 | | | | | 1 | 2 | 3 |
| | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 |
| | 4 | 11 | 12 | 13 | 14 | 15 | 16 | 17 |
| | 1 | 18 | 19 | 20 | 21 | 22 | 23 | 24 |
| | 2 | 25 | 26 | 27 | 28 | 29 | 30 | 31 |
| 8 | 3 | 1 | 2 | 3 | 4 | 5 | 6 | 7 |
| | 4 | 8 | 9 | 10 | 11 | 12 | 13 | 14 |
| | 1 | 15 | 16 | 17 | 18 | 19 | 20 | 21 |
| | 2 | 22 | 23 | 24 | 25 | 26 | 27 | 28 |
| | 3 | 29 | 30 | 31 | | | | |
| 9 | 3 | | | | 1 | 2 | 3 | 4 |
| | 4 | 5 | 6 | 7 | 8 | 9 | 10 | 11 |
| | 1 | 12 | 13 | 14 | 15 | 16 | 17 | 18 |
| | 2 | 19 | 20 | 21 | 22 | 23 | 24 | 25 |
| | 3 | 26 | 27 | 28 | 29 | 30 | | |
| 10 | 3 | | | | | | 1 | 2 |
| | 4 | 3 | 4 | 5 | 6 | 7 | 8 | 9 |
| | 1 | 10 | 11 | 12 | 13 | 14 | 15 | 16 |
| | 2 | 17 | 18 | 19 | 20 | 21 | 22 | 23 |
| | 3 | 24 | 25 | 26 | 27 | 28 | 29 | 30 |
| | 4 | 31 | | | | | | |
| 11 | 4 | | 1 | 2 | 3 | 4 | 5 | 6 |
| | 1 | 7 | 8 | 9 | 10 | 11 | 12 | 13 |
| | 2 | 14 | 15 | 16 | 17 | 18 | 19 | 20 |
| | 3 | 21 | 22 | 23 | 24 | 25 | 26 | 27 |
| | 4 | 28 | 29 | 30 | | | | |
| 12 | 4 | | | | 1 | 2 | 3 | 4 |
| | 1 | 5 | 6 | 7 | 8 | 9 | 10 | 11 |
| | 2 | 12 | 13 | 14 | 15 | 16 | 17 | 18 |
| | 3 | 19 | 20 | 21 | 22 | 23 | 24 | 25 |
| | 4 | 26 | 27 | 28 | 29 | 30 | 31 | |

※ 春分の日、秋分の日は未定

# ဆက်သွယ်ရန်နေရာများ စာရင်း

**နေအိမ်နှင့်နီးရာ Hello Work ကို အောက်ပါ ဝက်ဘ်ဆိုက်တွင် ရှာဖွေနိုင်ပါသည်။**

▶▶ **https://www.mhlw.go.jp/content/000637894.pdf**

**စကားပြန်ရှိသည့် Hello Work ကို ရှာဖွေရန်**

▶▶ **https://www.mhlw.go.jp/content/000592865.pdf**

**အလုပ်ဆိုင်ရာသတ်မှတ်ချက်နှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးလိုသည့်အခါ**

▶▶ **https://www.check-roudou.mhlw.go.jp/soudan/foreigner_eng.html**